# ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် တပေါင်းလဆန်း ၄ ရက်၊ စနေနေ့။ Saturday 9 March 2019 ၉၅၈၅


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်းဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## ကြေးမုံ သတင်းအညွှန်း

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မုံရွာမြို့ဒေသခံပြည်သူများနှင့် တွေ့ဆုံ**

စာမျက်နှာ » ၃



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူ**

စာမျက်နှာ » ၈



**စီးပွားရေးလုပ်ငန်းများတွင် အမျိုးသမီးများပါဝင်မှု အာရှနိုင်ငံများအတွင်း ဗီယက်နမ်နိုင်ငံ ဒုတိယအဆင့်တွင်ရှိနေ**

စာမျက်နှာ » ၁၂

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထိုင်းနိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၈

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွန်းဝီနိုင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၃ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွန်းဝီနိုင်းအား လက်ခံတွေ့ဆုံစဉ်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ထိုင်းနှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်သမားရေးရာကိစ္စရပ်များ၊ ထိုင်းနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌ တာဝန်ထမ်းဆောင်စဉ်အတွင်း ချမှတ်လုပ်ဆောင်သွားမည့်လုပ်ငန်းစဉ်များနှင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံနိုင်ရေးအတွက် မြန်မာအစိုးရမှ ဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များနှင့် အာဆီယံမှ ကူညီပံ့ပိုးပေးနိုင်မည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် H.E.Mrs. Suphatra Srimaitreephithak နှင့် ထိုင်းနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ဝင်များတက်ရောက်ခဲ့ကြသည်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီးအား မွန်းလွဲ ၁၂ နာရီခွဲတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ရွှေစံအိမ်ဟိုတယ်တွင် အလုပ်သဘောနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ နေ့လယ်စာစားပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေလည်း တက်ရောက်ခဲ့သည်။

**သတင်းစဉ်**




# ကြေးမုံ

## တိုးတက်လာသော လူဦးရေနှင့် အနာဂတ်အစီအမံ

ကမ္ဘာ့လူဦးရေသည် တစ်နေ့တခြားတိုးပွားလျက်ရှိရာ ယခုလက်ရှိတွင် လူဦးရေသန်းပေါင်း ၇၀၀၀ ကျော်ရှိရာမှ နောင်လာမည့် ၂၀၅၀ ပြည့်နှစ်တွင် လူဦးရေသန်းပေါင်း ၉၀၀၀ ကျော်ရှိလာမည်ဟု ခန့်မှန်းထားသည်။ လူဦးရေတိုးပွားလာမှုနှင့်အတူ ပြည်သူများ၏ လူနေမှုဘဝရှင်သန်ရပ်တည်ရေး အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ယခုကတည်းက ကြိုတင်ပြင်ဆင်ထားရတော့မည်ဖြစ်သည်။

တိုးတက်များပြားလာသော ပြည်သူများ အသက်ရှင်သန်ရပ်တည်ရေးတွင် အခြေခံလိုအပ်ချက်ဖြစ်သည့် ဘေးကင်းပြီး သန့်ရှင်းသော သောက်သုံးရေရရှိရေးသည် အရေးကြီးသောအချက်ဖြစ်သည်။ လူဦးရေထူထပ်လာသော မြို့ပြများအတွက် အရေးကြီးသောလိုအပ်ချက်မှာမိလ္လာ၊ အညစ်အကြေးစွန့်ထုတ်မှုစနစ်နှင့် ၎င်းအတွက် ရေလိုအပ်မှုဖြစ်သည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံ၌ လူဦးရေအထူထပ်ဆုံးဖြစ်သော ရန်ကုန်မြို့ပြကြီးတွင် ထိုအကြောင်းကိစ္စများသည် ကြီးမားသောပြဿနာများ ဖြစ်လာနိုင်ဖွယ်ရှိသည်။

ယနေ့ကမ္ဘာတွင် လူဦးရေ တစ်ဘီလီယံခန့်သည် လုံခြုံဘေးကင်းသည့် သောက်သုံးရေမရနိုင်သောကြောင့် ၎င်းတို့၏ ကျန်းမာရေး၊ ပညာရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် သက်ရောက်မှုရှိနေသည်။ ယင်းသည် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှင့် ရာသီဥတုပြောင်းလဲမှုတို့ကြောင့် ရေနှင့်ဆက်နွှယ်သော အခက်အခဲပြဿနာများ ကမ္ဘာအနှံ့အပြားတွင် ကြုံတွေ့နေရသည်။

သဘာဝဘေးကြောင့် ဘေးကင်းလုံခြုံသော သောက်သုံးရေ၊ စိုက်ပျိုးရေတို့သည် စိုက်ပျိုးမွေးမြူရေးကဏ္ဍများတွင်သာမက ကဏ္ဍပေါင်းစုံတွင် ထိခိုက်မှုရှိပြီး ပြည်သူများကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းပြုရေးနှင့် နိုင်ငံများရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအပေါ် ကြီးမားသည့်သက်ရောက်မှုများ ဖြစ်ပေါ်နေဆဲဖြစ်သည်။ ထိုအခက်အခဲများသည် လူဦးရေတိုးလာသည်နှင့်အမျှ အခက်အခဲများတိုးလာမည်။

ကမ္ဘာ့ပြည်သူများ နီးနီးကပ်ကပ်ကြုံတွေ့ရမည့် ပြဿနာတစ်ရပ်မှာ မိလ္လာနှင့်ရေဆိုးစနစ်ဖြစ်သည်။ ယနေ့ကမ္ဘာ့လူဦးရေ၏ ၂ ဒသမ ၃ ဘီလီယံခန့်သည် ကောင်းမွန်သည့် မိလ္လာစနစ်နှင့်အလှမ်းဝေးနေဆဲဖြစ်သည့်အတွက် ကမ္ဘာ့ပြည်သူများ အသက်ရှည်ကျန်းမာရေးတွင် သက်ရောက်မှုများ ခံစားနေရဆဲ ဖြစ်သည်။ မိလ္လာစနစ်နှင့်ရေဆိုးစွန့်ထုတ်မှုစနစ်သည် ကြီးမားသောစိန်ခေါ်မှုဖြစ်ပြီး နောင်တိုးပွားလာမည့် လူဦးရေအတွက် ဖြေရှင်းရခက်သည့် ပြဿနာတစ်ရပ်ဖြစ်လာနိုင်သည်။

လူဦးရေတိုးပွားမှု၊ လူနေထူထပ်လာမှု၊ စက်မှုဇုန်နှင့်စီးပွားရေးဇုန်များ တိုးတက်များပြားလာမှုစသည့် လူမှုဘဝတိုးတက်မှုများသည် အကောင်းဘက်သို့ဆောင်သော်လည်း မိုးရွာသွန်းမှု မမှန်ကန်မှု၊ ရေလိုအပ်ချက် ပိုမိုများပြားလာမှုတို့ကြောင့် သန့်ရှင်းသောရေရရှိရေးအတွက် အခက်အခဲများဖြစ်ပေါ်နေသည်။ အညစ်အကြေးများကို စနစ်တကျ သန့်စင်ခြင်းမရှိဘဲ မြစ်ချောင်းများအတွင်းသို့ စွန့်ထုတ်လိုက်သည့် ရေဆိုးနှင့် ဓာတုပစ္စည်းများကြောင့် ရေထုညစ်ညမ်းမှုပြဿနာများ ဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါအခက်အခဲများ၊ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန်နှင့် ရေကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲရေးကို ရေတို၊ ရေလတ်နှင့်ရေရှည်အစီအမံများ ချမှတ်ဆောင်ရွက်ကြရမည်ဖြစ်သည်။ အားလုံးပါဝင်ဆောင်ရွက်ကြသော လုပ်သာကိုင်သာရှိသည့် ပတ်ဝန်းကျင်ကောင်းများကို ဖန်တီးပေးကြရမည်ဖြစ်သည်။ ထို့ကြောင့် အမျိုးသားရေအရင်းအမြစ်ကော်မတီကို ၂၀၁၃ ခုနှစ်က စတင်ဖွဲ့စည်းပြီး ယနေ့ထက်တိုင် နည်းလမ်းရှာဖွေ အဖြေရှာကြံဆဆောင်ရွက်နေကြသည်။

သို့ဖြစ်ရာ တိုးတက်များပြားလာသော လူဦးရေနှင့် အနာဂတ်တွင် ထပ်မံတိုးပွားလာမည့် လူနေမှုဘဝများတွင်အရေးပါသည့် သန့်ရှင်းသော သောက်သုံးရေနှင့် မိလ္လာ၊ ရေဆိုးစွန့်ထုတ်စနစ်များ ပိုမိုကောင်းမွန်လာအောင် အားလုံးပူးပေါင်းပါဝင်၍ အတူတကွဆောင်ရွက်သွားမှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ၂၀၁၉ ခုနှစ်၊ (၇၄) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးတို့ကို အဓိကထားဆောင်ရွက်ရေး။

(ခ) သမိုင်းကြောင်းအရ နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် စဉ်ဆက်မပြတ် ခံယူလုပ်ဆောင်ရေး။

(ဂ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသောပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် မဖြစ်မနေလိုအပ်သော ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဒို့တာဝန်အရေးသုံးပါးကို အခြေခံသော ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ဖြင့် တပ်မတော်မှ ခိုင်ခိုင်မာမာဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော် တည်ဆောက်ရေး။

## ကမ္ဘာ့နိုင်ငံအားလုံးမှ လူ့အခွင့်အရေးအခြေအနေ ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ်ဆိုင်ရာ အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပ



**နေပြည်တော် မတ် ၈**

ကမ္ဘာ့နိုင်ငံအားလုံးမှ လူ့အခွင့်အရေးအခြေအနေ ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (Universal Periodic Review-UPR) ဆိုင်ရာ အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ရေးနှင့် အစီရင်ခံစာရေးသားပြုစုတင်ပြနိုင်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အကြံပြုဆွေးနွေး**

အစည်းအဝေးပွဲ၌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက Universal Periodic Review (UPR)သည် ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ်ဖြစ်ပြီး ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အမှတ်(၆၅/၂၅၁)အရ ဆောင်ရွက်ရသော လုပ်ငန်းစဉ်ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ဒုတိယအကျော့(Second Cycle) သုံးသပ်မှုခံယူခဲ့စဉ်က အဖွဲ့ဝင်နိုင်ငံပေါင်း ၉၃နိုင်ငံမှ အကြံပြုတိုက်တွန်းချက်ပေါင်း ၂၈၁ ချက်အနက် အကြံပြုချက် ၁၆၆ ချက်ကို လက်ခံခဲ့ကြောင်း၊ Universal Periodic Review (UPR) အကြံပြုချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရေး အမျိုးသားအဆင့် ကော်မတီကိုဖွဲ့စည်း၍ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကဏ္ဍ(၁၂)ရပ် သတ်မှတ်ထားကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် တင်ပြမည့် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အစီရင်ခံစာ ရေးသားပြုစုရာတွင် ယခုလုပ်ငန်းကော်မတီသည် ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေး ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အကြံပြုချက် ၁၉ ချက်အပေါ် လေ့လာတင်ပြရမည်ဖြစ်ကြောင်း၊ အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ တိုးတက်ဖြစ်ပေါ်မှုများကို ပြည့်ပြည့်စုံစုံ ဖော်ပြနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း အကြံပြုဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် ဌာနအဖွဲ့အစည်းအသီးသီးက အစီရင်ခံစာပြုစုရာတွင် ပါဝင်သင့်သည့် အကြောင်းအရာများ၊ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကိုဆွေးနွေးတင်ပြကြသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မတ် ၈**

ရန်ကုန်(ရွှေဈေး) ၁၀၅၃၅၀၀ - ၁၀၅၃၅၀၀ မန္တလေး(ရွှေဈေး) ၁၀၅၃၅၀၀ - ၁၀၅၃၅၀၀

**စက်သုံးဆီဈေးနှုန်း**

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၈၀/၉၄၀ ကျပ် | ၉၅၀/၉၅၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၈၅/၈၄၅ ကျပ် | ၈၉၅/၉၀၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၉၀/၇၅၀ ကျပ် | ၇၉၅/၈၂၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၉၀/၉၅၀ ကျပ် | ၉၆၅/၉၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၀၀/၉၁၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၁၀/၉၂၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၅၀/၇၆၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၁၉.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၀၂.၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၅.၉၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၇.၇၆၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၇၁.၃၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၇၃၅ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၆၈.၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၃.၆၃ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၅.၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၆.၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957 — ၁၉၅၇ ခုနှစ် ၁၈ ရက် တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၄၂၇

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မုံရွာမြို့ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**နေပြည်တော် မတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ရောက်ရှိနေသည့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးမင်းသူ၊ ဒေါက်တာမြင့်ထွေး၊ ဦးအုန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ ဗောဓိတစ်ထောင်ရပ်တော်မူ ရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ မုံရွာမြို့ ဗောဓိတစ်ထောင် ရပ်တော်မူရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုစဉ်။

ဓာတ်ပုံ-သက်အောင်

### အလှူငွေများ ပေးအပ်လှူဒါန်း

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရပ်တော်မူ ရုပ်ပွားတော်မြတ်ကြီးနှင့် ရုပ်ပွားတော်မြတ်ကြီး လိုဏ်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတို့ကို ကပ်လှူပူဇော်ပြီး ဖြည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကာ ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မုံရွာမြို့တော်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်သည်။

### မည်သည့်စိန်ခေါ်မှုကိုမဆို ကျော်လွှားနိုင်မည်

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိ မုံရွာကို ပထမဆုံးရောက်သည့်အချိန်က ၁၉၈၈ ခုနှစ်ကဖြစ်ပြီး ယခုဆိုလျှင် ၃၁ နှစ်ရှိသွားပြီဖြစ်ပါကြောင်း၊ ထိုအချိန်က မုံရွာမြို့သူမြို့သားများ ဖယောင်းတိုင်များကိုင်ပြီး ကြိုဆိုခဲ့သည်ကို မမေ့ပါကြောင်း၊ ထိုအချိန်က မီးပျက်နေသော်လည်း တစ်ယောက်ချင်းတစ်ယောက်ချင်းမှ ဖယောင်းတိုင်များကိုင်ပြီး ထွက်လာကြသည်မှာ လျှပ်စစ်မီးများလင်းသည်ထက်ပင်ပိုမိုလှပသွားပါကြောင်း၊ မိမိတို့အားလုံးကြိုးစားမည်ဆိုလျှင် မည်သည့်စိန်ခေါ်မှုကိုမဆို ကျော်လွှားနိုင်မည်ဆိုသည်ကိုပြသလိုက်ခြင်း ဖြစ်ပါကြောင်း။

### အခွင့်အရေးကောင်းတစ်ခုဟုမြင်

မိမိတို့ပြည်သူပြည်သားများအနေဖြင့် မုံရွာ၌ဖြစ်စေ၊ မည်သည့်နေရာတွင်ဖြစ်စေ စိတ်ချမ်းသာရသည့်ကိစ္စမှာ ပြည်သူပြည်သားများအားလုံး ခင်ခင်မင်မင်အေးအေးချမ်းချမ်းနေခြင်းဖြစ်ပါကြောင်း၊ လူမျိုး၊ ဘာသာ၊ စကား မတူကြသော်လည်း အားလုံး သင့်သင့်မြတ်မြတ် အေးအေးချမ်းချမ်းနှင့် နေထိုင်နေသည်ကို တွေ့မြင်ရသည့်အတွက် အင်မတန်မှ စိတ်ချမ်းသာပြီး ဂုဏ်ယူပါကြောင်း။

မိမိတို့နိုင်ငံတွင် ပြည်ထောင်စုနိုင်ငံအဖြစ်မတူကွဲပြားမှုများကိုညှိနှိုင်းပြီး ညီညီညွတ်ညွတ်ဖြင့် အေးအေးချမ်းချမ်းဖြစ်အောင်နေနိုင်သည့် စွမ်းအင်ရှိသည်မှာ မိမိတို့အားလုံးအတွက် ဂုဏ်ယူရမည့် ကိစ္စဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဆက်လက်ပြီး နေနိုင်မည်ဟုမျှော်လင့်ပါကြောင်း၊ တစ်နေ့ထက်တစ်နေ့ ပိုပြီးညီညွတ်အောင်၊ အေးချမ်းအောင်နေမည်ဟုလည်း မျှော်လင့်ကြောင်း။

လူ့ဘဝတွင် စိန်ခေါ်မှုများအမျိုးမျိုး ရင်ဆိုင်ရပါကြောင်း၊ စိတ်ခေါ်မှုများကို ပြဿနာအနေဖြင့်မြင်မည်၊ အခွင့်အရေးအနေဖြင့်မြင်မည် ဆိုသည်မှာ မိမိတို့အပေါ်တွင်မူတည်ပါကြောင်း၊ မည်သည့်အမှောင်ထုပင်ရှိရှိ ညီညွတ်မှုဖြင့် ကျော်လွှားလိုက်ပါက ပြဿနာမှ အခွင့်အရေးတစ်ခု၊ အခွင့်ကောင်းတစ်ခုဖြစ်သွားသည်ဟု မှတ်ယူရမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံသည် ယခုအချိန်တွင် စိန်ခေါ်မှုအမျိုးမျိုးနှင့် ရင်ဆိုင်နေရပါကြောင်း၊ တိုးတက်မှုများရှိသည်ကိုလည်း အသိအမှတ်ပြုပါကြောင်း၊ ယင်းတိုးတက်မှုအတွက်လည်း ဂုဏ်ယူပါကြောင်း၊ ဆက်လက်ပြီးတိုးတက်ရန် များစွာလိုပါသေးကြောင်း၊ မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ဒေသအတွင်းမှာပင် နောက်ကျကျန်ရစ်ခဲ့သည်ကို အများသိပါကြောင်း။

သို့သော်ရှေ့ကသွားနေသည့်နိုင်ငံများထံမှ သင်ခန်းစာယူနိုင်ပါကြောင်း၊ ဘာကို ရှောင်ရမည်၊ ဘာကိုဆောင်ရမည်၊ မည်သည့်ကိစ္စများကို အတုခိုးရမည်၊ မည်သည့်ကိစ္စများကို သင်ခန်းစာယူ၍ ကြိုးစားသင့်သည်ဆိုသည်ကိုလေ့လာပြီး အခွင့်အရေးကောင်းတစ်ခုဟုမြင်ရန်မှာ မိမိတို့၏ အားသာချက်ဖြစ်ပါကြောင်း၊ မိမိတို့အားလုံး အတူလက်တွဲပြီး လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း။

### ကောင်းသည့်အလားအလာဖြစ်

ပြည်သူများ၏ လိုအပ်ချက်များနှင့်ပတ်သက်၍ အတူတူဟုပြောရခြင်းမှာ ပြည်ထောင်စုသား အားလုံးသည် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား အေးအတူပူအမျှ နေသွားရမည့်လူများဖြစ်သည်ကို သက်သေပြရမည်ဖြစ်ပါကြောင်း၊ ဒေသအလိုက် လိုအပ်ချက်များမှာ သောက်သုံးရေ၊ လျှပ်စစ်ဓာတ်အား၊ ပညာရေး၊ လယ်ယာမြေကိစ္စများဖြစ်ပြီး မည်သည့်နေရာကိုသွားသွား ယင်းလိုအပ်ချက်များ ရှိနေသည်ကိုတွေ့ရပါကြောင်း။

ယင်းကို အစိုးရအလုပ်ပဲဟု သဘောမထားဘဲ မိမိတို့အားလုံး၏ တာဝန်၊ မိမိတို့အားလုံး အတူတကွဖြေရှင်းရမည့်ပြဿနာများဟု မြင်စေလိုကြောင်း၊ ယင်းစိတ်ဓာတ်သည် နောင်မျိုးဆက်သစ်အတွက် ကောင်းသည့် အလားအလာဖြစ်ပါကြောင်း၊ လူတိုင်းလူတိုင်းသည် လောကကြီးတွင် တစ်ခဏသာနေသွားရပါကြောင်း၊ တစ်ခဏနေသွားသည့်အချိန်တွင် တာဝန်များကို ပြည့်ပြည့်ဝဝ ထမ်းဆောင်သွားမည်ဆိုလျှင် နောင်လာနောက်သားများအတွက် ထားခဲ့ရန် အင်မတန်မှကောင်းသည့်အခွင့်အရေးများ ဖြစ်ပါကြောင်း၊ ကောင်းသည့်အမွေများ ထားခဲ့ရန်ဆိုသည်မှာ အဓိကအရေးကြီးဆုံးကိစ္စဖြစ်ပြီး ကိုယ်ရှိနေသည့်အချိန်တွင် ကိုယ်ဘယ်လောက်ရမလဲ ဆိုတာမစဉ်းစားဘဲ ကိုယ်ဘယ်လောက်ပေးသွားနိုင်မလဲဆိုသည်ကို ကြည့်စေလိုပါကြောင်း။

### တိုးပွားအောင် လုပ်ဆောင်ကြစေလို

မိမိတို့သည် လောကတွင် တစ်ခဏဧည့်များဖြစ်ပါကြောင်း၊ မိမိတို့ လောကမှပြန်ထွက်ခွာသွားချိန်တွင် ကောင်းမွန်သည့် အခြေအနေများကိုထားခဲ့ရန်မှာ အားလုံးတာဝန်ဖြစ်ပါကြောင်း၊ အထူးသဖြင့် မုံရွာမှပြည်သူပြည်သားများကို ပြောရသည်မှာယုံကြည်၍ဖြစ်ပါကြောင်း၊ မုံရွာမှ ပြည်သူပြည်သားများမှာ ဆင်ခြင်တုံတရားရှိပြီး အခက်အခဲကိုကျော်လွှားနိုင်သည့် အရည်အချင်းများရှိပါကြောင်း၊ အရည်အချင်းများကို တစ်နေ့ထက်တစ်နေ့ တိုးပွားအောင် လုပ်ဆောင်ကြစေလိုကြောင်း၊ အချို့က ဘာကိုပဲမြင်မြင် အနုတ်သဘောဖြင့် မြင်ကြပါကြောင်း။

စာမျက်နှာ ၄ သို့ ✪



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့အား မုံရွာမြို့ ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။

ဓာတ်ပုံ-သက်အောင်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မုံရွာမြို့တော်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။



❂ စာမျက်နှာ ၃ မှ
အဆိုးမြင်ဝါဒဖြင့် မြင်ကြပါကြောင်း၊ ချင့်ချင့်ချိန်ချိန်ဖြင့် အခြေအနေများကို သုံးသပ်ပြီး အားလုံး၏ တိုးတက်မှုအတွက် အတူတူလက်တွဲပြီးလုပ်ရန်အင်မတန်မှ အရေးကြီးပါကြောင်း၊ ခြေလှမ်း တစ်လှမ်းမှားသွားပြီဆိုလျှင် အကျိုးဆက်များကို လိုက်လံပြင်ဆင်ရသည်မှာ အချိန်ကုန်ပါကြောင်း၊ မုံရွာမှပြည်သူပြည်သားများ၏ ညီညွတ်သည့် စိတ်ဓာတ်ရှိသည်ကို ချီးမွမ်းပါကြောင်း၊ မုံရွာမြို့သူမြို့သားများ ဆက်လက်ပြီး ညီညီညွတ်ညွတ်ဖြင့် ပြဿနာများကို အတူကျော်လွှားနိုင်သည့် အရည်အချင်းများ တစ်နေ့ထက်တစ်နေ့တိုးပွားပါစေကြောင်း ပြောကြားသည်။

ယင်းနောက် တွေ့ဆုံပွဲ၌ ကြိုတင် တင်ပြထားသည့် တင်ပြချက်များနှင့် တက်ရောက်လာကြသည့် ဒေသခံပြည်သူများ၏ တင်ပြချက်များဖြစ်သည့် မုံရွာမြို့ ခုတင်(၅၀၀)ဆံ့ဆေးရုံ အမြန်ပြီးစီးရေးနှင့် ဆေးရုံအတွက် ဝန်ထမ်း ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ မန္တလေး-မုံရွာ-စစ်ကိုင်းကားလမ်းအား လေးလမ်းသွား AC ကတ္တရာခင်းပေးရေး၊ မုံရွာ-ချောင်းဦး-အမြင့်ကျေးရွာတို့အား ဆက်သွယ်သည့် လမ်းပိုင်း၌ ဆောင်ရွက်ရန်ကျန်ရှိနေသည့် အပိုင်းအား ဆောင်ရွက်ပေးရေး၊ မုံရွာ-အရာတော်လမ်းမှ တောင်မတော-မြေနဲ- ဗောဓိတစ်ထောင်လမ်းပိုင်းအား အဆင့်မြှင့်တင်ပေးရေး၊ ချောင်းဦးအခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အား အဆင့်တိုးမြှင့်ပေးရေး၊ ချောင်းဦးမြို့နယ် (၂၅) ခုတင်ဆံ့ဆေးရုံအား ခုတင်(၅၀)ဆံ့ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရေး၊ ချောင်းဦးမြို့နယ်အတွက် မီးသတ်ကားနှစ်စီး ချထားပေးရေး၊ ချောင်းဦးမြို့နယ် ရေပေးဝေရေးစီမံကိန်းအတွက် ပြည်ထောင်စု ဘတ်ဂျက်ချထားပေးရေး၊ ဘုတလင်မြို့ရေပေးဝေမှုလုံလောက်စေရန် ရှစ်လက်မ အဝီစိတွင်းနှင့် ရေစင်တည်ဆောက်ပေးရေး၊ ဘုတလင်မြို့ နှစ်ထပ်ဈေးတည်ဆောက်ပေးရေး၊ ဘုတလင်မြို့ ရေကန်အားပြုပြင်ပေးရေး၊ ဘုတလင်မြို့ တောင်သူများပုံစံ(၇)ဖြင့် ဘဏ်မှချေးငွေရရှိရေး၊ ဘုတလင်မြို့နယ်အတွင်းရှိ ကျေးရွာများမှ လမ်း၄၀ကျော်အား ကျောက်ချောလမ်းခင်းပေးရေး၊ ဘုတလင်မြို့မှ လယ်မြေများ စိုက်ပျိုးရေအလုံအလောက်ရရှိရေး၊ အရာတော်မြို့နယ် သလဲဘာကျေးရွာနှင့်ဆည်တလည် ကျေးရွာအား ဆက်သွယ်သည့် မြေသားလမ်းအား အဆင့်မြှင့်တင်ပေးရေး၊ အရာတော်မြို့ ရေပေးဝေရေးအတွက် နေရာသစ်တစ်ခုဆောင်ရွက်ပေးရေး၊ အရာတော်မြို့နယ် အတွင်းရှိ ကိုယ်ထူကိုယ်ထလမ်းများ ကွန်ကရစ်လမ်းခင်းရန် ဘိလပ်မြေထောက်ပံ့ပေးရေး၊ အရာတော်မြို့နယ် (၂၅)ခုတင်ဆံ့ဆေးရုံအား ခုတင် (၅၀)ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရေး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးအား စစ်ဆေးပေးရေး၊ မင်းကင်း-ရုံးကာ-ချောင်းဖျားလမ်းကို ကောင်းမွန်အောင် ဆောင်ရွက်ပေးရေးနှင့် မူးယစ်ဆေးဝါးနှိမ်နင်းပေးရေး၊ ကျောင်းသားနှစ်ဦး ပျောက်ဆုံးမှုအား စုံစမ်းရှာဖွေပေးရေး၊ လက်ပံတောင်းတောင်ကိစ္စ ညှိနှိုင်းဖြေရှင်းပေးရေး၊ မြေမတရား ပိုင်ဆိုင်မှုအား ဖြေရှင်းပေးရေး၊ မုံရွာခရိုင်တရားရုံးအချုပ် သန့်ရှင်းအောင်ဆောင်ရွက်ပေးရေး၊ ထီဈေးနှုန်း ၁၀၀၀ အစား ၅၀၀ ပြန်လည်သတ်မှတ်ပေးရေး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၏ လစာတိုးမြှင့်ပေးရေး၊ မုံရွာဆေးရုံတည်ဆောက်ပြီးစီးပါက ဆေးရုံအထောက်အကူပြုအဖွဲ့ ဖွဲ့စည်းပေးရေးတို့နှင့် စပ်လျဉ်း၍ ဖြေရှင်းဆောင်ရွက်ပေးပါရန် တင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာမြင့်ထွေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေအဖြစ်ပေးသွင်းခဲ့သည့် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေအား မုံရွာမြို့ခုတင်(၅၀၀)ဆံ့ဆေးရုံကြီးတည်ဆောက်ရေးတွင် သုံးစွဲခွင့်ရရှိရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆေးရုံကို ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများအား တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဘက်စုံခြုံငုံသုံးသပ်တင်ပြရန် ညွှန်ကြားထားပြီး ယင်းသုံးသပ်မှုမှ ထွက်ရှိလာသည့်ရလဒ်များအပေါ် မူတည်ပြီး အဆင့်အလိုက် ဦးစားပေးသတ်မှတ်ကာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်းထမ်းရရှိရေးကိုလည်းဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

## လမ်းပိုင်းများ အဆင့်မြှင့်တင်ဆောင်ရွက်

မန္တလေး- စစ်ကိုင်း-မုံရွာကားလမ်းအား လေးလမ်းသွား AC ကတ္တရာခင်းရန်အတွက် ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်တွင် လျာထားတင်ပြတောင်းခံထားပါကြောင်း၊ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ လမ်းပိုင်းများ အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ရန်အတွက် နှစ်အလိုက်ဘဏ္ဍာငွေတင်ပြတောင်းခံပြီး ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ချောင်းဦး အလက ကျောင်းအဆင့်မြှင့်တင်ရန်အတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနသို့ တင်ပြထားပြီးဖြစ်ပါကြောင်း၊ ဆေးရုံများ အဆင့်မြှင့်တင်ရန်အတွက် စံသတ်မှတ်ချက်များကိုက်ညီမှသာ တိုးမြှင့်၍ရပါကြောင်း၊ ချောင်းဦး မီးသတ်စခန်းတွင် လက်ရှိမီးသတ်ယာဉ် ငါးစီးနှင့်ရေသယ် ယာဉ်နှစ်စီး ရှိပါကြောင်း၊ မုံရွာမြို့ မီးသတ်စခန်းနှင့်နီးပါကြောင်း၊ သို့ဖြစ်ပါ၍ နောင်တွင် အဆင်ပြေပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ချောင်းဦးမြို့နယ် မြို့ရေပေးဝေရေးလုပ်ငန်းသည် ကုန်ကျငွေများပြားသည့်အတွက် အဆိုပါ စီမံကိန်းအတွက် အကျိုးတူဆောင်ရွက်မည့် Developer အား ဖိတ်ခေါ်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

## စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်

ဘုတလင်မြို့ ရေပေးဝေရေးအတွက် အဝီစိတွင်းတူးရန် ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်မှစတင်၍ ရန်ပုံငွေတင်ပြတောင်းခံပြီး နှစ်အလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဘုတလင်နှစ်ထပ်ဈေး တည်ဆောက်နိုင်ရန်အခြားဈေးများနည်းတူ ဈေးသူဈေးသားများ၏ ထည့်ဝင်ငွေဖြင့် တည်ဆောက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဘုတလင်မြို့ရေကန်အား နွေတွင် ရေခန်းခြောက်မှုမရှိစေရေး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ဘုတလင်မြို့နယ်အတွင်းရှိ ကျေးရွာလမ်း၄၀ကျော်ကို ကျောက်ချောလမ်းခင်းနိုင်ရန် နှစ်အလိုက် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်ကာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဘုတလင်မြို့မှ တောင်သူများပုံစံ(၇) ဖြင့် ချေးငွေရရှိရန် ပြည်ထောင်စုဝန်ကြီးဌာနသို့ တင်ပြပေး သွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေလုံလောက်ရန် လက်ယာ မြောင်းပြင်ဆင်ရမည်ဖြစ်သည့်အတွက် ရန်ပုံငွေတင်ပြ တောင်းခံ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှစတင်၍ JICA အကူအညီဖြင့် စိုက်ပျိုး စွမ်းအားတိုးတက်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

အရာတော်မြို့နယ် သလဲဘာကျေးရွာနှင့် ဆည်တလည်ကျေးရွာကို ဆက်သွယ်သည့် မြေသားလမ်းအား အဆင့်မြှင့်တင်ပေးရန်အတွက် ဘဏ္ဍာရေးနှစ်အလိုက် တင်ပြတောင်းခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အရာတော်မြို့ ရေပေးဝေရေး အခက်အခဲမရှိစေရန် နေရာသစ်တစ်ခု ထပ်မံရှာဖွေပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှစတင်၍ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကိုယ်ထူကိုယ်ထ လမ်းများအတွက် ဘိလပ်မြေလိုအပ်ချက်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးစားပေးအစီအစဉ်အတိုင်း လျာထားထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ အရာတော် ဆေးရုံအား ခုတင် (၅၀) တိုးချဲ့ရန်မှာ သတ်မှတ်စံနှုန်းများအတိုင်း စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

## ထိထိရောက်ရောက်ဆောင်ရွက်လျက်ရှိ

ရပ်ကွက်အုပ်ချုပ်ရေးမှူးက မတရားဆောင်ရွက်မှုအပေါ် တိုင်ကြားစာဖြင့် တင်ပြစေလိုကြောင်း၊ တိုင်ကြားစာရရှိပါက စိစစ်ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း၊ မင်းကင်းမြို့နယ်အတွင်းရှိ လမ်းများအဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် တင်ပြချက်အပေါ် နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေပါကြောင်း၊ ကွင်းဆင်းကြည့်ရှုပေးသွားမည်ဖြစ်ပါကြောင်း၊ အမှန်တကယ် ဆောင်ရွက်ရမည်ဆိုပါက ဘတ်ဂျက်တင်ပြ တောင်းခံ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မူယစ်ဆေးဝါးကိစ္စကိုလည်း တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ တိုက်ရိုက်တိုင်ကြားစေလိုကြောင်း၊ သတင်းပေးပါက ထိထိရောက်ရောက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သတင်းပေးသူ၏ လုံခြုံရေးကိုလည်း တာဝန်ယူပါကြောင်း၊ ကလေးများပျောက်ဆုံးမှု အတွက်လည်း

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖

❖ စာမျက်နှာ ၄ မှ

စုံစမ်းမှုများ ဆောင်ရွက်နေပါကြောင်း၊ ကောလင်းမြို့မှ မြေအလွဲသုံးစားပြုလုပ်မှုကိုလည်း စစ်ဆေးပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းပြောကြားကြသည်။

**အဆင်ပြေအောင် လုပ်ဆောင်ပေးသွားမည်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကျောင်းနှင့် ဆေးရုံများ အဆင့်တိုးမြှင့်ရေးမှာ သတ်မှတ်ချက်များရှိပါကြောင်း၊ သွားလာရေးခက်ခဲသည့် ဒေသများအား ဖြေလျှော့စဉ်းစားပေးပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအနေဖြင့် ကျောင်းနှင့် ဆေးရုံများ အဆင့်တိုးမြှင့်ရေး သတ်မှတ်ချက်များကို ပြည်သူများသိရှိရန် ရှင်းပြပေးရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ တိုင်းဒေသကြီးအစိုးရအနေဖြင့် ပြည်သူနှင့်ထိတွေ့ရန် မှာကြားထားပါကြောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးကိစ္စများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရက ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးပြဿနာမှာ အစိုးရတစ်ရပ်တည်းဖြင့် ဆောင်ရွက်ရန်ခက်ခဲပါကြောင်း၊ မူးယစ်ဆေးဝါးကာကွယ်တားဆီးရေး လုပ်ငန်းများကိုလည်း အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများပူးပေါင်းပါဝင်မှသာ အောင်မြင်မည်ဖြစ်ပါကြောင်း၊ လက်ပံတောင်းတောင်အစီရင်ခံစာကို မိမိကိုယ်တိုင်အစီရင်ခံစာ ရေးသားပြီး မျှမျှတတဖြစ်အောင် တင်ပြခဲ့ပါကြောင်း၊ ညှိနှိုင်းအဖြေရှာကြစေလိုကြောင်း၊ တရားရုံးအချုပ်ခန်းများအခန်းနှင့်လူဦးရေ မမျှတမှန်းသိပါကြောင်း၊ မျှတလုံလောက်အောင်ဆောင်ရွက်နိုင်ရန် ဘဏ္ဍာငွေလိုအပ်ပါကြောင်း၊ အချုပ်ခန်းများနှင့်စပ်လျဉ်း၍ မိမိတို့လိုချင်သည့်အခြေအနေသို့ မရောက်သေးပါကြောင်း၊ အမြန်ဆုံးအဆင်ပြေအောင် လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း တင်ပြချက်များအပေါ် ဖြည့်စွက်ပြောကြားသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မုံရွာလေဆိပ်ခန်းမ၌ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် ဝန်ကြီးများအား တွေ့ဆုံစဉ်။
ဓာတ်ပုံ-သက်အောင်

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူများအနေဖြင့် စည်းကမ်းရှိစေလိုပါကြောင်း၊ တိုင်ကြားလိုသည့်ကိစ္စ၊ ပြောကြားလိုသည့် ကိစ္စရှိပါက တိုင်ကြားနိုင်ပါကြောင်း၊ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းအတိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်သူ့အသံကို မကြားရပါက မည်သို့မျှ တိုးတက်နိုင်မည်မဟုတ်ပါကြောင်း၊ မိမိအနေဖြင့် ပြည်သူနှင့်ဆက်ဆံရာတွင် ဖြောင့်ဖြောင့်မတ်မတ်ဆက်ဆံပါကြောင်း၊ သို့မှသာ ယုံကြည်မှု တည်ဆောက်နိုင်မည်ဖြစ်ကြောင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသားကျောင်းသူလေးများနှင့် မှတ်တမ်းဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မုံရွာလေဆိပ်ခန်းမ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဝန်ကြီးများအားတွေ့ဆုံပြီး လိုအပ်ချက်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် မုံရွာမြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်း၌ နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Nongnooch Garden နှင့် 3 Seasons သစ်သီးစက်ရုံသို့ သွားရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် မတ် ၈**

ထိုင်းနိုင်ငံ၌ ကျင်းပပြုလုပ်သည့် (၁၆)ကြိမ်မြောက် အာဆီယံတပ်မတော် ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး (16th ACDFM)သို့ တက်ရောက်ခဲ့သော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့သည် တာဝန်ရှိသူများနှင့်အတူ မတ် ၇ ရက် ညနေပိုင်းတွင် ပတ္တရားမြို့ရှိ Nongnooch Garden သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးနှင့်အဖွဲ့ဝင်များသည် Nongnooch Garden အတွင်း ပန်းပင်များနှင့် မြေအိုးများအလှဆင်ထားရှိမှု၊ ဥယျာဉ်၊ မော်တော်ယာဉ် ပြခန်း(ယာပုံ)၊ Dinosaur Valley နှင့် ရှားပါးသစ်ပင်များအား စိုက်ပျိုးထားရှိမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ ဥယျာဉ်မှတာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသကြသည်။



အဆိုပါ Nongnooch Garden အား ၁၉၅၀ ပြည့်နှစ်တွင် အသီးများနှင့် သစ်ခွများ စိုက်ပျိုးထားသည့် အပူပိုင်းဥယျာဉ်တစ်ခုအဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အများပြည်သူများ လာရောက်လေ့လာနိုင်ရန်နှင့် ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်နိုင်ရန်အတွက် ဥယျာဉ်အတွင်း ထိုင်းရိုးရာအိမ်များ၊ အစည်းအဝေးခန်းမနှင့် ဧည့်ခံပွဲ ခန်းမများ၊ ရေကူးကန်နှင့် စားသောက်ခန်းမများကို ထည့်သွင်းတည်ဆောက်၍ ၁၉၈၀ ပြည့်နှစ်တွင် ဥယျာဉ်တစ်ခုအဖြစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ယခုအချိန်တွင် အဆိုပါ ဥယျာဉ်အတွင်း ထိုင်းရိုးရာယဉ်ကျေးမှုဆိုင်ရာပြပွဲများနှင့် ဆင်ပြပွဲများပြသခြင်းနှင့် ရုက္ခဗေဒ ဥယျာဉ်အဖြစ် သစ်ပင်အမျိုးအစားမျိုးစုံအား စိုက်ပျိုးထားပြီး အပင်မျိုးစိတ်ပေါင်း နှစ်သောင်းခန့် စုဆောင်းထားကာ ကမ္ဘာ့စတုတ္ထအဆင့်ရှိသော ဥယျာဉ်တစ်ခုဖြစ်သည်။ ဗာဆိုင်းနန်းတော်ဥယျာဉ်ကဲ့သို့သော ပုံစံတူဥယျာဉ်များ၊ အခြားအထင်ကရနေရာများရှိ ဥယျာဉ်ပုံစံတူများကိုလည်း ထည့်သွင်းပြသထားသည်။ ဥယျာဉ်အတွင်း တိရစ္ဆာန်ရုပ်တုများအား သဘာဝကျစွာ ထည့်သွင်းထားပြီး နေ့စဉ် ကမ္ဘာလှည့်ခရီးသည်များနှင့် ထိုင်းပြည်သူများ တစ်သောင်းခန့်လာရောက်လေ့လာကြကြောင်း သိရသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင် ရရောင်ခရိုင်ရှိ 3 Seasons သစ်သီးစက်ရုံနှင့် Siam Agro-Food Industry Public Co.Ltd.(SAICO)သစ်သီး စည်သွပ်ဘူးထုတ်လုပ်သည့် စက်ရုံများသို့သွားရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၈**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးMr. Don Pramudwinai နှင့်အဖွဲ့အား ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ၊ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးသူ Mrs. Suphatra Srimaitreephithak လည်း တက်ရောက်သည်။

**သတင်းစဉ်**



○ **ဒုတိယသမ္မတမှ**

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌများဖြစ်သည့် နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ လုပ်ငန်းကော်မတီခြောက်ခုမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက ယခုအခါ နိုင်ငံတော်၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ၊ စက်မှုလုပ်ငန်းများနှင့် မြို့ပြတိုးချဲ့ခြင်းလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ သယံဇာတယိုယွင်းပျက်စီးမှု စသည့် သဘာဝဂေဟစနစ်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများ မဖြစ်ပွားစေရေးအတွက် ခိုင်မာအားကောင်းသည့် "ပတ်ဝန်းကျင်ဆိုင်ရာ အုပ်ချုပ်မှုစနစ်"ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှသာ "ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု" ကို ရနိုင်မည်ဆိုသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း။

**ရေရှည်မဟာဗျူဟာတစ်ရပ်လိုအပ်နေ**

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ကဏ္ဍအသီးသီး၏ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါ မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒပါ "မြန်မာနိုင်ငံတွင်း မှီတင်းနေထိုင်နေကြသူအားလုံး၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာပျော်ရွှင်ရေးအတွက် သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကောင်းမွန်သော ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရန်"ဟူသည့် ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် ပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များကို ဆက်စပ်ပတ်သက်သူအားလုံးက ဟန်ချက်ညီညီ ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝသယံဇာတ အရင်းအမြစ်များအပေါ် မှီခိုနေရသကဲ့သို့ တစ်ဆက်တည်းမှာပင် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်လွယ်သော ဒေသများဖြစ်သည့် ကမ်းရိုးတန်းဒေသများနှင့် အပူပိုင်းဒေသများတွင် ရေလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများအပေါ် များစွာမှီခိုနေရသည့်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအပြင် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးနှင့် လိုက်လျောညီထွေရှိစေရေးအတွက် ရေရှည်မဟာဗျူဟာတစ်ရပ် လိုအပ်နေသည်ဆိုသည်မှာ အထင်အရှားပင် ဖြစ်ပါကြောင်း။

**အခြေအနေကောင်းများ အဆင်သင့်ရှိနေပြီဖြစ်**

ထို့ကြောင့် "အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ"ကို နိုင်ငံတော်က အတည်ပြုပြီးဖြစ်သည့်အပြင် ရာသီဥတုပြောင်းလဲမှုနှင့်စပ်လျဉ်း၍ "မြန်မာနိုင်ငံတွင် ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များ၏ ချမ်းသာသုခရရှိစေရေးအတွက် ရေရှည်တည်တံ့သော၊ ကြွယ်ဝချမ်းသာမှုရှိသော၊ အားလုံးပါဝင်သော ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိပြီး ကာဗွန်(ထုတ်လွှတ်မှု) လျော့နည်းသော လူမှုအဖွဲ့အစည်းတစ်ရပ် ဖြစ်လာစေရန်" မျှော်မှန်းထားသည့် "မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ ၂၀၃၀ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်များ" ကို ပြည်ထောင်စုအစိုးရအဖွဲ့မှ အတည်ပြုပြီးဖြစ်သည့်အတွက် မကြာမီ ထုတ်ပြန်နိုင်တော့မည် ဖြစ်ပါကြောင်း။

ယခုကဲ့သို့ မူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်များကို ရေးဆွဲထုတ်ပြန်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကူညီဆောင်ရွက်ပေးခဲ့ကြသည့် ကော်မတီဝင်များ၊ ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် နယ်ပယ်အသီးသီးမှ တာဝန်ရှိသူများ၊ နည်းပညာနှင့် ဘဏ္ဍာငွေအထောက်အပံ့ပေးခဲ့ကြသော နိုင်ငံတကာအဖွဲ့အစည်းများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

ယခုအခါ ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့် အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီခြောက်ခု၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ကြီးကြပ်မှုကော်မတီ ၁၅ ခု၊ ခရိုင်အဆင့် ၄၆ ခု၊ မြို့နယ်အဆင့် ၁၅၂ ခုတို့ကို ဖွဲ့စည်းထားပြီးဖြစ်သကဲ့သို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ရေရှည်ဆောင်ရွက်သွားမည့် လမ်းပြမြေပုံအဖြစ် မူဝါဒ၊ မဟာဗျူဟာ၊ ပင်မလုပ်ငန်းအစီအစဉ်များကိုလည်း ရေးဆွဲပြီးဖြစ်သည့်အတွက် ကဏ္ဍအသီးသီး၊ အလွှာအသီးသီးတွင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အခြေအနေကောင်းများ အဆင်သင့်ရှိနေပြီဖြစ်ပါကြောင်း။

**နှစ်စဉ်ဘဏ္ဍာငွေရရှိရေးထည့်သွင်းလျာထား**

ထို့ကြောင့် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် မိမိတို့နှင့်သက်ဆိုင်ရာကဏ္ဍများတွင် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် လိုအပ်သည့်ရန်ပုံငွေရရှိရေးအတွက် နိုင်ငံတကာမှ အထောက်အပံ့များရရှိအောင် ချိတ်ဆက်ဆောင်ရွက်သွားရမည် ဖြစ်သည့်အပြင် သက်ဆိုင်ရာအစိုးရဌာနများအနေဖြင့်လည်း ဘဏ္ဍာနှစ်အလိုက် ဦးစားပေးလုပ်ငန်းများရွေးချယ်ပြီး နှစ်စဉ်ဘဏ္ဍာငွေရရှိရေး ထည့်သွင်းလျာထားရေးဆွဲရန် လိုအပ်မည် ဖြစ်ပါကြောင်း။

ယခင်ကျင်းပပြီးစီးခဲ့သည့် ဗဟိုကော်မတီအစည်းအဝေး(၆)ကြိမ်တွင် အစည်းအဝေး ဆုံးဖြတ်ချက်ပေါင်း ၈၄ ချက် ချမှတ်ခဲ့ရာ ဆောင်ရွက်ပြီး ၄၂ ချက်နှင့် ရေရှည်ဆောင်ရွက်ရမည့် ၄၂ ချက်ရှိသည်ကို တွေ့ရပါကြောင်း၊ အဆိုပါအစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေသည့်လုပ်ငန်းများမှာ စက်မှုဇုန်များတွင် စွန့်ပစ်ပစ္စည်းစီမံမှုလုပ်ငန်းအစီအစဉ်များ၊ ပတ်ဝန်းကျင်နှင့်ညီညွတ်သည့် မြို့ပြဖွံ့ဖြိုးမှုအတွက် ဆုချီးမြှင့်ရေးလုပ်ငန်းအစီအမံများ၊ အရက်ချက်စက်ရုံများတွင် ရေဆိုးသန့်စင်စက်ရုံ တည်ထောင်နေမှုများ၊ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် ပလတ်စတစ်အပါအဝင် အမှိုက်များ စနစ်တကျသိမ်းဆည်းစုစည်းစွန့်ပစ်ခြင်းဆိုင်ရာလုပ်ငန်းများ၊ သယံဇာတများ၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးစေရေးအတွက် သယံဇာတယိုယွင်းထိခိုက်ပျက်စီးမှုများ၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုများကို ဖြစ်ပေါ်စေနိုင်သည့် လုပ်ငန်းများနှင့် တရားမဝင်သယံဇာတ တူးဖော်ထုတ်ယူမှုများကို ထိရောက်စွာ တားဆီးနိုင်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာတို့ကို အသိပညာပေးရေးနှင့် သတင်းပြန်ကြားရေး စသည့် လုပ်ငန်းများပါဝင်သည်ကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အသိပညာများ ပြန့်ပွားရေးအတွက် မူလတန်းအဆင့်မှစ၍ တက္ကသိုလ်အဆင့်အထိ သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းသင်ကြားနိုင်ရေး ပေါင်းစပ်ဆောင်ရွက်နေခြင်း စသည့် လုပ်ငန်းများလည်း ပါဝင်ပါကြောင်း၊ ရှေ့ဆက်အချိန်ယူကာ ရေရှည်ဆောင်ရွက်ရမည့် အစည်းအဝေးဆုံးဖြတ်ချက်များကို အချိန်ကာလတစ်ခု သတ်မှတ်ကာ အမြန်ပြီးစီးရေး ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

**အသိပညာပေးခြင်းလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်**

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရေရှည်တည်တံ့သော ထုတ်လုပ်မှုနှင့် စားသုံးမှုပုံစံများဖြစ်စေရန် ဆောင်ရွက်နေကြပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လူများ၏အပြုအမူနှင့် နေထိုင်မှုပုံစံများကို ပြောင်းလဲနိုင်ရန်အတွက် စည်းရုံးလှုံ့ဆော် အသိပညာပေးခြင်းလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားရန်လိုအပ်သည့်အပြင် ပြဋ္ဌာန်းထားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်တတ်စေရန် တွန်းအားပေးခြင်း၊ သတိပေးခြင်း၊ အရေးယူဆောင်ရွက်ခြင်းတို့ကိုလည်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံအတွင်း ပတ်ဝန်းကျင်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ၊ ကျွမ်းကျင်ပညာရှင်များ၊ နည်းပညာများတိုးတက်လာစေရန်နှင့် လိုအပ်သည့်ရန်ပုံငွေများ ရရှိစေရေးတို့အတွက် နိုင်ငံတကာမှ အစိုးရများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သွားရန် လိုအပ်သည့်အပြင် ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများကိုလည်း ပိုမိုခိုင်မာအားကောင်းအောင် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ယနေ့အစည်းအဝေးတွင် ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန် ၂၆ ချက်ကို အခြေခံ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ လက်ရှိဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များ၊ တွေ့ကြုံနေရသည့် အခက်အခဲများနှင့် လိုအပ်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

**ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြ**

ယင်းနောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ၂၀၁၈ ခုနှစ် "မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း" (Myanmar Sustainable Development Plan-MSDP ) ပါ လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ နိုင်ငံတော်၏ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်မျိုးဆက်သစ်များကို ပိုမိုကောင်းမွန်သန့်ရှင်းသည့် သဘာဝပတ်ဝန်းကျင်အခြေအနေကောင်းများ လက်ဆင့်ကမ်းပေးနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ချဉ်းကပ်ဆောင်ရွက်မည့်အစီအမံများ၊ ရန်ပုံငွေခွဲဝေရရှိနိုင်ရေး၊ အသိပညာပြန့်ပွားရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက ယခင်ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစီအမံများနှင့် ပေါင်းစပ်ဆောင်ရွက်မှုအခြေအနေများ၊ လုပ်ငန်းကော်မတီ ခြောက်ခု၏ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီဝင်များဖြစ်ကြသော ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ အမြဲတမ်းအတွင်းဝန်များဖြစ်ကြသည့် ဦးမျိုးမြင့်မောင်၊ ဦးထွန်းအုံ၊ ဦးဝင်းခန့်၊ ဦးခင်မောင်ရီ၊ ဦးတင်မောင်ဦး၊ ဦးကိုကိုလွင်နှင့် ဦးထွန်းထွန်းနိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းနှင့် ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးအောင်သန့်ဇင်နှင့် ဒေါက်တာမျိုးသက်၊ လုပ်ငန်းကော်မတီ ခြောက်ရပ်မှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးတင်ထွန်း၊ ဦးလဆိုင်း၊ ဦးတီရယ်၊ ဦးစောပြည်သာ၊ ဦးမန်ဟင်းဒါးလ်၊ ဦးမြင့်မောင်၊ ဒေါက်တာစောညိုဝင်း၊ ဦးမြင့်ဇော်၊ ဒေါက်တာမင်းကြည်ဝင်း၊ ဦးကျော်လွင်နှင့် ဦးဟံထွန်းတို့က ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လုပ်ငန်းတာဝန်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များ၊ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေမှုအပေါ် တွေ့ကြုံနေရသည့် အခက်အခဲများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေမှုအခြေအနေများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေအရ ကာကွယ်ကြပ်မတ်ဆောင်ရွက်နေမှုများ၊ ဥပဒေ၊ နည်းဥပဒေ ထုတ်ပြန်ရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်မည့်ကိစ္စရပ်များ၊ ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန် ဆောင်ရွက်နေသည့် ကိစ္စရပ်များ၊ ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် စစ်ဆေးဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးစသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဗဟိုကော်မတီအတွင်းရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက ဆွေးနွေးဆုံးဖြတ်ရန် အဆိုပြုချက်များနှင့် ဗဟိုကော်မတီ၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးဆုံးဖြတ်ချက် ၁၁ ချက် ချမှတ်ခဲ့သည်။

ထို့နောက် ဒုတိယသမ္မတက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၈ / ၂၀၁၉**
၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၃ ရက်
( ၂၀၁၉ ခုနှစ်၊ မတ်လ ၈ ရက်)

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၈၊ ပုဒ်မခွဲ(က)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၈)နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၃ တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးညွန့်စိန်
(၂) ဦးသက်ထွန်း
(၃) ဦးမြင့်အောင်
(၄) ဦးစောဒယ်နီရယ်ကြည်
(၅) ဦးအောင်စိုးဝင်း
(၆) ဦးသန်းအောင်
(၇) ဦးမင်းဆွေ
(၈) ဦးဆွေတင့်လွင်

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့




နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ချိုချိုနှင့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူတို့ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ၊ လွှတ်တော်နှင့် အဖွဲ့အစည်းအသီးသီးတို့မှ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

❖ **ကျောဖုံးမှ**

စက်ရုံမီးလောင်မှုကြောင့် အမျိုးသမီး ၁၄၆ ဦး မီးလောင်သေဆုံးမှုကို အကြောင်းပြုပြီး အမျိုးသမီးအလုပ်သမားများ၏ ကြိုးပမ်းလှုပ်ရှားမှုကြောင့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ပေါ်ထွန်းလာခဲ့သည်မှာ နှစ်ပေါင်းတစ်ရာကျော်ရှိပြီ ဖြစ်ပါကြောင်း၊ နှစ်စဉ် မတ် ၈ ရက်ရောက်တိုင်း ကမ္ဘာတစ်ဝန်းလုံးရှိအမျိုးသမီးထုကို ကိုယ်စားပြုသည့်နေ့အဖြစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို ကျင်းပကြပါကြောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်သည့် မြန်မာနိုင်ငံတွင်လည်း မြန်မာအမျိုးသမီးထု၏ အခန်းကဏ္ဍအရေးပါမှုကို ထင်ဟပ်ပေါ်လွင်စေရန် ယခုကဲ့သို့ နိုင်ငံတော်အခမ်းအနားတစ်ရပ်အဖြစ် ကျင်းပရခြင်းဖြစ်ပါကြောင်း။



နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ချိုချို၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တာဝန်ရှိသူများ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

၂၀၁၉ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အတွက် ကုလသမဂ္ဂကချမှတ်ပေးသည့် ဦးတည်ချက်ဆောင်ပုဒ်မှာ "ခွင့်တူညီရေးစဉ်းစားလို့ စွမ်းရည်မြှင့်ရေးအလေးပေးဖို့ ပြောင်းလဲမှုကို ဖန်တီးစို့" "Think Equal, build smart, innovate for change" ဖြစ်ပါကြောင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ အောင်မြင်ရန်အတွက် ၂၀၃၀ ပြည့်နှစ်တွင် ကျား-မရေးရာ ၅၀-၅၀ ဖြစ်ရမည်ဆိုသည့် ပန်းတိုင်ကိုရောက်ရှိနိုင်ရန် ကျား-မရေးရာ တန်းတူညီမျှမှုနှင့် အမျိုးသမီးများ စွမ်းဆောင်ရည်မြင့်မားလာနိုင်စေမည့် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များ၊ ပြည်သူ့ဝန်ဆောင်မှုများ၊ လုပ်ထုံးလုပ်နည်းယန္တရားများအတွက် လက်ရှိဆောင်ရွက်နေသည့် နည်းလမ်းများအပြင် ပေါင်းစပ်ထားသည့် ချဉ်းကပ်နည်းလမ်းများ၊ သစ်လွင်သည့်အတွေးအခေါ်၊ နည်းလမ်းများကို ဖော်ထုတ်အသုံးပြုရန် လိုအပ်လျက်ရှိကြောင်း ယခုကဲ့သို့ ဦးတည်ချက် ဆောင်ပုဒ်ချမှတ်ပြီး ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကို တိုက်တွန်းထားခြင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းများ၊ နိုင်ငံရေးပြုပြင်ပြောင်းလဲရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးတို့ကို အဓိကအခြေခံသည့် ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းကို ဖော်ဆောင်နေသည့် နိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်ကိုအခြေခံပြီး အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို တည်ဆောက်နေသည့် နိုင်ငံဖြစ်သည့်အတွက် ကဏ္ဍအသီးသီးတွင် အမျိုးသား၊ အမျိုးသမီး အချိုးညီ မျှတစွာပါဝင်ရေးသည်လည်း အလွန်အရေးကြီးပြီး အခြေခံကျသည့်ကိစ္စတစ်ခု ဖြစ်ပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁-ရာစုပင်လုံ တတိယအစည်းအဝေး၏ နိုင်ငံရေးကဏ္ဍအခြေခံမူများကဏ္ဍအသီးသီးတွင် အမျိုးသမီးများ အနည်းဆုံး ၃၀ ရာခိုင်နှုန်း ပါဝင်ရေးကို သဘောတူညီမှု ရရှိခဲ့ပြီးဖြစ်ပါကြောင်း။

**ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်း**

စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် အမှတ်စဉ်(၅)ပါ ကျား-မတန်းတူညီမျှမှုရရှိရေးနှင့် အမျိုးသမီး စွမ်းပကားမြှင့်တင်ရေးအတွက် ချမှတ်ထားသည့် ဦးတည်ချက်ကိုးချက်၊ အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရန်အတွက် နိုင်ငံအဆင့် လုပ်ငန်းယန္တရားအဖြစ် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို ဖွဲ့စည်းထားရှိပြီးဖြစ်ပါကြောင်း။

နယ်ပယ်ရပ်အားလုံးတွင် အမျိုးသမီးများ ဟန်ချက်ညီညီ ဖွံ့ဖြိုးလာစေရေးအတွက် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂)ကို ဦးစားပေးလုပ်ငန်း နယ်ပယ်(၁၂)ရပ်ကိုအခြေခံပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ မဟာဗျူဟာစီမံကိန်းကို ကျန်ရှိနေသည့် စီမံကိန်းကာလလေးနှစ်အတွင်း အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်အတွက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေး နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့၊ အမျိုးသမီးများအား နိုင်ငံရေးနှင့် စီးပွားရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်ရေး နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့၊ အမျိုးသမီးများအား ကဏ္ဍစုံတွင် ထည့်သွင်းဆောင်ရွက်ခြင်း နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့နှင့် အမျိုးသမီးများ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးနည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့လေးဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်နေပြီဟု သိရှိရပါကြောင်း၊ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ ပံ့ပိုးမှုများဆောင်ရွက်ပေးနိုင်ရေးအတွက် ဖွံ့ဖြိုးရေးအကူအညီ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (DACU) အောက်တွင် ဖွဲ့စည်းထားသည့် ကဏ္ဍပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (၁၀)ဖွဲ့ (Sector Coordination Group-SCG)တွင် ကဏ္ဍ(၁၀)ရပ်လုံးနှင့် ဆက်စပ်ဆောင်ရွက်မည့် Non Sector Coordination Group အဖြစ် ကျား-မ တန်းတူညီမျှရေးနှင့် အမျိုးသမီး စွမ်းဆောင်ရည်မြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Gender Equality and Women's Empowerment-GEWE) ကို ဖွဲ့စည်းထားရှိပြီးဖြစ်ပါကြောင်း၊ ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းစဉ်များတွင်လည်း ယင်းအဖွဲ့က နည်းပညာဆိုင်ရာပံ့ပိုးမှုများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

**ပိုမိုအလေးထားဆောင်ရွက်**

ပြန်လည်သုံးသပ်ခြင်းလုပ်ငန်း ဆောင်ရွက်သည့်နေရာတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan-MSDP)တို့နဲ့ ချိတ်ဆက်ဆောင်ရွက်နိုင်မည့် နည်းလမ်းအသစ်များကို ဖော်ထုတ်ဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း၊ နိုင်ငံ၏ဖွံ့ဖြိုးမှုအတွက် အရေးပါသည့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP)တွင်လည်း နိုင်ငံ၏ လူဦးရေထက်ဝက်ကျော်ရှိသည့် အမျိုးသမီးများအတွက် ပိုမိုအလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

လေ့လာမှုစစ်တမ်းတွေအရ မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စီးပွားရေး၊ အသက်မွေးဝမ်းကျောင်းမှု၊ ပညာရေး၊ ကျန်းမာရေး၊ ပြည်သူ့ရေးရာတွင် ပါဝင်မှု၊ ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုသည့် နယ်ပယ်များကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်နေသေးသည်ကို တွေ့ရှိရပြီး ၎င်းနယ်ပယ်ရပ်များတွင်လည်း လက်ရှိဆောင်ရွက်နေသည့် နည်းလမ်းများ၊ လုပ်ထုံးလုပ်နည်းများအပြင် အခြားသောနည်းလမ်းများကို တီထွင်ဆန်းသစ်ပြီး ဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

ပဋိပက္ခနှင့်စပ်လျဉ်းသည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ ပူးတွဲကြေညာချက် (Joint Communique)ကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းပူးတွဲကြေညာချက်တွင် လိင်အကြမ်းဖက်မှု တားဆီးကာကွယ်ရေးအတွက် ဦးစားပေးကဏ္ဍ(၆)ရပ်ပါဝင်ပြီး ၎င်းဦးစားပေးကဏ္ဍများကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် အစီအမံများ ချမှတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

စာမျက်နှာ ၉ သို့ »»

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်ကသဘောတူ



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ကျင်းပစဉ်။

**နေပြည်တော် မတ် ၈**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့တွင် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေအား ဖြည့်ဆည်းရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေရယူရေးကိစ္စနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုသည့် ဦးညွန့်စိန်၊ ဦးသက်ထွန်း၊ ဦးမြင့်အောင်၊ ဦးစောဒယ်နီရယ်ကြည်၊ ဦးအောင်စိုးဝင်း၊ ဦးသန်းအောင်၊ ဦးမင်းဆွေ၊ ဦးဆွေတင့်လွင်တို့နှင့် စပ်လျဉ်း၍ ကန့်ကွက်လိုကြောင်း တင်ပြချက် တစ်စုံတစ်ရာမရှိသည့်အတွက် အဆိုပါ ပုဂ္ဂိုလ် (၈)ဦးအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

## အာဆီယံတရားသူကြီးချုပ်များကောင်စီ ပဋိညာဉ်စာတမ်းကို အတည်ပြုနိုင်ရေးနှင့် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး ကိစ္စတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ

ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံတရားသူကြီးချုပ်များကောင်စီ ပဋိညာဉ်စာတမ်းကို အတည်ပြုနိုင်ရေးနှင့် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စတို့နှင့် စပ်လျဉ်း၍** လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် မြန်မာနိုင်ငံအနေဖြင့် အဆိုပါစာတမ်းတွင် ပါဝင်လက်မှတ်ရေးထိုးခြင်းဖြင့် မြန်မာနိုင်ငံ၏ တရားစီရင်ရေးပိုမိုဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် အခြားအာဆီယံနိုင်ငံများ၏ တရားစီရင်ရေးများနှင့်အတူ အတွေ့အကြုံများ ဝေမျှကာ အမြင်ချင်းဖလှယ်ဆွေးနွေးခွင့် ရရှိနိုင်ခြင်း၊ မြန်မာနိုင်ငံ တရားသူကြီးများ၏ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ရရှိနိုင်ခြင်း၊ အာဆီယံဒေသအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အထောက်အကူပြုပေးနိုင်ခြင်းနှင့် အာဆီယံဒေသတွင်း တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ခိုင်မာစေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အဆိုပါစာတမ်းကို အတည်ပြုနိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ်မှ ပါဝင်လက်မှတ်ရေးထိုးနိုင်ရန်ကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၄/ ၂၀၁၉) မှလည်း သဘောတူညီပြီး ဖြစ်ပါကြောင်း၊ သို့ပါ၍ မြန်မာနိုင်ငံအနေဖြင့် အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေးများတွင် ဆွေးနွေးညှိနှိုင်းသဘောတူပြီးဖြစ်သည့် အာဆီယံတရားသူကြီးချုပ်များကောင်စီ ပဋိညာဉ်စာတမ်းကို အတည်ပြုနိုင်ရေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ်မှ ပါဝင်လက်မှတ်ရေးထိုးနိုင်ရန်အတွက် နာယကကြီးမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က **စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့အတွင်းရှိ ခရိုင်၊ ကျေးရွာများ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း** တို့ကို တင်ပြ၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက **လောင်းကစားဥပဒေကြမ်း၏ အပိုဒ် ၂၇ အပိုဒ်ခွဲ (က)နှင့် (ခ)**တို့ကို ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ထပ်မံပြင်ဆင်ချက်အတိုင်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းအဆိုကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်းနှင့် အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ အတည်ပြုခဲ့သည့် အပိုဒ်၊ အပိုဒ်ခွဲများကို လွှတ်တော်နှစ်ရပ်အတည်ပြုချက်အတိုင်း လည်းကောင်း၊ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်အတိုင်းလည်းကောင်း ပြန်လည်ပြင်ဆင်၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော တီထွင်မှု မူပိုင်ခွင့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍** ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြ၍ လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုသည်။

## လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

ဆက်လက်၍ **လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍** ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြ၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက **မန္တလေးမြို့တွင် ပုဂ္ဂလိကကုမ္ပဏီများက ပြုလုပ်နေသည့် ကျောက်စိမ်းအရိုင်းပြပွဲများ၏ အခွန်ငွေပေးဆောင်မှု အခြေအနေ တိုင်ကြားစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(၅/ ၂၀၁၉)** ကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေအား ဖြည့်ဆည်းရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေရယူရေးကိစ္စနှင့်စပ်လျဉ်း၍** လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ဦးခင်ချို**က ပြည်ပချေးငွေများသည် နိုင်ငံခြားငွေ ဈေးနှုန်း မတည်ငြိမ်မှု၊ ငွေဖောင်းပွမှု တဖြည်းဖြည်း မြင့်တက်လာမှုများကြောင့် နှစ်အလိုက်ရေးဆွဲရသည့် ရသုံးမှန်းခြေပါ ရငွေ၊ သုံးငွေ ကိန်းဂဏန်းအချက်အလက်များကို ထိခိုက်စေနိုင်သည်ကို တွေ့ရှိရပါကြောင်း၊ ပြည်တွင်းချေးငွေအနေဖြင့် ဗဟိုဘဏ်ချေးငွေက ငွေစက္ကူရိုက်နှိပ်ထုတ်ဝေခြင်း မဟုတ်ဘဲ ငွေတိုက်စာချုပ်၊ ငွေတိုက်လက်မှတ်ရောင်းချမှုကို အခြေခံသည့် စနစ်ဖြင့် နိုင်ငံ၏လိုငွေကို ဖြည့်ဆည်းရမည်ဖြစ်သည့်အပြင် ယခုတင်ပြသည့် ဗဟိုဘဏ်မှ နိုင်ငံတော်အစိုးရ အပ်ငွေစာရင်း လိုငွေဖြည့်ဆည်းမည့် ငွေပမာဏသည်လည်း ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် ရသုံးမှန်းခြေပါ သတ်မှတ်ချေးငွေပမာဏအတွင်း ရှိနေခြင်းဖြစ်သည့်အတွက် ကန့်ကွက်ရန်မရှိကြောင်းနှင့် ချေးငွေဝန်ထုပ်ဝန်ပိုး မဖြစ်စေရန်နှင့် အတိုးဝန်ပိမှုမဖြစ်စေရန် သတိထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာဦးကြွယ်ကြွယ်နှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး (ခေါ်) သန်းစိုး(ဘောဂဗေဒ) တို့က ဆက်လက်ဆွေးနွေးကြသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာအပေါ် ဆွေးနွေး

ထို့နောက် **ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာအပေါ်** လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေက ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်မည်ဆိုပါက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၃၃၊ ၄၃၄ နှင့် ၄၃၅ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ အဆိုပါ ပြဋ္ဌာန်းချက်နှင့်ညီပါက ပြည်ထောင်စုလွှတ်တော်နာယကအနေဖြင့်လည်း ခွင့်ပြုပေးရမည် ဖြစ်ပါကြောင်း၊ ယခုတင်သွင်းထားသော ဥပဒေမူကြမ်းကို ဖွဲ့စည်းပုံပြင်ဆင်ရေး ၄၅ ဦး ကော်မတီက တင်သွင်းလာမည့် ဥပဒေကြမ်းနှင့် တစ်ပါတည်း ပူးပေါင်း၍ လွှတ်တော်သို့တင်ပြရမည်ဟု လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများတွင်လည်း ရှာမတွေ့ပါကြောင်း၊ လွှတ်တော်များသည် ဥပဒေပြုလွှတ်တော်ဖြစ်သည်နှင့်အညီ ဥပဒေကိုလေးစားလိုက်နာရန် အထူးလိုအပ်လှပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားများ လိုလားလျက်ရှိနေသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပုံသဏ္ဌာန်ကို ပိုမိုပီပြင်စွာဖော်ဆောင်နိုင်ရန်အတွက် အဆိုပါနည်းဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြည်ထောင်စုလွှတ်တော်အတွင်း ဆွေးနွေးခွင့်ပြုရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးတင်အောင်ဟိန်းက ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို သုံးသပ်ရမည်ဆိုပါက ကော်မတီ၏ သဘောထားမှတ်ချက် အစီရင်ခံစာသည် ပြဋ္ဌာန်းချက်နှင့် မညီသော အစီရင်ခံစာ၊ ဥပဒေနှင့်မညီသော အစီရင်ခံစာဖြစ်သည့်အတွက် ကန့်ကွက်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်မည်ဆိုပါက ဥပဒေပြင်ဆင်ရန် ပုဒ်မများဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အခန်း(၁၂) ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ အခန်း(၁၁)၊ နည်းဥပဒေအခန်း(၁၈) တို့အရ ပြင်ဆင်ရန် အတိအလင်း ပြဋ္ဌာန်းထားပြီးဖြစ်သည့်အတွက် ထိုနည်းလမ်းများကို သေချာစွာနှင့် ကြိမ်ဖန်များစွာ ဖတ်ရှုပြီးမှ ပြဋ္ဌာန်းချက်များနှင့် သွေဖည်ခြင်းမရှိစေဘဲ အတိအကျလိုက်နာကာ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါ အစီရင်ခံစာအပေါ် တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး ပြည့်ဖြိုးဟန်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး ကျော်စိုးဦး၊ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၊ ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး ညွန့်ဝင်းအောင်၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး တင်ထွန်းအောင်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း၊ စလင်းမဲဆန္ဒနယ်မှ ဦးကံဦး၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး သန့်ဆွေ၊ မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအေး၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး ကျော်ကျော်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး ခင်မောင်နိုင်နှင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး ဇော်လွင်တို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ကို မတ် ၁၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မော်၊ အေးအေးသန့် (သတင်းစဉ်)**

»» စာမျက်နှာ ၇ မှ

၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် အမျိုးသမီးစွမ်းဆောင်ရှင်များ၏ စီးပွားရေးဆိုင်ရာဖိုရမ်ကို ယနေ့ ကျင်းပသွားမည်ဟု သိရှိရပါကြောင်း၊ ယင်းဖိုရမ်ကတစ်ဆင့် အမျိုးသမီးများကို စီးပွားရေးနှင့်ပတ်သက်သည့် စွမ်းဆောင်ရည်များ မြှင့်တင်ခြင်းနှင့် စီးပွားရေးလုပ်ငန်းနယ်ပယ်တွင် ကျား-မ ရေးရာတန်းတူညီမျှမှု ဆောင်ရွက်နိုင်ရန်အတွက် အခက်အခဲများကို ကျော်လွှားနိုင်မည့် နည်းလမ်းအသစ်များကို ဆွေးနွေးဖော်ထုတ်ပေးကြရမည် ဖြစ်ပါကြောင်း။

**ဘက်ပေါင်းစုံက ဆောင်ရွက်နေ**

မြန်မာအမျိုးသမီးများ၏ အခန်းကဏ္ဍကို တစ်ဆင့်ထက်တစ်ဆင့် မြင့်မားတိုးတက်စေရန်၊ ရသင့်ရထိုက်သည့် အခွင့်အရေးများ တန်းတူညီမျှ ရရှိစေရန်အတွက် နိုင်ငံတော်အစိုးရက ဘက်ပေါင်းစုံက ဆောင်ရွက်နေပြီး ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများကလည်း ပူးပေါင်းဆောင်ရွက်ပေးနေသည်ကို တွေ့မြင်ရသည့်အတွက် အတိုင်းမသိ ဝမ်းမြောက်ကြည်နူးမိပါကြောင်း၊ ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးကြရန်လည်း တိုက်တွန်းပါကြောင်း။

တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ လူမှု-စီးပွားဘဝ တိုးတက်မြင့်မားရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ဆိုသည့် နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်ပန်းတိုင် (၃) ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကျား/မ မရွေး အားလုံးတက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ပြီး နိုင်ငံ့လူဦးရေ၏ ထက်ဝက်ကျော်ကိုကိုယ်စားပြုသည့် မြန်မာအမျိုးသမီးထု၏ စွမ်းပကားကို ပိုမိုဖော်ထုတ်အသုံးချသွားကြပါ၊ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိရရှိပြီးဖြစ်သည့် တိုးတက်မှုများကို အရှိန်ရစေမည့် တီထွင်ဆန်းသစ်သည့် နည်းလမ်းများကို ဖော်ထုတ်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ချိုချိုနှင့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ၊ လွှတ်တော်နှင့် အဖွဲ့အစည်းအသီးသီးတို့မှ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ချိုချို၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ကုလသမဂ္ဂကလေးသူငယ်များရန်ပုံငွေအဖွဲ့ (UNICEF)၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် မစ္စ ဂျွန်ကွန်နူကီနှင့် ကုလသမဂ္ဂအမျိုးသမီးများအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် မစ္စတာ နီကိုးလက်စ် ဘာနီးရက်ဒ်တို့သည် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်ပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အခမ်းအနား ဒုတိယပိုင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းရာတွင် မြန်မာနိုင်ငံ၏လူဦးရေသည် ၂၀၁၉ ခုနှစ်တွင် စုစုပေါင်း ၅၄ သန်းကျော်ရှိပါကြောင်း၊ လူဦးရေ၏ ထက်ဝက်ကျော်သည် အမျိုးသမီးများ ဖြစ်ပါကြောင်း၊ နိုင်ငံ၏ဖွံ့ဖြိုးမှုစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ထည့်သွင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအနေဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များနှင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များ၊ လုပ်ငန်းအစီအစဉ်များကို နိုင်ငံတော်၏ မူဝါဒနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ပြဋ္ဌာန်းထားသော ဥပဒေများ ထိရောက်မှုရှိစေရေးနှင့် လိုအပ်သောဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်ရေး အကြံပြုဆောင်ရွက်ရန်၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုမှ ကြိုတင်ကာကွယ်ရန်နှင့် စောင့်ရှောက်မှုများပေးရန်၊ ဥပဒေများ နားလည်လာစေရန်နှင့် ဗဟုသုတများပြည့်စုံစေရေး ဆောင်ရွက်ပေးရန် စသည့် လုပ်ငန်းတာဝန်များ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

**စွမ်းဆောင်ရည်မြှင့်တင်ပေး**

အကြမ်းဖက်ခံရသော အမျိုးသမီးများအား တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးနိုင်ရန်အတွက် "One Stop Women Support Center" ကို ရန်ကုန်၊ မန္တလေး၊ လားရှိုးနှင့် မော်လမြိုင်တို့တွင် ဖွင့်လှစ်ထားပြီး ဖြစ်ပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိုးချဲ့ဖွင့်လှစ်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စုစုပေါင်း အလုပ်လုပ်သူ ၂၁ ဒသမ ၉၁ သန်းတွင် အမျိုးသမီးများ၏ ပါဝင်မှုသည် ၄၁ ဒသမ ၈ ရာခိုင်နှုန်းသာ ပါဝင်နေသည်ကို တွေ့ရှိရပါကြောင်း၊ စီးပွားရေးလုပ်ငန်းများတွင် မြန်မာအမျိုးသမီးများပါဝင်မှု တိုးတက်လာစေရေးအတွက် ဝင်ငွေရလုပ်ငန်းများ၊ အလုပ်အကိုင်များနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းတို့ကို အားပေးဆောင်ရွက်ပြီး အမျိုးသမီးများအတွက် စီးပွားရေးလုပ်ငန်းအခွင့်အလမ်းများကို ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း ထည့်သွင်းပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ကုလသမဂ္ဂကလေးသူငယ်များရန်ပုံငွေအဖွဲ့ (UNICEF) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် မစ္စ ဂျွန်ကွန်နူကီက ဖတ်ကြားသည်။

ထို့နောက် မြန်မာအမျိုးသမီး စီးပွားရေးလုပ်ငန်းရှင်များ၏ လက်တွေ့ဘဝဖြတ်သန်းမှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

**စီးပွားရေးလုပ်ငန်းအခွင့်အလမ်းများ ဖော်ဆောင်ပေး**

ယင်းနောက် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် စကားဝိုင်းကို ကျင်းပရာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများက အမျိုးသမီးများအတွက် ထည့်သွင်းစဉ်းစားထားသော စီးပွားရေးဆိုင်ရာ ဥပဒေများ၊ လုပ်ငန်းများကို မြှင့်တင်ပေးမည့် ပတ်ဝန်းကျင်ကောင်းများ ဖြစ်ထွန်းပေါ်ပေါက်လာစေရေး၊ ကျား-မ တန်းတူညီမျှရေးကို မြှင့်တင်ပေးသော လူမှုကာကွယ်ရေးလုပ်ဆောင်ချက်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၏ အကျိုးခံစားခွင့်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအတွက် ထည့်သွင်းစဉ်းစားထားသည့် အစီအစဉ်များ၊ အမျိုးသမီးများအတွက် ဝင်ငွေရလုပ်ငန်းများ၊ အလုပ်အကိုင်များနှင့် စွမ်းဆောင်ရည် တိုးမြှင့်ခြင်းများကို အားပေးခြင်းဖြင့် စီးပွားရေးလုပ်ငန်းအခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း စသည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့ပြင် မွန်းလွဲပိုင်းတွင် အမျိုးသမီးများအတွက် စီးပွားရေးစွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့်ပတ်သက်သော စွမ်းရည်များ၊ တတ်ကျွမ်းမှုပညာရပ်များ၊ အသေးစားငွေချေးခြင်းလုပ်ငန်းများ၊ ရက်ကန်းနှင့် လက်မှုပညာရပ်ဆိုင်ရာ ပညာရပ်များကို ရှင်းလင်းပြသဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# သံတမန်ရေးရာအခြေခံသင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ




**နေပြည်တော် မတ် ၈**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် ယနေ့ညနေ ၆ နာရီတွင် နေပြည်တော် Park Royal Hotel ၌ ကျင်းပသည့် လွှတ်တော်ရုံးများမှ အရာထမ်းများအတွက် သံတမန်ရေးရာ အခြေခံသင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ JCC ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်က ယခုဖွင့်လှစ်ခဲ့သည့် သံတမန်ရေးရာအခြေခံသင်တန်း (Basic Course in Diplomacy) သင်တန်းသည် The Asia Foundation နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သင်ကြားပို့ချပေးသည့် သင်တန်းဖြစ်ပါကြောင်း၊ သင်တန်းပို့ချချက်များအရ လွှတ်တော်ရုံးဝန်ထမ်းများအနေဖြင့် သံတမန်ရေးရာနှင့် ပတ်သက်ပြီး ယခင်ထက်ပိုမိုသိရှိလာပြီး လုပ်ငန်းခွင်၌ ပြန်လည်အသုံးချနိုင်မည်ဖြစ်၍ မြန်မာလွှတ်တော်အနေဖြင့် နိုင်ငံတကာလွှတ်တော်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ဆက်ဆံရာတွင် ပို၍အဆင်ပြေချောမွေ့လာမည်ဖြစ်ပါကြောင်း၊ သံတမန်ရေးရာဘာသာရပ်သည် ဝန်ထမ်းများ စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေရမည့် ပညာရပ်တစ်ခုဖြစ်ပါကြောင်း၊ မိမိလွှတ်တော်တစ်ခုတည်း၊ အဖွဲ့အစည်းတစ်ခုတည်း၊ နိုင်ငံတစ်နိုင်ငံတည်း အတွင်းသာမက မိမိနှင့်ဆက်စပ်နေသည့် နိုင်ငံတကာလွှတ်တော်များ၊ အဖွဲ့အစည်းများနှင့် အမြဲမပြတ်ထိတွေ့ဆက်ဆံရာတွင် အလွန်အရေးကြီးပါကြောင်း၊ ယခုသင်တန်းကို အောင်မြင်စွာဖွင့်လှစ်ဆောင်ရွက်နိုင်ရေးအတွက် သင်တန်းပို့ချကူညီပေးသော နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် The Asia Foundation တို့ကို ကျေးဇူးတင်ရှိကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံတွင် သံတမန်ရေး၊ နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ အတွေ့အကြုံအများဆုံး ဝန်ကြီးဌာနတစ်ခုဖြစ်ကြောင်း။

အလားတူ သင်တန်းဖွင့်လှစ်နိုင်ရေးပံ့ပိုးကူညီပေးသည့် The Asia Foundation အဖွဲ့သည်လည်း သက်တမ်းအားဖြင့် နှစ်ပေါင်း ၆၀ ကျော်ရှိပြီး လက်ရှိတွင် နိုင်ငံပေါင်း ၁၈ နိုင်ငံ၌ ရုံးများဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လက်တွဲဆောင်ရွက်သည်မှာလည်း ခြောက်နှစ်ကျော်ကာလရှိပြီဖြစ်သည်ဟု သိရှိရပါကြောင်း၊ The Asia Foundation သည် လွှတ်တော်ဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်တိုးတက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း လေ့လာတွေ့ရှိရကြောင်း၊ သင်တန်းဖြစ်မြောက်အောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ပေးသော သံတမန်အတွေ့အကြုံရင့်ကျက်သည့် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် The Asia Foundation တို့ကိုလည်းကောင်း၊ သင်တန်းနည်းပြများ၊ သင်တန်းသို့ တက်ရောက်ခဲ့သော လွှတ်တော်ရုံးများမှ ဝန်ထမ်းများအားလုံးကို လည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ လွှတ်တော်ရုံးများနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျွမ်းကျင်ပညာရှင်များ သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ (၆-၃-၂၀၁၉)ရက်နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၂၈-၁-၂၀၁၉)ရက်နေ့မှ (၂၂-၂-၂၀၁၉)ရက်နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ခုနစ်ဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်တစ်ဦး၊ မဂ္ဂဇင်း သုံးဦး၊ အထွေထွေ ၁၈ ဦး၊ ပေါင်း ၂၂ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လျှောက်ထားသူ လေးဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ ပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄)ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၅၅၈ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၅၈၁ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၁၆၂ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၃၀၁ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများပါဝင်ခြင်းဆိုင်ရာအရေးပါမှု အထိမ်းအမှတ်ညှော်ခံပွဲ ကျင်းပ

**နေပြည်တော် မတ် ၈**

Joint Peace Fund ၏ ပံ့ပိုးမှုဖြင့် ကနေဒါနိုင်ငံ European Union နှင့် အီတလီနိုင်ငံသံရုံးတို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ ပါဝင်ခြင်းဆိုင်ရာ အရေးပါမှု အထိမ်းအမှတ် ညှော်ခံပွဲကို ယနေ့ ညနေ ၅ နာရီခွဲတွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် ဦးတင်မြင့်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အမျိုးသမီးများအနေဖြင့် အမျိုးသားများနှင့်အတူ ကဏ္ဍစုံလုပ်ငန်းနယ်ပယ်တွင် တန်းတူညီမျှ ပါဝင်ခွင့်ရရှိစေရန်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို အစိုးရဌာနများသာမက အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများဖြင့် ထည့်သွင်းဖွဲ့စည်းထားပြီး နိုင်ငံတော်အဆင့်လုပ်ငန်းယန္တရားကြီးတစ်ခုအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဦးစားပေးဆောင်ရွက်လျက်ရှိပြီး အဆိုပါလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေနိုင်ရန် ကြိုးပမ်းလျက်ရှိပါကြောင်း၊ အမျိုးသမီးများ၏ဘဝ အမှန်တကယ်ပြောင်းလဲမှုများ ဖြစ်ပေါ်လာစေရန် အားလုံးပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။



ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံသံအမတ်ကြီး H.E. Mrs. Alessandra Schiavo၊ မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံသံအမတ်ကြီး H.E.Ms.Karen MacArthur နှင့် မြန်မာနိုင်ငံဆိုင်ရာ EU သံအမတ်ကြီး H.E.Mr.Kristian Schmidt တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာကြသူများသည် အထိမ်းအမှတ်ညှော်ခံပွဲတွင် တည်ခင်းဧည့်ခံသည့် စားသောက်ဖွယ်ရာများကို အတူတကွသုံးဆောင်ကြသည်။ **သတင်းစဉ်**

## ရန်ကုန်စာအုပ်လမ်း စနေ၊ တနင်္ဂနွေအစီအစဉ်

**ရန်ကုန် မတ် ၈**

အပတ်စဉ် စနေ-တနင်္ဂနွေနေ့များ၌ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ သိမ်ဖြူလမ်းတွင် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသော Yangon Book Street ၏ မတ် ၉ ရက် (စနေနေ့) အစီအစဉ်အဖြစ် မွန်းလွဲ ၁ နာရီတွင် ဆရာဆောင်းဝင်းလတ်၏ "စာပေရွေးချယ်မှု အနုပညာ" ခေါင်းစဉ်ဖြင့် စာပေဟောပြောပွဲအစီအစဉ်၊ မတ် ၁၀ ရက် (တနင်္ဂနွေနေ့) အစီအစဉ်အဖြစ် နံနက် ၁၀ နာရီတွင် "Save The Library"၏ "လူသားစာကြည့်တိုက်မှ လူသားစာအုပ်များ ဖတ်ရှုခြင်း" အစီအစဉ်၊ မွန်းလွဲ ၁ နာရီတွင် ဆရာထက်မြက်၏ "ကျွန်တော်ချစ်ခင်လေးစားသည့် နိုင်ငံရေးစာပေပညာရှင်များ" ခေါင်းစဉ်ဖြင့် စာပေဟောပြောပွဲအစီအစဉ်၊ ညနေ ၃ နာရီတွင် သရုပ်ဆောင်ရွှေပိုးအိမ် ပါဝင်ကူညီပြီး ထိန်ဝင်းစာပေတိုက်ထုတ်နာမည်ကြီးစာအုပ်ကောင်းများကိုထိုက်တန်စွာ လက်ဆောင်ပေးမည့် မေးကြည့်ဖြေကြည့် စာအုပ်ပဟေဠိအစီအစဉ်နှင့် စာအုပ်လမ်းသို့ လာရောက်မည့် စာဖတ်သူများအား တစ်ယောက်လျှင် တစ်အုပ်နှုန်းဖြင့် စာအုပ်စတုဒိသာပေးဝေမည့် အစီအစဉ်တို့ကို ပြုလုပ်ပေးသွားမည်ဖြစ်ရာ စာပေချစ်မြတ်နိုးသူများ လာရောက်လေ့လာဖြေဆိုဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြောက်ဦးမြို့နယ်မှ အုပ်ချုပ်ရေးမှူး လေးဦးနှင့် ဒေသခံကုန်သည်တစ်ဦးတို့ မြောက်ဦးမြို့မရဲစခန်းအချုပ်မှ ပြန်လည်လွတ်မြောက်

**နေပြည်တော် မတ် ၈**

မြောက်ဦးမြို့နယ်မှ ကျေးရွာအုပ်ချုပ်ရေးမှူး လေးဦးနှင့် ဒေသခံကုန်သည်တစ်ဦးတို့သည် ယနေ့ ညနေပိုင်းတွင် မြောက်ဦးမြို့မရဲစခန်းအချုပ်မှ ပြန်လည်လွတ်မြောက်လာပြီဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တပ်မတော်အရာရှိတစ်ဦးက တရားလိုပြုလုပ်တိုင်ကြားချက်အရ မြောက်ဦးမြို့နယ်မှ ကျေးရွာအုပ်ချုပ်ရေးမှူး လေးဦးနှင့် ဒေသခံကုန်သည်တစ်ဦးတို့အား မတရားအသင်းအက်ဥပဒေပုဒ်မ ၁၇(၁)/၁၇(၂) တို့ဖြင့် မြောက်ဦးမြို့မရဲစခန်းက ခေါ်ယူစစ်ဆေးခဲ့ကြောင်း၊ သို့ရာတွင် တရားလိုဘက်မှ လုံလောက်သောသက်သေခံအထောက်အထား တင်ပြနိုင်ခြင်းမရှိ၍ ကျေးရွာအုပ်ချုပ်ရေးမှူးများဖြစ်သော ဦးအောင်နိုင်ထွန်း၊ ဦးစိန်လှမောင်၊ ဦးမောင်ဦးစိန်၊ ဦးမောင်တင်ချေနှင့် ဒေသခံကုန်သည် ဦးကျော်သန်းတို့အား တရားစွဲဆိုရန် မသင့်ကြောင်း ဥပဒေအကြံပြုချက်အရ ယနေ့ ညနေ ၄ နာရီ ၄၅ မိနစ်တွင် မြောက်ဦးမြို့မရဲစခန်းအချုပ်မှ ပြန်လည်လွှတ်ပေးလိုက်ပြီးဖြစ်ကြောင်းနှင့် အမှုပိတ်သိမ်းရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြောက်ဦးမြို့မရဲစခန်းမှ သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ ဗိသုကာအသင်းနှင့် စိမ်းလန်းအမိမြေ ဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့ ပူးပေါင်းပြီး နည်းပညာဟောပြောပွဲကျင်းပ

**ရန်ကုန် မတ် ၈**

မြန်မာနိုင်ငံဗိသုကာအသင်းနှင့် စိမ်းလန်းအမိမြေဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့ ပူးပေါင်းပြီး "မြို့ပြစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့" ခေါင်းစဉ်ဖြင့် နည်းပညာဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ ဟောပြောပွဲတွင် မြန်မာနိုင်ငံဗိသုကာအသင်းဥက္ကဋ္ဌ ဦးမော်လင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် စိမ်းလန်းအမိမြေဖွံ့ဖြိုးတိုးတက်ရေးအသင်း ဥက္ကဋ္ဌ ဦးဝင်းမျိုးသူက ပတ်ဝန်းကျင်ပြောင်းလဲလာပုံ ဆီလျော်အောင်နေထိုင်ခြင်းနှင့် ကြံ့ကြံ့ခံနိုင်သော မြို့ပြစနစ် လူနေမှုအကြောင်း၊ Genesis Foundation တည်ထောင်သူ ဦးဘိုဘိုဇင်က Block chain technology နှင့် မြို့ပြစီမံခန့်ခွဲမှုအတွက် စိန်ခေါ်မှုအကြောင်း၊ City of Saginaw, Texas, USA မှ City Manager Mr. Gabe Reaume က မြို့ပြမြေယာအသုံးချမှု အစီအစဉ် ရေးဆွဲခြင်းနှင့် Building Code အကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးမြင့်က မြန်မာနိုင်ငံ မြို့ပြပုံစံအစီအစဉ်ရေးဆွဲခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများအကြောင်းတို့ကို ဆွေးနွေးဟောပြောကြသည်။



မြန်မာနိုင်ငံဗိသုကာအသင်းဥက္ကဋ္ဌ ဦးမော်လင်း အဖွင့်အမှာစကားပြောကြားစဉ်။

နည်းပညာဟောပြောပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံဗိသုကာအသင်းဥက္ကဋ္ဌ ဦးမော်လင်းက " လူဦးရေ တိုးတက်လာတာနဲ့အမျှ မြို့ပြတွေက ဖွံ့ဖြိုးတိုးတက်လာတယ်။ စနစ်တကျတိုးတက်ဖို့လိုပါတယ်။ စနစ်မကျတဲ့ တိုးတက်မှုတွေက နေထိုင်တဲ့ နိုင်ငံသားတွေ၊ မြို့ပြပြည်သူလူထုတွေကို ထိခိုက်နစ်နာစေတဲ့ ကိစ္စတွေရှိတယ်။ မြို့ပြတွေ စနစ်တကျဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် အရေးကြီးတဲ့အချက်တစ်ခုက regulation ပေါ့၊ တချို့ဟာတွေက ထိန်းရတာတွေရှိတယ်။ ဥပမာ အဆောက်အအုံတွေဆိုရင် ဘယ်လိုအဆောက်အအုံတွေဖြစ်ရမယ်ဆိုတဲ့ ဥပဒေတွေ၊ codes တွေနဲ့ သဘာဝနဲ့ပတ်သက်လို့ ထိန်းရတာတွေရှိတယ်။ အဲဒီလိုပဲ planning codes တွေဆိုတာလည်း ရှိတယ်။ မြို့တွေဟာ ဘယ်နေရာတွေမှာ ဘာတွေရှိရမယ်၊ ဘယ်လိုရှိသင့်တယ်၊ လမ်းတွေက ဘယ်လိုရှိသင့်တယ်၊ ဆက်သွယ်ရေးကောင်းဖို့အတွက် land use ဆိုတဲ့ မြေအသုံးချမှုပုံစံတွေက ဘယ်ပုံဖြစ်သင့်တယ်ဆိုတာကို ပိုပြီးတော့ လူတွေများများသိဖို့၊ နားလည်ဖို့အတွက် စိမ်းလန်းအမိမြေနဲ့ ပူးပေါင်းကျင်းပတာပါ"ဟု ပြောသည်။

စိမ်းလန်းအမိမြေ ဖွံ့ဖြိုးတိုးတက်ရေးအသင်း ဥက္ကဋ္ဌ ဦးဝင်းမျိုးသူက "ဒီနေ့ မြို့ပြမှာ ကြုံတွေ့လာရတဲ့ ဒီရာသီဥတုပြောင်းလဲခြင်းဆိုင်ရာတွေနဲ့ပတ်သက်ပြီး မြို့ပြအစီအစဉ်တွေကို ဘယ်လိုရေးဆွဲသင့်တယ်၊ စီမံခန့်ခွဲသင့်တယ် ဆိုတဲ့ အကြောင်းအရာလေးတွေကို အဓိကထားပြီး ဆွေးနွေးတာဖြစ်ပါတယ်။ မကြာသေးခင်က Myanmar Sustainable Development Plan 2018-2030 ဆိုတာ နိုင်ငံတော်အစိုးရကနေပြီး ထုတ်ပြန်ထားတာရှိပါတယ်။ ဒါအောင်မြင်အောင်လုပ်တဲ့အထဲမှာ မဟာဗျူဟာတစ်ခုက Sustainable Cities လို့ခေါ်တဲ့ မြို့ပြတွေ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ဖြစ်ပါတယ်။ အဲဒီထဲမှာ ပါဝင်တဲ့ အရေးကြီးတဲ့အချက်တွေ၊ အကြောင်းအရာတွေအရ ဘာတွေလုပ်ရမယ်ဆိုတာကို ထင်ဟပ်ပြီးဆွေးနွေးမှာဖြစ်ပါတယ်"ဟု ပြောသည်။

ဆက်လက်၍ ၎င်းက "အဓိက ဒီအချိန်မှာ လူတွေက မြို့တွေကို ပြောင်းရွှေ့နေထိုင်လာကြတာဖြစ်တယ်။ အဲဒီတော့ မြို့တွေက ကြီးမားလာတယ်။ ကြီးမားလာတော့ သဘာဝဘေးအန္တရာယ်ကျမယ်ဆိုလို့ရှိရင် ထိခိုက်နစ်နာမှုတွေ အများကြီးဖြစ်မယ်။ ခြိမ်းခြောက်လာတဲ့ သဘာဝဘေးအန္တရာယ်တွေကို ကာကွယ်ဖို့ဆိုရင် မြို့ပြကို ဘယ်လိုစီမံဆောင်ရွက်သင့်သလဲ၊ ပုံမှန်သမားရိုးကျဆောင်ရွက်နေတဲ့ မြို့ပြ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးမော်ဒယ်တွေက အဲဒီနည်းလမ်းတွေက မသင့်တော်တော့ဘူး၊ ရာသီဥတုပြောင်းလဲခြင်းကိုပါ ထည့်သွင်းစဉ်းစားတဲ့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနည်းစနစ်တွေ၊ နည်းလမ်းတွေကို အချိန်မီလုပ်မှဖြစ်တော့မယ်"ဟု ပြောသည်။

မြို့ပြဖွံ့ဖြိုးရေးအတွက် ငွေကြေးဆိုင်ရာ စကားဝိုင်းကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဗိသုကာအသင်းဥက္ကဋ္ဌ ဦးမော်လင်းက အစီအစဉ်မှူးအဖြစ် ဆောင်ရွက်ပြီး စိမ်းလန်းအမိမြေ ဖွံ့ဖြိုးတိုးတက်ရေးအသင်း ဥက္ကဋ္ဌ ဦးဝင်းမျိုးသူ၊ City of Saginaw, Texas, USA မှ City Manager Mr. Gabe Reaume ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးမြင့်နှင့် Myanmar Citizens Bank Ltd မှ Former Chief Executive Officer ဒေါက်တာသောင်းဟန်တို့က ပါဝင်ဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြသည်။

အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့ပြကျွမ်းကျင်ပညာရှင်များ၊ ဗိသုကာပညာရှင်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များ၊ အင်ဂျင်နီယာကျောင်းသား ကျောင်းသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

**သတင်း-မင်းသစ်၊ သန့်ဇင်ဝင်း**
**ဓာတ်ပုံ-ဇော်မင်းလတ်**

# စီးပွားရေးလုပ်ငန်းများတွင် အမျိုးသမီးများပါဝင်မှု အာရှနိုင်ငံများအတွင်း ဗီယက်နမ်နိုင်ငံ ဒုတိယအဆင့်တွင်ရှိနေ

**ဟန်္နိုင်း မတ် ၈**

ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများတွင် ထိပ်တန်းစီမံခန့်ခွဲရေးရာထူးများ၌ အမျိုးသမီးများခန့်ထားမှုမှာ ၃၆ ရာခိုင်နှုန်းရှိပြီး ၃၇ ဒသမ ၅ ရာခိုင်နှုန်း ခန့်ထားသည့် ဖိလစ်ပိုင်နိုင်ငံပြီးလျှင် အာရှနိုင်ငံများအတွင်း ဒုတိယမြောက်အမျိုးသမီးများအား ထိပ်တန်းရာထူးများ ခန့်ထားသည့် နိုင်ငံအဖြစ် ရပ်တည်နေသည်ဟု နိုင်ငံတကာစီးပွားရေးအကြံပေးကုမ္ပဏီ ဂရန့်သွန်တန်က ထုတ်ဖော်ကြေညာခဲ့သည်။

ယနေ့အချိန်အခါတွင် ကမ္ဘာပေါ်ရှိ စီးပွားရေးလုပ်ငန်းများ၏ ထိပ်တန်းစီမံခန့်ခွဲရေး ရာထူးများ၌ အမျိုးသမီးများခန့်ထားမှုမှာ ၂၉ ရာခိုင်နှုန်းရှိပြီး အရှေ့တောင်အာရှတွင် ၂၈ ရာခိုင်နှုန်းရှိသည်ဟု ဂရန့်သွန်တန်၏ "စီးပွားရေးလုပ်ငန်းများတွင် အမျိုးသမီးများပါဝင်မှု ၂၀၁၉" ထုတ်ပြန်ချက်ကို ကိုးကား၍ ဗီယက်နမ်အွန်လိုင်းသတင်းစာ (ဗွီအင်န်အိတ်စ်ပရက်)က မတ် ၈ ရက်တွင် ဖော်ပြခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ ငွေကြေးဆိုင်ရာဒါရိုက်တာ၊ စီမံခန့်ခွဲရေးဒါရိုက်တာ၊ လူသားအရင်းအမြစ်ဒါရိုက်တာနှင့် ရောင်းဝယ်ဖောက်ကားရေး ဒါရိုက်တာတို့ အပါအဝင် ထိပ်တန်းရာထူးများတွင် အမျိုးသမီးများကို နေရာပေးထားသည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

အလုပ်ခန့်ထားရာတွင် ကျား၊ မ ခွဲခြားခြင်းမရှိသည့် ကမ္ဘာ့ထိပ်တန်းနိုင်ငံ ၂၅ နိုင်ငံတွင် ဗီယက်နမ်နိုင်ငံလည်း ပါဝင်သည်ဟု ကမ္ဘာ့စီးပွားရေးဖိုရမ်က ဆိုသည်။

ဗီယက်နမ်နိုင်ငံရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ၁၄၅၀၀၀ ခန့်တွင် အမျိုးသမီးများ စီမံအုပ်ချုပ်နေပြီး ယင်းလုပ်ငန်းအရေအတွက်မှာ နိုင်ငံတစ်ဝန်းရှိ စီးပွားရေးလုပ်ငန်းအားလုံး၏ လေးပုံတစ်ပုံဖြစ်သည်ဟု ဗီယက်နမ်သတင်းဌာနက မတ် ၈ ရက်တွင် ကြေညာခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ၂၀၂၀ ပြည့်နှစ်အတွင်း စီးပွားရေးလုပ်ငန်းပေါင်း တစ်သန်းရှိလာရန် ရည်မှန်းထားပြီး ယင်းတို့၏ သုံးပုံတစ်ပုံကျော်မှာ အမျိုးသမီးများ ပိုင်ဆိုင်သည့် လုပ်ငန်းများဖြစ်မည်ဟု ဆိုသည်။

**ဆင်ဟွာ**





# ပါကစ္စတန်တွင် ဘာသာရေးသင်တန်းကျောင်းများကို သိမ်းယူထိန်းချုပ်

**အစ္စလာမ္မာဘတ် မတ် ၈**

ပါကစ္စတန်နိုင်ငံတွင် အစ္စလာမ္မစ်စစ်သွေးကြွများအား ဖြိုခွဲခြင်းများကို အရှိန်မြှင့်ပြုလုပ်လျက်ရှိပြီး ဘာသာရေးသင်တန်းကျောင်း ၁၈၀ ကျော်ကို ပါကစ္စတန်အစိုးရက သိမ်းယူထိန်းချုပ်ထားကြောင်း၊ လွန်ခဲ့သည့်လအတွင်းက အိန္ဒိယကထိန်းချုပ်သည့် ကက်ရှ်မီးယားဒေသတွင် လူအသေအပျောက်များပြားသည့် အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီးနောက် ပါကစ္စတန်နိုင်ငံအပေါ် နိုင်ငံတကာက ဖိအားများရှိလာခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

### လတ်တလောဖြစ်ပွားနေသည့် ဖြစ်ရပ်များနှင့် ဆက်နွှယ်မှုမရှိ

ပါကစ္စတန်နိုင်ငံရှိ ဘာသာရေးကျောင်းများသည် လူငယ်များအား အစွန်းရောက်များဖြစ်စေသည်ဟု မကြာခဏ ပြစ်တင်ပြောဆိုမှုများရှိခဲ့သည်။ ယခုပြုလုပ်သည့် အစ္စလာမ္မစ်စစ်သွေးကြွများအား ဖြိုခွဲမှုမှာ ၎င်းနိုင်ငံအတွင်း တားမြစ်ပိတ်ပင်ထားသည့် အဖွဲ့အစည်းများအား ထိန်းချုပ်သည့် အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး လတ်တလောဖြစ်ပွားနေသည့်ဖြစ်ရပ်များနှင့် ဆက်နွှယ်မှုမရှိဟု ပါကစ္စတန်အစိုးရက ပြောကြားသည်။

ဖေဖော်ဝါရီ ၁၄ ရက်က အိန္ဒိယကထိန်းချုပ်သည့် ကက်ရှ်မီးယားဒေသတွင် အသေခံဗုံးဖောက်ခွဲမှုကြောင့် အိန္ဒိယတပ်ဖွဲ့ဝင် ၄၀ သေဆုံးခဲ့ပြီးနောက်တွင် အဏုမြူလက်နက်များပိုင်ဆိုင်ထားကြသည့် အိမ်နီးချင်းနှစ်နိုင်ငံအကြား၌ တင်းမာမှုများမြင့်တက်လာခဲ့သည်။ ပါကစ္စတန်နိုင်ငံက ယင်းတင်းမာမှုများ လျော့ကျရေးအတွက် လုပ်ဆောင်မှုများဆောင်ရွက်လာခဲ့သည်ကို တွေ့မြင်ရသည်။

### စစ်သွေးကြွအများအပြား ဖမ်းဆီးထား

ယင်းအသေခံဗုံးဖောက်ခွဲမှုလုပ်ဆောင်သည်ဟု ပြစ်တင်ပြောကြားခြင်းခံရသည့် စစ်သွေးကြွအုပ်စုမှ အဖွဲ့ဝင်ဒါဇင်များစွာကို ဖမ်းဆီးထားကြောင်း ပါကစ္စတန်အစိုးရက မတ် ၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ပိုင်ဆိုင်မှုအငြင်းပွားနေသည့် ကက်ရှ်မီးယားဒေသတွင် တည်ငြိမ်မှုမရှိခြင်းမှာ ဆက်လက်တည်မြဲလျက်ရှိနေသည်။ မတ် ၈ ရက်က ဘတ်စ်ကားဂိတ်တစ်ခုတွင် လက်ပစ်ဗုံးတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူတစ်ဦးသေဆုံးပြီး ဒါဇင်နှင့်ချီကာ ဒဏ်ရာရခဲ့သည်။ လက်ပစ်ဗုံးဖြင့် ပစ်ပေါက်ခဲ့သည့် ခွဲထွက်ရေးဝါဒီအုပ်စုတစ်စုမှ လူတစ်ဦးအား အိန္ဒိယရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ပါပူအာပြည်နယ်၌ အင်ဒိုနီးရှားတပ်ဖွဲ့နှင့် သူပုန်များတိုက်ခိုက်မှုဖြစ်၊ ၁၄ ဦး သေဆုံး

**ဂျကာတာ မတ် ၈**

အင်ဒိုနီးရှားနိုင်ငံ၏ အစွန်အဖျားဒေသရှိ ပါပူအာပြည်နယ်တွင် အင်ဒိုနီးရှားစစ်ဘက်မှ တပ်ဖွဲ့ဝင် ၂၅ ဦးနှင့် ဒါဇင်များစွာရှိသော သူပုန်များအကြား တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ အင်ဒိုနီးရှားတပ်ဖွဲ့ဝင် သုံးဦး၊ သူပုန် ၁၀ ဦးနှင့် အခြားအမည်မသိသူတစ်ဦးတို့သေဆုံးခဲ့ကြောင်း၊ ယင်းတိုက်ခိုက်မှုဖြစ်ပွားရာနေရာမှာ အဝေးပြေးလမ်းတည်ဆောက်နေသည့် နေရာတွင်ဖြစ်ကြောင်း အင်ဒိုနီးရှားစစ်ဘက်မှ မတ် ၈ ရက်တွင် ပြောကြားသည်။

အင်ဒိုနီးရှားအစိုးရတပ်ဖွဲ့မှ တပ်ဖွဲ့တစ်ဖွဲ့အား အင်အား ၇၀ ကျော်ရှိသည့် သူပုန်များက မတ် ၇ ရက်တွင် နာဒူဂါခရိုင်အတွင်း၌ ချုံခိုတိုက်ခိုက်ခဲ့သည်။ အင်ဒိုနီးရှားစစ်ဘက်မှ လက်နက်ကိုင်ရာဇဝတ်ကောင်အုပ်စုဟု ခေါ်ဝေါ်သည့် ၎င်းသူပုန်များမှာ ခေတ်မီစစ်လက်နက်များနှင့် ရိုးရာသုံးလက်နက်များကို ကိုင်စွဲထားကြကြောင်း အင်ဒိုနီးရှားစစ်ဘက်မှ ထုတ်ပြန်သည့်ကြေညာချက်၌ ဖော်ပြသည်။

အင်ဒိုနီးရှားတပ်ဖွဲ့ဝင်များက သူပုန်များအား ပြန်လည်ခုခံတိုက်ခိုက်ပြီး ၎င်းသူပုန်များအား တောတွင်းသို့ ပြန်လည်ဝင်ရောက်သွားအောင် တွန်းလှန်နိုင်ခဲ့သည်။ ယင်းတိုက်ပွဲအတွင်း တပ်ဖွဲ့ဝင်သုံးဦးသေဆုံးပြီး သူပုန်ခုနစ်ဦးမှ ၁၀ ဦးအထိ သေဆုံးသွားသည်ဟု ခန့်မှန်းရကြောင်း၊ ဆုတ်ခွာထွက်ပြေးသွားသည့် သူပုန်များနောက်သို့ အင်ဒိုနီးရှားတပ်ဖွဲ့က လိုက်လံရှင်းလင်းလျက်ရှိကြောင်း အင်ဒိုနီးရှားစစ်ဘက်မှ ပြောကြားသည်။

ပါပူအာပြည်နယ်အတွင်း တည်ဆောက်နေသည့် ကီလိုမီတာ ၄၆၀၀ ရှည်လျားသည့် အဝေးပြေးလမ်းမနှင့် တံတား ၁၆ စင်း တည်ဆောက်ခြင်း ယင်းစီမံကိန်း၌ လုံခြုံရေးတာဝန်ယူထားသည့် အင်ဒိုနီးရှားတပ်ဖွဲ့ဝင်များအား အစားထိုးလဲလှယ်ရန်အတွက် အဆိုပါ တပ်ဖွဲ့သည် ခရိုင်အတွင်းသို့ ရောက်ရှိလာခြင်းဖြစ်သည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း လမ်း၊ တံတားတည်ဆောက်ရေးလုပ်သား ၁၇ ဦးကို လက်နက်ကိုင်များက အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့ပြီးနောက် အဝေးပြေးလမ်းတည်ဆောက်ရေးလုပ်ငန်းများကို ရပ်ဆိုင်းထားခဲ့ရသည်။

ယင်းတည်ဆောက်ရေးလုပ်ငန်းများ အဆုံးသတ်နိုင်ရေးအတွက် အင်ဒိုနီးရှားစစ်ဘက်က ၎င်းဒေသတွင်း၌ မကြာသေးမီက တပ်ဖွဲ့ဝင်အင်အား ၆၀၀ ကို ဖြန့်ကြက်ခဲ့သည်။ ၎င်းတပ်ဖွဲ့ဝင်များထဲ၌ စစ်အင်ဂျင်နီယာတပ်ဖွဲ့ဝင် ၁၅၀ လည်း ပါဝင်သည်။

၎င်းသူပုန်များက တပ်ဖွဲ့ဝင်များက ဖြန့်ကြက်သယ်ဆောင်သည့် ရဟတ်ယာဉ်နှစ်စင်းကိုလည်း ပစ်ခတ်ခဲ့သည်ဟု အင်ဒိုနီးရှားစစ်ဘက်က ပြောကြားသည်။

**ဆင်ဟွာ**

# အမေရိကန်နိုင်ငံတွင် ဖေဖော်ဝါရီလအတွင်း အလုပ်အကိုင်ဖန်တီးမှု ရည်မှန်းချက်ပြည့်မီမှုမရှိ



**ဝါရှင်တန် မတ် ၈**

အမေရိကန်ပြည်ထောင်စုတွင် ဖေဖော်ဝါရီလအတွင်း အလုပ်အကိုင်အခွင့်အလမ်းရရှိမှုမှာ မျှော်လင့်ထားသည့်ပမာဏကို ပြည့်မီခြင်းမရှိခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

စီးပွားရေးပါရဂူများက အလုပ်သမား ၁၇၅၀၀၀ ဝန်းကျင်ခန့်ကို ဖေဖော်ဝါရီလအတွင်း အလုပ်အကိုင်ဖန်တီးပေးနိုင်မည်ဟု ယခင်က ခန့်မှန်းခဲ့ကြသော်လည်း ဖေဖော်ဝါရီလအတွင်းတွင် အလုပ်သမား ၂၀၀၀၀ ခန့်ကိုသာ အလုပ်ခန့်အပ်နိုင်ခဲ့ကြောင်း အလုပ်သမားရေးရာဌာနက ဆိုသည်။

ဖေဖော်ဝါရီလအတွင်း အလုပ်လက်မဲ့ဦးရေပမာဏသည် ၃ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့သည်။ ဇန်နဝါရီလအတွင်းတွင် အမေရိကန်အစိုးရယန္တရားလည်ပတ်မှု ရပ်ဆိုင်းခဲ့ခြင်းကြောင့် အလုပ်လက်မဲ့ဦးရေ ပမာဏသည် ၄ ရာခိုင်နှုန်းရှိခဲ့သည်။ ထို့ကြောင့် ဖေဖော်ဝါရီလ အလုပ်လက်မဲ့ဦးရေ ပမာဏသည် ဇန်နဝါရီလကထက် သုည ဒသမ ၂ ရာခိုင်နှုန်း လျော့ကျခဲ့သည်။

အမေရိကန်နှင့် တရုတ်နှစ်နိုင်ငံအကြား ကုန်သွယ်ရေးစစ်ပွဲဖြစ်ပွားမှု အချိန်ကြာမြင့်လာသည်နှင့်အမျှ နိုင်ငံ၏ စီးပွားရေးအခြေအနေ အနည်းငယ်ယိမ်းယိုင်သွားနိုင်ဖွယ်ရှိသည်ဟု စီးပွားရေးကျွမ်းကျင်ပညာရှင်များက ခန့်မှန်းပြောကြားကြသည်။ **အင်န်အိတ်ချ်ကေ**

# ကမ္ဘာ့ကိုယ်ခံပညာရှင်များ ယှဉ်ပြိုင်သည့် ဝမ်းချန်ပီယံရှစ် စိန်ခေါ်ပွဲ ဖိုးသော်နှင့် တီရဲလ်ထန်တို့ ပြိုင်ဘက်များကို အလဲထိုးကာ ချန်ပီယံဆုများ ရယူ

**ရန်ကုန် မတ် ၈**

နိုင်ငံတကာမှ ကိုယ်ခံပညာရှင်များ ပါဝင်ယှဉ်ပြိုင်ထိုးသတ်သည့် ဝမ်းချန်ပီယံရှစ်စိန်ခေါ်ပွဲကို ယနေ့ညနေတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားရုံ၌ ကျင်းပသည်။

ယနေ့ကျင်းပသော ONE: Championship စိန်ခေါ်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုယှဉ်ပြိုင်ခဲ့သည့် ဖိုးသော်(မြန်မာ)နှင့် ချင်းတိုင်းရင်းသား တီရဲလ်ထန်တို့ နှစ်ဦး ပြိုင်ဘက်များကို အလဲထိုးအနိုင်ရယူခဲ့သည်။

ချင်းတိုင်းရင်းသား တီရဲလ်ထန် (မြန်မာ)နှင့် Rin Saroth (ကမ္ဘောဒီးယား) တို့နှစ်ဦး ပွဲစတင်သည်နှင့် နှစ်ဦးစလုံး တိုက်စစ်ဖွင့်ကစားခဲ့သည်။ ထိုးသတ်ချက်များက ပါဝါအမြင့်ဆုံးရောက်ရှိနေ၍ အသက်ရှူမှားလောက်သည်။ ချုပ်ကိုင်ပေါက်သည့်တိုက်ချက် ကျွမ်းကျင်သည့် တီရဲလ်ထန်ကို Rin အကပ်မခံရဲသော်လည်း ကြမ်းပြင်နှင့် မကြာခဏ မိတ်ဖွဲ့နေရသည်။ ပြိုင်ဘက်အားနည်းချက်နှင့် လစ်ဟာချက်များကို ကောင်းကောင်းအသုံးချတတ်သည့် တီရဲလ်ထန်ကို Rin ကြာကြာမယှဉ်နိုင်။ ဒုတိယအချီ ဂရောင်းဖိုက်ရော စတန်းဖိုက်မှာပါ လက်ရည်အသာဖြင့် ထိုးသတ်ခဲ့သည့် တီရဲလ်ထန်ကို တတိယအချီမှာ Rin အရှုံးပေးခဲ့ရသဖြင့် တီရဲလ်ထန် ချန်ပီယံဆုကို ထိုက်ထိုက်တန်တန် ရယူနိုင်ခဲ့သည်။

"ကျွန်တော့်ကို ခုလိုလာရောက်အားပေးတဲ့ မြန်မာပရိသတ်ကြီးကို ကျွန်တော် အများကြီးကျေးဇူးတင်ပါတယ်။ နောက်ပွဲတွေမှာလည်း အနိုင်ရရှိအောင် ကြိုးစားသွားမှာဖြစ်လို့ ခုလိုပဲလာရောက်အားပေးပါဦးလို့ တောင်းဆိုပါတယ်"ဟု တီရဲလ်ထန်က ချန်ပီယံဆုနှင့်အတူ ပရိသတ်အား ပြောကြားခဲ့သည်။



ဖိုးသော်(မြန်မာ) နှင့် Yohan Mulia Legowo (အင်ဒိုနီးရှား)။

ပရိသတ် အထူးစိတ်ဝင်စားသည့် ဖိုးသော်(မြန်မာ) နှင့် Yohan Mulia Legowo (အင်ဒိုနီးရှား) တို့ပွဲစဉ် ပထမအချီမှာပင် ဂရောင်းဖိုက် အားသာသည့် Mulia အား ဘယ်ညာလက်သီးတွဲလုံးများဖြင့် ဖိုးသော် ပွဲသိမ်းအနိုင်ယူနိုင်ခဲ့သဖြင့် ကစားပွဲရုံတစ်ခုလုံး ပရိသတ်အားပေးသံများဖြင့် သောသောညံသွားခဲ့သည်။

Liam Nolan(အင်္ဂလန်)နှင့် Enriko Kehl (ဂျာမနီ)တို့ တွဲဆိုင်းတွင် Enriko Kehl ကလည်းကောင်း၊ Kenta Yamada( ဂျပန်)နှင့် Petchyindee Academy (ထိုင်း)တို့ တွဲဆိုင်းတွင် Kenta Yamada ကလည်းကောင်း၊ Rene Catalan (ဖိလစ်ပိုင်)နှင့် Yoshitaka Naito(ဂျပန်)တို့ တွဲဆိုင်းတွင် Rene Catalan ကလည်းကောင်း။

Alain Ngalani(ဟောင်ကောင်)နှင့် Mauro Cerilli(အီတလီ) တို့ပွဲစဉ်တွင် Mauro Cerilli ကလည်းကောင်း၊ Zebaztian Kadestam(ဆွီဒင်)နှင့် Georgiy Kichigin(ကာဇက်စတန်)တို့တွဲဆိုင်းတွင် Zebaztian Kadestam ကလည်းကောင်း အနိုင်ရယူနိုင်ခဲ့သည်။

Andrei Stoica (ရိုမေးနီးယား) နှင့် Tarik Khbabez (မော်ရိုကို)တို့ပွဲတွင် လက်ရည်အသာဖြင့် ယှဉ်ပြိုင်ခဲ့သည့် Tari Khbabez က အနိုင်ရရှိခဲ့သည်။

အမျိုးသမီးပွဲစဉ်ဖြစ်သည့် Bozhena Antoniyar (မြန်မာ)နှင့် Boniface (မလေးရှား)တို့ပွဲစဉ် ဒုတိယအချီတွင် နပန်းကျွမ်းကျင်သည့် Boniface ကို Antoniyar က ဘယ်ညာလက်သီးတွဲလုံးများဖြင့် ထိုးသတ်ပြီး စတန်းဖိုက်ဖြင့်လည်းကောင်း၊ အမျိုးသမီး ဒုတိယပွဲစဉ် Lin Heqin(တရုတ်) နှင့် Jomary Torres (ဖိလစ်ပိုင်)တို့တွဲဆိုင်းတွင် Lin Heqin ကလည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

**သတင်း-အောင်ကျော်ဦး၊ ဓာတ်ပုံ-မောင်စိန်လွင်**

# တရုတ်တိုင်ပေ၊ အင်ဒိုနီးရှားတို့နှင့် ခြေစမ်းပွဲကစားရန် မြန်မာ့လက်ရွေးစင်အသင်းကို ပဏာမကစားသမား ၂၇ ဦးဖြင့် ဖွဲ့စည်း

**မန္တလေး မတ် ၈**

မြန်မာ့လက်ရွေးစင်အသင်း ယာယီနည်းပြချုပ် ဦးမျိုးမင်းထွန်းသည် ယခုလအတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ရန် အသင်းကို ပဏာမကစားသမား ၂၇ ဦးဖြင့် ဖွဲ့စည်းလိုက်ပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် မတ် ၁၁ ရက်တွင် မန္တလေးမြို့၌ စတင်လေ့ကျင့်မည်ဖြစ်ပြီး AFC Cup ပြိုင်ပွဲ ယှဉ်ပြိုင်ရမည့် ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းတို့မှ ကစားသမားများမှာ မတ် ၁၃ ရက်မှ အသင်းနှင့် ပူးပေါင်းနိုင်မည်ဖြစ်သည်။ ယာယီနည်းပြချုပ် ဦးမျိုးမင်းထွန်းမှာလည်း ရန်ကုန်အသင်းနှင့်အတူ AFC Cup ပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် ယင်းရက်မှသာ အသင်းအား စတင်ကိုင်တွယ်နိုင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်း ယာယီနည်းပြချုပ် ဦးမျိုးမင်းထွန်း ရွေးချယ်လိုက်သည့် မြန်မာ့လက်ရွေးစင်အသင်းတွင် လက်ရှိ MNL ပြိုင်ပွဲ၌ ခြေစွမ်းပြနေသည့် ကစားသမားများ အနီးစပ်ဆုံး ပါဝင်လာပြီး မျက်နှာသစ်ကစားသမားအများစုလည်း ရွေးချယ်ခံခဲ့ရသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ခြေစမ်းပွဲများအဖြစ် မတ် ၁၉ ရက်တွင် တရုတ်တိုင်ပေအသင်း၊ မတ် ၂၅ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ခြေစမ်းပွဲနှစ်ပွဲစလုံးကို မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် အုပ်ချုပ်သူ-ဦးမြင့်သိန်း(ရန်ကုန်)၊ နည်းပြချုပ်-ဦးမျိုးမင်းထွန်း(ရန်ကုန်)၊ လက်ထောက်နည်းပြ-ဦးဇော်လင်းထွန်း (စစ်ကိုင်း)၊ ဦးစိုးမိုး(ရောဝတီ)၊ ကြံ့ခိုင်ရေးနည်းပြ-ဦးမျိုးလှိုင်ဦး(ရန်ကုန်)၊ ဂိုးနည်းပြ-ဦးစိုင်းမောင်မောင်ဦး(ရတနာပုံ)၊ ကစားသမားများအဖြစ် **ဂိုးသမား**-ကျော်ဇင်ထက်(ရန်ကုန်)၊ ကျော်ဇင်ဖြိုး(ရောဝတီ)၊ နိုင်ဇေယျာထွန်း(ဇွဲကပင်)၊ **နောက်တန်း**-ဒေးဗစ်ဒန်း၊ ထိုက်ထိုက်အောင်၊ ဟိန်းသီဟဇော်(ရှမ်း)၊ သက်နိုင်၊ ဇော်ရဲထွန်း(ရတနာပုံ)၊ ဇော်မင်းထွန်း (ချောင်ဘူရီ)၊ ငြိမ်းချမ်း(ရခိုင်)၊ ပြည့်ဖြိုးဇော်၊ မင်းကျော်ခန့် (ရန်ကုန်)၊ **အလယ်တန်း**-လှိုင်းဘိုဘို(ရတနာပုံ)၊ မောင်မောင်ဝင်း (ဇွဲကပင်)၊ ချမ်းဦး(ရခိုင်)၊ လားဒင်မောရ(ဟံသာဝတီ)၊ ရန်နိုင်ဦး(ရှမ်း)၊ သီဟဇော်(ရောဝတီ)၊ အောင်လှိုင်ဝင်း၊ ကျော်စွာမင်း(စစ်ကိုင်း)၊ မောင်မောင်လွင်၊ ငြိမ်းချမ်းအောင် (ရန်ကုန်)၊ **ရှေ့တန်း**-အောင်သူ (မြောင်တောင်)၊ ဇင်မင်းထွန်း၊ ဒွေးကိုကိုချစ်(ရှမ်း)၊ အောင်မြင့်ထွန်း(မကွေး)၊ ဝင်းနိုင်စိုး(ရတနာပုံ)တို့ ပါဝင်ကြသည်။

**သတင်း-ရှိုင်းထက်ဇော်**

"မော်တော်ကားနည်းပညာပြုပြင် ထိန်းသိမ်းခြင်းဆိုင်ရာ သင်တန်းများ"

▶▶ ဂျပန်နိုင်ငံကုန်းလမ်းသယ်ယူပို့ဆောင်ရေးဌာန၏ Third Class Automotive Mechanic သင်ရိုးညွှန်းတမ်းများအတိုင်း အောက်ပါသင်တန်းကို မြန်မာနိုင်ငံတွင်ဖွင့်လှစ်ပို့ချပါမည်။

▶▶ သင်တန်းအမျိုးအစား - Diploma in Automotive Eng ; (Maintenance) ၊
သင်တန်းကာလ - One Year (တစ်နှစ်) ၊
လက်ခံမည့်ဦးရေ - (၅၀)ဦး ၊
သင်တန်းဖွင့်မည့်ရက် - 22 - 4 - 2019
သင်တန်းအပတ်စဉ် - (၃၄) ၊ (၃၅)
ပညာအရည်အချင်း - အနိမ့်ဆုံးအဆင့် တက္ကသိုလ်ဝင်တန်း သင်ယူဖူးသူများ ၊

သင်တန်းပြီးလျှင် ရနိုင်သောအခွင့်အရေးများ

- တန်းခွဲတိုင်းတွင် ပထမရရှိသော ကျောင်းသားများအတွက် ဂျပန်သို့ လေ့လာရေးခရီး စရိတ်ငြိမ်းသွားရောက်ခွင့်ရရှိခြင်း။
- Okayama နည်းပညာတက္ကသိုလ်တွင် ဘွဲ့အဆင့်ရှိ မော်တော်ကားနည်းပညာရပ်များ ဆက်လက် သင်ယူနိုင်ခြင်း ။ လက်ရှိ GLORY ကျောင်းသား (၅၀) ခန့် ဂျပန်တွင် ပညာသင်ယူနေပါသည်။
- မော်တော်ကားပညာရပ်ဖြင့် ဂျပန်နိုင်ငံတွင် အလုပ်လုပ်နိုင်ခြင်း။ လက်ရှိ GLORY ကျောင်းဆင်း (၂၀)ဦး ဂျပန် တွင် လုပ်ငန်းခွင် ဝင်ရောက်လျက်ရှိသည်။
- ပြည်တွင်းရှိ မော်တော်ကားနှင့်ဆက်စပ် ကုမ္ပဏီကြီးများ ၊ Service Centre များတွင် ဝင်ရောက်လုပ်ကိုင်နိုင်ခြင်း။
- ဂျပန်တွင် အလုပ်လုပ်ကိုင်နိုင်ရန် နှင့် ကျောင်းဆက်တက်ရန်တို့အတွက် GLORY မှ ကူညီဆောင်ရွက်ပေးခြင်း။

သင်တန်းဆင်း Mechanic များကို ခေါ်ယူလိုပါက GLORY ကိုဆက်သွယ်နိုင်ပါသည်။

▶▶ ဂျပန်နိုင်ငံကုန်းလမ်းသယ်ယူပို့ဆောင်ရေးဌာန၏ Second Class Automotive Mechanic သင်ရိုးညွှန်းတမ်းဖြင့် အောက်ပါသင်တန်းကို ဖွင့်လှစ်ပို့ချပါမည်။

▶▶ သင်တန်းအမျိုးအစား - Advanced Diploma in Automotive Eng ; (Maintenance)
သင်တန်းကာလ - 6 Months (၆လ) ၊
လက်ခံမည့်ဦးရေ - (၂၀)ဦး ၊
သင်တန်းဖွင့်မည့်ရက် - 22 - 4 - 2019
သင်တန်းအပတ်စဉ် - (၃)
ပညာအရည်အချင်း - OIST (Japan) ၏ Automotive Engineering Diploma (Third Class) အောင်မြင်ထားသူများ

သင်ကြားပေးမည့် အကြောင်းအရာများ

- Automotive Repair and Inspection
- Advanced Troubleshooting and Diagnosis
- Advanced Automotive System (GDI , Common Rail , Hybrid , DSC , Air Bag , Safety)
- Business Management and Customer Services
- အသုံးပြုမည့် သင်ထောက်ကူ ပစ္စည်းများ -
  - OBD Scanner အမျိုးမျိုး , Break Tester , Side Slip Tester , 5D Alignment Tester , Digital Oscilloscope , Exhaust Gas Tester , Compression Pressure Gauge နှင့် အခြား Special Tools and Measuring Instrument များ

▶▶ မော်တော်ကားတစ်စီးလုံးကို စာတွေ့ ၊ လက်တွေ့ သင်ကြားပေးခြင်း ဖြစ်ပြီး ဂျပန် Okayama နည်းပညာတက္ကသိုလ် မှ ဒီပလိုမာလက်မှတ်ချီးမြှင့်ပါမည်။

GLORY Room N0. 3 / 4 ၊ တထပ် ၊ ဗိုလ်မြတ်ထွန်းတာဝါ ၊ ဗိုလ်မြတ်ထွန်းလမ်း နှင့် မဟာဗန္ဓုလလမ်းထောင့်၊ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။
09-73121717 , 09-5197817 Facebook-GLORY Career Training Centre

## လှိုင်သာယာမြို့နယ်၊ သာယာဝတီ၊ မြေပုံနှင့် ဘားအံမြို့နယ်များတွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၈**

ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဆောင်သော သစ်တောဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရွှေလင်ဗန်းစက်မှုဇုန် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရွှေလင်ဗန်းစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၆ ရက်တွင် လှိုင်သာယာမြို့နယ် ရွှေလင်ဗန်းစက်မှုဇုန် ပြင်စည်မင်းသားကြီးလမ်း အမှတ်(၁၃၉) ခြံဝင်းအတွင်းရှိ ဂိုဒေါင်အတွင်းမှ ကျွန်း၊ ပိတောက်ခွဲသား ၅၆၉ ချောင်း (၇၇ ဒသမ ၈၂၀၄)တန်နှင့် မော်တော်ယာဉ် သုံးစီးတို့အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထို့အတူ သာယာဝတီခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သော သစ်တောဝန်ထမ်းများအဖွဲ့သည် သာယာဝတီတိုးဂိတ်နေရာတွင် ထွက်ပြေးမောင်းနှင်သွားသည့်ယာဉ်အား ပိတ်ဆို့ရှာဖွေဖမ်းဆီးရေး ဆောင်ရွက်ရာ သုံးဆယ်မြို့ အလယ်ကုန်းကျေးရွာ လမ်းဘေးတွင် တရားမဝင်ကျွန်းတံခါး အချပ် ၈၀ (၁ ဒသမ ၇၆၆၆) တန်နှင့် တံခါးပေါင် (သုည ဒသမ ၁၇၁၆) တန် စုစုပေါင်း ၁ ဒသမ ၉၃၈၅ တန်ကို လည်းကောင်း၊ ရခိုင်ပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး၏ ညွှန်ကြားချက်ဖြင့် မြေပုံမြို့နယ် သစ်တောဝန်ထမ်းများအဖွဲ့သည် နယ်မြေရှင်းလင်းခြင်း ဆောင်ရွက်ရာ မတ် ၇ ရက်တွင် စက်လှေတစ်စင်း၊ ပြစ်မှုကျူးလွန်သူငါးဦးနှင့်အတူ သင်ပုန်းခွဲသားဒုကြီးဆိုဒ်စုံ ခန့်မှန်း အချောင်း ၁၀၀ ခန့် (ခန့်မှန်း တန် ၂၀ ကို)လည်းကောင်း၊ ယင်းနေ့တွင်ပင် ဘားအံမြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများနှင့် ဇာသပြင်ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယာဉ်မောင်း စောစိုးနိုင်(ခ)စောစီတူ မောင်းနှင်လာသောယာဉ်အား စစ်ဆေးရာ ကျွန်းခွဲသား ၂၄၈ ချောင်း (၁ ဒသမ ၇၅၄၄ တန်)ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည့်အတွက် ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**မောင်လူမော်**

## မိတ္ထီလာ၌ ဒုတိယကမ္ဘာစစ်အတွင်း ကျဆုံးခဲ့သည့် ဂျပန်စစ်သည်တစ်ဦး၏ အရိုးစုအား မီးသင်္ဂြိုဟ်

**မိတ္ထီလာ မတ် ၈**

မိတ္ထီလာ၌ ဒုတိယကမ္ဘာစစ်အတွင်းက ကျဆုံးခဲ့သည့် ဂျပန်စစ်သည်တစ်ဦး၏ အရိုးစုအား မီးသင်္ဂြိုဟ်၍ ဂါရဝပြုခြင်းကို မတ် ၈ ရက် နံနက် ၁၀ နာရီက မြင်တော်ကန်သုသာန်တွင် ပြုလုပ်ခဲ့ကြောင်း ကျဆုံးဂျပန်စစ်သည်များ၏ အရိုးစုများရှာဖွေရေး JARRWC အဖွဲ့ခေါင်းဆောင် Mr.Akihiro shimoukai ထံမှ သိရသည်။

"ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာနိုင်ငံမှာ ကျဆုံးခဲ့တဲ့ ဂျပန်စစ်သည်တွေရဲ့အရိုးစုတွေ ရှာဖွေရေးအဖွဲ့အနေနဲ့ မိတ္ထီလာ အင်းပက်လက်ကျေးရွာအနီးမှာ တွေ့ရှိခဲ့တဲ့ ဂျပန်စစ်သည်ရဲ့အရိုးစုကို မီးသင်္ဂြိုဟ်ပြီး ဂါရဝပြုခြင်းဆောင်ရွက်တာပါ။ အရိုးစုတွေကို မီးရှို့သင်္ဂြိုဟ်ပြီး ပြာမဖြစ်ခင်အနေအထားမှာရှိတဲ့ အရိုးစုတွေကို ဂျပန်နိုင်ငံကို သယ်ဆောင်ပြီးတော့ ဂါရဝပြုပူဇော်မယ့်နေရာမှာ ထားရှိသွားမှာဖြစ်ပါတယ်"ဟု ဂျပန်စစ်သည်များ၏ အရိုးစုများရှာဖွေရေးအဖွဲ့ JARRWC (Japan Association For Recovery And Repatriation of War Casualties) ခေါင်းဆောင် Mr. Akihiro shimoukai က ပြောသည်။

ဂျပန်စစ်သည်များ၏ အရိုးစုများ ရှာဖွေရေးအဖွဲ့ JARRWC မှာ နိုင်ငံပေါင်းစုံ၌ စစ်ပွဲကာလများအတွင်း ကျဆုံးခဲ့သည့် ဂျပန်စစ်သည်များ၏ အရိုးစုများကို ရှာဖွေ၍ ဂျပန်နိုင်ငံသို့ ပြန်လည်သယ်ဆောင်ရေးကို ဆောင်ရွက်သည့်အဖွဲ့ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ၁၂ ဘီးတွဲယာဉ်တစ်စီး ညောင်လေးပင်မြို့ အာလောကွေ့၌ တိမ်းမှောက်

**ညောင်လေးပင် မတ် ၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၉၆/၂) နှင့် (၉၆/၃)အကြား အာလောကွေ့၌ မတ် ၈ ရက် ညနေ ၄ နာရီခွဲက ၁၂ ဘီးတွဲယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ မန္တလေးသို့ မောင်းနှင်လာသော သွပ်များ တင်ဆောင်လာသည့် ၁၂ ဘီးတွဲယာဉ်သည် အာလောကွေ့၌ တိမ်းမှောက်ခဲ့ရာ ယာဉ်မောင်းမှာ ယာဉ်အတွင်း ညပ်မိနေ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းကယ်ထုတ်ခဲ့ပြီး ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်အား ညောင်လေးပင်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။



ဖြစ်စဉ်နှင့်ပတ်သက်၍ ညောင်လေးပင်မြို့မရဲစခန်းက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲမြန်မာ(ညောင်လေးပင်)**

## မိတ္ထီလာမြို့နယ်၌ လက်ပစ်ဗုံးအသေးအား ဆော့ကစားစဉ် ပေါက်ကွဲသဖြင့် နှစ်ဦးသေဆုံး

**မိတ္ထီလာ မတ် ၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် အင်ပင်ဝကျေးရွာ၌ ယနေ့နံနက် ၇ နာရီ မိနစ် ၄၀ တွင် သီးနှံများချိန်တွယ်ရာတွင် အသုံးပြုသော ကတ္တားနှင့် ၉၁ လက်ပစ်ဗုံးအသေးကို ထုရိုက်ကစားစဉ် ပေါက်ကွဲ၍ ၇ တန်းကျောင်းသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အင်ပင်ဝကျေးရွာနေ ဦးခိုင်စိုး၏ သားဖြစ်သူ ချစ်သဲစိုး (၁၂) နှစ် သည် နေအိမ်ရှေ့၌ သီးနှံများချိန်တွယ်ရာတွင် အသုံးပြုသော ကတ္တားနှင့် ၉၁ လက်ပစ်ဗုံးအသေးအား ထုရိုက်ဆော့ကစားစဉ် ဗုံးသီးပေါက်ကွဲ၍ အနီးရှိ သမီးဖြစ်သူ မရီမာခိုင် (၂၁)နှစ်နှင့် ချစ်သဲစိုးတွင် ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သည်။

တာဝန်ရှိသူများက ဖြစ်စဉ်အား စစ်ဆေးရာ အဆိုပါဗုံးသီးအား ကျေးရွာတောင်ဘက် ငါးမိုင်ခန့်အကွာ ဆိတ်ကျောင်းသွားရာတွင် မရီမာခိုင်နှင့် ချစ်သဲစိုးတို့က ယာကွင်းပြင်အတွင်းမှ တွေ့ရှိရ၍ နေအိမ်သို့ ယူဆောင်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ကျော် (မလှိုင်)**



# ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု လာဘ်ကောင်ပုံစံ ဒီဇိုင်းပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် မတ် ၈**

ရန်ကုန်တိုင်းဒေသကြီး ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကဏ္ဍတွင် အသုံးပြုရန်အတွက် ရေးဆွဲထားသော ပစ်တိုင်းထောင်ရုပ် လာဘ်ကောင်ပုံစံ(Mascot) ဒီဇိုင်းပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုလွှာပေးအပ်ပွဲ အခမ်းအနားကို မတ် ၇ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

လာဘ်ကောင်ပုံစံ(Mascot)ဒီဇိုင်းပြိုင်ပွဲကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် အွန်လိုင်းမှ ပြိုင်ပွဲဝင်များအား ဖိတ်ခေါ်ခဲ့ပြီး ပြိုင်ပွဲဝင်စုစုပေါင်း ၂၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ပြိုင်ပွဲဝင်နှစ်ဦးမှာ သတ်မှတ်စည်းကမ်းချက်များနှင့် မကိုက်ညီသောကြောင့် ၁၉ ဦးသာ ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။

အဆိုပါ ၁၉ ဦးအနက်မှ အမှတ်အများဆုံး ငါးဦးကို အများပြည်သူက အွန်လိုင်းမှ မဲပေးရွေးချယ်စနစ်နှင့် ရွေးချယ်ရေးကော်မတီ၏ အမှတ်ပေးစနစ်ဖြင့် နှစ်ခုပေါင်းကာ ရွေးချယ်ခဲ့ပြီး ပထမဆုတစ်ဦးနှင့် နှစ်သိမ့်ဆု လေးဦးကို ဆုများချီးမြှင့်ခဲ့သည်။

လာဘ်ကောင်ပုံစံ(Mascot)ဒီဇိုင်းရေးဆွဲမည့် ပြိုင်ပွဲဝင်များကို သတ်မှတ်ထားသော စည်းကမ်းချက်များ၊ အရောင်များ၊ ရန်ကုန်တိုင်းဒေသကြီး၏ အထင်ကရ အဆောက်အအုံ ဝိသေသနလက္ခဏာ အမှတ်အသားများနှင့်အညီ ၎င်းတို့၏ စိတ်ကူးပုံဖော်မှုများ ပေါင်းစပ်ကာ ရေးဆွဲစေပြီး အမှတ်အများဆုံးရရှိသည့် ငါးဦးကို စိစစ်ရွေးချယ်ကာ ဆုများချီးမြှင့်ခဲ့ခြင်းဖြစ်ရာ ပထမဆုကို ဦးပြည့်စုံဝေဖြိုးကလည်းကောင်း၊ နှစ်သိမ့်ဆု (၁)ကို ဦးစိုးမင်းဆွေကလည်းကောင်း၊ နှစ်သိမ့်ဆု(၂)ကို ဒေါ်ခိုင်ဇာမွန်ကလည်းကောင်း၊ နှစ်သိမ့်ဆု(၃)ကို ဦးထက်အောင်ကလည်းကောင်း၊ နှစ်သိမ့်ဆု(၄)ကို ဦးမြင့်ထူးအောင်ကလည်းကောင်း အသီးသီးရရှိခဲ့ကြသည်။

ပထမဆုရရှိသည့် ဦးပြည့်စုံဝေဖြိုးက "ဒီဇိုင်းကတော့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တရားဝင်သတ်မှတ်ပေးထားတဲ့ ပစ်တိုင်းထောင်လာဘ်ကောင်ရုပ်ပါ။ သူတို့သတ်မှတ်ပေးထားတဲ့အရောင်ရယ်၊ အရုပ်ရယ်ကို ကိုယ့်စိတ်ကူးပုံစံနဲ့ ရေးဆွဲပြီးတော့ ဆုရရှိခဲ့တာ ဖြစ်ပါတယ်။ ဒီဇိုင်းဆွဲတဲ့နေရာမှာ ရန်ကုန်မြို့ရဲ့ အထင်ကရ အဆောက်အအုံတွေရယ်၊ အထိမ်းအမှတ်တံဆိပ်တွေကို ယူထားပါတယ်။ ပစ်တိုင်းထောင်ရဲ့ခေါင်းက သရဖူက ရန်ကုန်မြို့ရဲ့အထင်ကရဖြစ်တဲ့ မြို့တော်ခန်းမရဲ့ခေါင်မိုးကို



ယူပြီးဆွဲထားတာဖြစ်ပါတယ်။ ပစ်တိုင်းထောင်နဲ့ပတ်သက်တဲ့ အချက်အလက်တွေရှာရတယ်။ အင်တာနက်က လေ့လာရတာတွေလည်း ရှိပါတယ်။ ရေးဆွဲတာ သုံးပတ်လောက်တော့ ကြာပါတယ်။ အလွန်အားစိုက်ခဲ့တဲ့အတွက် ဆုရမယ်လို့လည်း မျှော်လင့်ထားပါတယ်။ ဆုရရှိတဲ့အတွက်လည်း ဝမ်းသာပါတယ်"ဟု ပြောသည်။

ယင်းနေ့ ကျင်းပသော အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်အဖွဲ့က ဆုရရှိသူများအား ဆုနှင့်ဂုဏ်ပြုလွှာများ ပေးအပ်ချီးမြှင့်သည်။

**အေးမင်းသူ**


# စာပေနှင့် ပန်းချီ ပညာဒါန သင်တန်းများကို ဆရာဇော်ဂျီစာကြည့်တိုက်၌ ဖွင့်လှစ်မည်

**ဖျာပုံ မတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ရှိ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်နှင့် ဖျာပုံမြို့နယ်စာရေးဆရာအသင်း၊ မြန်မာနိုင်ငံပန်းချီ၊ ပန်းပုအစည်းအရုံး(ဖျာပုံ)တို့ ပူးပေါင်း၍ စာစီစာကုံး၊ ကဗျာရေးသားနည်းနှင့် ပန်းချီအခြေခံသင်တန်းများကို မတ် ၁၉ ရက်မှစ၍ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက် တိုးချဲ့ဆောင်သစ်၌ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နွေရာသီ ပန်းချီအခြေခံသင်တန်းတွင် အသက် ခုနစ်နှစ်အရွယ်မှစ၍ အသက် အကန့်အသတ်မရှိ တက်ရောက်နိုင်ပြီး စာစီစာကုံးနှင့် ကဗျာရေးနည်းသင်တန်းသို့ အခြေခံပညာ အလယ်တန်းအဆင့်မှစ၍ အသက် အကန့်အသတ်မရှိ တက်ရောက်နိုင်မည်ဖြစ်သည်။

သင်တန်းအားလုံးကို သက်ဆိုင်ရာ ဘာသာရပ်အလိုက် ကျွမ်းကျင်သူများက အခမဲ့သင်ကြားပို့ချမည့်အပြင် သင်ထောက်ကူပစ္စည်းများပါ ပေးအပ်သင်ကြားပေးမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများအနေဖြင့် မတ် ၁၅ ရက်နောက်ဆုံးထား၍ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်တွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**



# မြန်မာ့လူ့ဘောင် ရှင်သန်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သည့်အတွက် ဂုဏ်ပြု

**ပုသိမ် မတ် ၈**

"ခွင့်တူညီရေးစဉ်းစားလို့ စွမ်းရည်မြှင့်ရေး အလေးပေးဖို့ ပြောင်းလဲမှုကိုဖန်တီးစို့" ဆောင်ပုဒ်နှင့်အညီ ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ် အခမ်းအနားကို မတ် ၈ ရက် နံနက်ပိုင်းက ပုသိမ်မြို့တော်ခန်းမတွင်ကျင်းပသည်။

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က မြန်မာနိုင်ငံသည်အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (UN-CEDAW) ကို ၁၉၉၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး စာချုပ်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသမီးများဘဝ လုံခြုံကာခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်ခံရမှုများ မရှိစေရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာအမျိုးသမီးများသည် မြန်မာ့သမိုင်းစဉ်တစ်လျှောက် အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားအောင် စံနမူနာအဖြစ် ကြိုးပမ်းရာတွင်လည်းကောင်း၊ မြန်မာ့လူ့ဘောင် ရှင်သန်ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ရာတွင်လည်းကောင်း၊ နောင်တစ်ခေတ်၏ ခေါင်းဆောင်များဖြစ်သည့် မျိုးဆက်သစ်လူငယ်များကို ပြုစုပျိုးထောင်ပေးရာတွင်လည်းကောင်း၊ ကျရာတာဝန်များကို ကျေပွန်စွာ ပါဝင်ဆောင်ရွက်ကြတဲ့ အမျိုးသမီးထုကြီး၏ စွမ်းပကားကို ယခုလို အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားတွင် ဂုဏ်ပြုမှတ်တမ်းတင်နိုင်ခြင်းသည် မြန်မာအမျိုးသမီးတိုင်းအတွက် အထူးဂုဏ်ယူကျေနပ်ဖွယ်ရာဖြစ်ကြောင်း၊ အမျိုးသမီးများအတွက် စွမ်းရည်မြှင့်တင်မှုတွေကို ထိထိရောက်ရောက် ဆောင်ရွက်ပေးခြင်းဖြင့် တန်းတူညီမျှသည့် အခွင့်အရေးရရှိရေး အားလုံးဝိုင်းဝန်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ပညာပေးဗီဒီယိုနှင့် အသိပညာပေးပြဇာတ်ကို ဖျော်ဖြေပြသသည်။ ထို့နောက် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနားအတွက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ လှမြတ်သွေးက ဖတ်ကြားသည်။

ငင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီးနှင့် တာဝန်ရှိသူများက ထူးချွန်အမျိုးသမီးများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက အမျိုးသမီးများ၏ ကုန်ထုတ်လက်ရာများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။ **မောင်မောင်မြင့် (ပြန်/ဆက်)**





# အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနား ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် တက်ရောက်

**ဟားခါး မတ် ၈**

၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ်အခမ်းအနားကို မတ် ၈ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးစုပေါင်းခန်းမ၌ ကျင်းပသည်။

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က အမှာစကားပြောကြားပြီး ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ထံမှပေးပို့သည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့သဝဏ်လွှာကို ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးမင်းညွန့်က ဖတ်ကြားသည်။

ချင်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌကိုယ်စား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက အမျိုးသမီးများ၏ဘဝ ဖွံ့ဖြိုးတိုးတက်စေရေး၊ အမျိုးသမီးများ၏ အခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရေးအတွက် ပြည်နယ်အတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုများ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် အမျိုးသမီးများဘဝ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံတကာလူမှုအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြောင်း သိရသည်။

**မြင့်နိုင်စိုး (ထီးလှိုင်မြေ)**

# လားရှိုးမြို့ရှိ လူထုအခြေပြုဗဟိုဌာန အာရ်စီ ခုနစ်ထပ် အဆောက်အအုံ ဆောက်လုပ်နေမှု လုပ်ငန်းခွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် ကြည့်ရှုစစ်ဆေး

**လားရှိုး မတ် ၈**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့နံနက် ၈ နာရီတွင် လားရှိုးမြို့ရှိ လူထုအခြေပြုဗဟိုဌာန အာရ်စီ ခုနစ်ထပ် အဆောက်အအုံ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ယူတည်ဆောက်နေသော မြန်မာ့ကြယ်စင်လင်း ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်လင်းက အဆောက်အအုံတည်ဆောက်နေမှုလုပ်ငန်း အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**လေ့ကျင့်ရေးကွင်းများ ပါဝင်**

အဆိုပါ အဆောက်အအုံသည် အာရ်စီ ခုနစ်ထပ် အဆောက်အအုံဖြစ်ပြီး အလျား ၆၅ ပေ၊ အနံ ၄၁ ပေရှိကာ စာအုပ်အရောင်းဆိုင်၊ ကလေးစာဖတ်ခန်း၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်း၊ ပြည်သူ့စာကြည့်တိုက်ခန်းမ၊ သင်တန်းခန်းမ၊ အနုပညာခန်းမ၊ ဘက်စုံသုံးခန်းမ၊ အစည်းအဝေးခန်းနှင့် အားကစားခန်းမ၊ ဟင်းလင်းပြင်လေ့ကျင့်ရေးကွင်းများ ပါဝင်ကြောင်း သိရသည်။

**တက်ရောက်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြန်မာနိုင်ငံ ဆရာဝန်အသင်း(လားရှိုး)၏ ဆဋ္ဌမအကြိမ်မြောက် ဆေးပညာညီလာခံအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဟန်ဌေး(လားရှိုး)**

# အမျိုးသမီးများ၏ စွမ်းဆောင်နိုင်မှု၊ ဦးဆောင်နိုင်မှုနှင့် အမျိုးသမီးများ၏ကဏ္ဍ အရေးပါ

**စစ်တွေ မတ် ၈**

အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနားကို မတ် ၈ရက် နံနက် ၉ နာရီတွင် စစ်တွေမြို့ ဦးဉတ္တမခန်းမ၌ ကျင်းပသည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အမျိုးသမီးများ၏ စွမ်းဆောင်နိုင်မှု၊ ဦးဆောင်နိုင်မှုနှင့် အမျိုးသမီးများ၏ ကဏ္ဍအရေးပါမှု၊ အရေးကြီးမှုတွေကြောင့် အမျိုးသမီးများ၏အနာဂတ် နောင်လာနောက်သားများအတွက် မျှော်မှန်းပြီး ကျင်းပခြင်းဖြစ်ကြောင်း၊ အမျိုးသမီးများတွင် လိုအပ်နေသည့် လိုအပ်ချက်များ၊ အခွင့်အရေးများ၊ အကာအကွယ်များနှင့် ဥပဒေများကဲ့သို့သောကိစ္စများကို မိမိတို့နိုင်ငံအနေဖြင့် ပြည့်ပြည့်ဝဝ ပြဋ္ဌာန်းကျင့်သုံးနိုင်ရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်ယဉ်ယဉ်ပြုံးက ရခိုင်ပြည်နယ်အတွင်း အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး ကမ္ဘာ့ကုလသမဂ္ဂမှပေးပို့သော အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့သဝဏ်လွှာကို UNFPA မှ ရခိုင်ပြည်နယ်တာဝန်ခံက ဖတ်ကြားသည်။

ယင်းနောက် မူကြိုကျောင်းများမှ ကလေးငယ်များက ကပြဖျော်ဖြေတင်ဆက်ကြပြီး ကျား/မတန်းတူညီမျှရေးနှင့် အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ရေး အသိပညာပေးပြဇာတ်တင်ဆက်ကပြခြင်းနှင့် စစ်တွေ တက္ကသိုလ် ကျောင်းသား ကျောင်းသူများက ကျား/မ တန်းတူညီမျှရေး Debate အစီအစဉ်ဖြင့် ယှဉ်ပြိုင်ခြင်းတို့ဖြင့် တင်ဆက်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များ ပေးအပ်ကြကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

ဒေါက်တာဦးကျော်ကျော်စိုး + ဆရာမကြီးဒေါ်ယဉ်စိမ်း ၁၉၉၆ တွင်တည်ထောင်သည်။



ZWARE FAMILY EDUCATION CENTRE
ဇွဲပညာ့ဗိမာန်
Since 1996

ဦးဝေဖြိုး M.Sc(Chem:)
ကိုယ်တိုင်သင်ကြားအုပ်ချုပ်သော

ဇွဲပညာ့ဗိမာန်
ရ၈၈၉၁၀၀တန်း

၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ။
ကျား/မဘော်ဒါဆောင် သီးသန့်စီစဉ်ထားရှိသည်။

စခန်းသွင်းဘော်ဒါနှင့်အဆင့်မြင့်စာသင်ဝိုင်းများ

(၄၉၈/၄၉၉)၊ ဓမ္မာရုံလမ်းမကြီး၊ ၆မိုင်ခွဲ၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်။

၂၂.၁၂.၂၀၁၈ နေ့တွင်ကျင်းပသော ဆုပေးပွဲ၌ ၆ဘာသာ ဂုဏ်ထူးရှင်(၆)ဦး၊ ၅ဘာသာဂုဏ်ထူးရှင်(၂)ဦး၊ ၄ဘာသာဂုဏ်ထူးရှင်(၆)ဦး၊ ၃ဘာသာဂုဏ်ထူးရှင်(၆)ဦး၊ ၂ဘာသာဂုဏ်ထူးရှင် (၁၄)ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင်(၂၂)ဦးတို့ကို ဂုဏ်ယူစွာ ချီးမြှင့်ခဲ့ပါသည်။

- အမှတ်ပေါင်း ၅၃၀နှင့်အထက် ထူးချွန်ကျောင်းသား၊ ကျောင်းသူများ နှစ်စဉ်ပေါ်ထွန်းရာ ဇွဲပညာ့ဗိမာန်ပါ။
- လူငယ်ရေးနှင့် အရည်အသွေးများ ထိန်းသိမ်းထားခြင်းကြောင့် ဝိုင်း၊ ဘော်ဒါအတွက် ကြိုတင်အပ်နှံမှုသာ နေရာစိတ်ချရပါမည်။

DAY - မတ်လဆန်းဖွင့်မည်။ ဘော်ဒါ - မတ်လ (၂၂) ရက်နေ့ဖွင့်မည်။

Ph: 09-50 777 57, 09-514 3973

# နည်းပညာတက္ကသိုလ် (ဘားအံ) မဟာသင်္ကြန်အကြိုပွဲတော် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဆင်နွှဲ



**ဘားအံ မတ် ၈**

ကရင်ပြည်နယ် ဘားအံမြို့တွင် နည်းပညာတက္ကသိုလ် (ဘားအံ) ကျောင်းသားသမဂ္ဂမှဦးစီး၍ စတုတ္ထအကြိမ် မဟာသင်္ကြန်အကြိုပွဲတော်ကို မတ် ၇ ရက် နံနက်ပိုင်းက အဆိုပါ တက္ကသိုလ်ပရဝုဏ်အတွင်း၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

နည်းပညာတက္ကသိုလ်(ဘားအံ)တွင် Mechanical Power၊ Electrical power၊ Electronic Engineering၊ Civil Engineering မေဂျာ လေးခု၌ ကျောင်းသား ကျောင်းသူ ၈၀၀ ကျော်ခန့် တက်ရောက်ပညာသင်ကြားနေကြပြီး ယခုကျင်းပသည့် မဟာသင်္ကြန်အကြိုပွဲတော်သည် ကျောင်းသားသမဂ္ဂမှ ပထမဦးဆုံး ဦးဆောင်ကျင်းပသည့်ပွဲတော်ဖြစ်ကာ ကျောင်းသား ကျောင်းသူများ စည်းစည်းလုံးလုံး ပျော်ပျော်ရွှင်ရွှင်ဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာများကို ထိန်းသိမ်း၍ တစ်ဦးတစ်ယောက်ခြင်းမှ အသင်းအဖွဲ့အနေဖြင့် စုပေါင်းလုပ်ဆောင်တတ်လာစေရန်၊ ကိုယ်ရည်ကိုယ်သွေးများ မြင့်တက်လာစေရန်၊ တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးမှုပိုမိုရရှိပြီး တက္ကသိုလ်ကျောင်းသားဘဝကို ပျော်ပျော်ရွှင်ရွှင်ဖြင့် ဖြတ်သန်းသွားနိုင်ကြစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မဟာသင်္ကြန်အကြိုပွဲတော် ပျော်ပွဲရွှင်ပွဲများအနေဖြင့် ဧည့်ခံကျွေးမွေးရေး စတုဒိသာမဏ္ဍပ်လေးခုမှ သစ်သီးဖျော်ရည်၊ မုန့်လုံးရေပေါ်၊ မုန့်လက်ဆောင်း၊ ရွှေရင်အေး၊ သင်္ကြန်ထမင်းများဖြင့် တည်ခင်းဧည့်ခံပြီး မြန်မာ့ရိုးရာ အစဉ်အလာများနှင့်အညီ မေဂျာပေါင်းစုံမှ ယိမ်းအကများ အပြင် ကျောင်းသားသမဂ္ဂ၏ သံချပ်အဖွဲ့တို့ဖြင့် ကပြဖျော်ဖြေကာ နည်းပညာကျောင်းသားများဖြစ်သည်နှင့်အညီ ခေတ်နှင့်လျော်ညီစွာ Dj Offl!3၊ B2B၊ 3RROR-404 အစရှိသည့် ဒီဂျေပညာရှင်များ၏ ဖျော်ဖြေမှုများဖြင့် မဟာသင်္ကြန်ပွဲတော်အတိုင်း စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ရာ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# အညာဒေသ၏ လယ်တောသခင် ပုန်းမကြည်ရှင်မပူဇော်ပွဲ ရိုးရာမပျက်ကျင်းပ

**ကျောက်ပန်းတောင်း မတ် ၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် တပေါင်းလဆန်း ၃ ရက် (မတ် ၈ ရက်) တွင် အညာဒေသ၏ရိုးရာ လယ်တောသခင် ပုန်းမကြည်ရှင်မ ပူဇော်ပသပွဲအား လယ်၊ ယာ၊ ကိုင်း၊ ကျွန်း၊ ဥယျာဉ်ခြံမြေ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်ကြသူတိုင်း ရိုးရာဓလေ့အား ကိုယ်တိုင်ပြုလုပ်သည့် မုန့်များဖြင့် ပူဇော်ပသလေ့ရှိသည်။

တပေါင်းလဆန်း (၁) ရက်မှစတင်ကာ ကောက်ညှင်းဆန်၊ ဆန်ကြမ်း၊ ဂျုံမှုန့်တို့ဖြင့် မုန့်ဆီကြော်အဖြူအနီ၊ နွားရုပ်၊ ကျွဲရုပ်၊ ငွေဒင်္ဂါးပြားများ၊ စပါးကျည်ပုံများ၊ လယ်ယာထွက်ကုန်ပစ္စည်းပုံ ပုံစံအမျိုးမျိုးပြုလုပ်ကာ ပုန်းမကြည်အရှင်သခင်မ ပူဇော်မည့် ထမင်းအိုး၊ ထမင်းချိုင့်ထဲတွင် ထမင်း၊ မုန့်ဆီကြော်၊ မုန့်ဖြင့်ပြုလုပ်ထားသည့် အရုပ်များ၊ ဘဲဥ၊ ကြက်ဥ၊ ငါးခြောက်၊ ပဲကြီးဥ၊ လက်ဖက်တို့ဖြင့် ပူဇော်ပသလေ့ရှိကြောင်း သိရသည်။

တန်ပေါင်းလဆန်း (၁) ရက်၊ (၂) ရက်၊ (၃) ရက်တို့တွင် တိုက်ခတ်သည့်လေကို ခန့်မှန်း၍လည်း တစ်နှစ်ပတ်လုံး ရာသီဥတုခန့်မှန်းကြကြောင်း၊ တပေါင်းလဆန်း(၁)ရက်နေ့ လေတိုက်လျှင် မိုးဦးကောင်းမည်ဖြစ်ကြောင်း၊ တပေါင်းလဆန်း (၂) ရက်နေ့ လေတိုက်လျှင် မိုးလယ်မိုးကောင်းမည်ဖြစ်ကြောင်း၊ တပေါင်းလဆန်း (၃) ရက်နေ့ လေတိုက်လျှင် မိုးနှောင်းမိုး (နောက်ပိုင်းမိုး)ကောင်းမည်ဖြစ်ကြောင်းကိုလည်း သားစဉ်မြေးဆက် လက်ဆင့်ကမ်းလာခဲ့သော မိုးလေဝသခန့်မှန်းနည်းများဖြစ်ကြောင်း သိခဲ့ရသည်။

လယ်တောများစောင့်ရှောက်သူ၊ ထန်းတောများစောင့်ရှောက်သူ၊ မွေးမြူရေးခြံများစောင့်ရှောက်သူ၊ တောထဲယာထဲ အလုပ်လုပ်သည့်အခါတွင် အမြဲစောင့်ရှောက်ကူညီသူဖြစ်သော လယ်တောသခင် ပုန်းမကြည်ရှင်မအား ရိုးရာဓလေ့တစ်ခုအနေဖြင့် နှစ်စဉ်နှစ်တိုင်း ပူဇော်ပသလာခဲ့ကြောင်း သိရသည်။

**ကိုထိန်(ငါ့သရောက်)**

# ရွှေနတ်တောင်ဆည်ရေဖြင့် နွေစပါးပြန်လည်စိုက်ပျိုး

**မော်လမြိုင် မတ် ၈**

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရွှေနတ်တောင်ဆည်ရေဖြင့် နွေစပါးများ ပြန်လည်စိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း မွန်ပြည်နယ် ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာနမှ သိရသည်။

"နွေစပါးတွေစိုက်ပျိုးဖို့ တောင်သူတွေက စိတ်ဝင်စားမှုနည်းပါးလာလို့ သုံးနှစ်လောက် ရပ်နားခဲ့ရတာပါ။ အခုတော့ တောင်သူတွေရဲ့လိုအပ်ချက်တွေကို ညှိနှိုင်းဆောင်ရွက်ပေးနိုင်လို့ ယခုနှစ်မတ်လဆန်းကနေစတင်ပြီး နွေစပါးကို စိုက်ပျိုးနေကြပါတယ်" ဟု အဆိုပါဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြဝင်းက ပြောသည်။



ရွှေနတ်တောင်ဆည်ရေဖြင့် စိုက်ပျိုးလျက်ရှိသော နွေစပါးစိုက်ခင်း

ယခုနှစ်တွင် တောင်သူလယ်သမားကြီးများ၏ လိုအပ်သည့်မျိုးစပါးများ၊ ရေအလုံအလောက်ရှိရေးနှင့် ထွန်ယက်နိုင်သည့် ထွန်စက်အပါအဝင် စက်ယန္တရားများကို ပြည်နယ်အဆင့် ဌာဆိုင်ရာများ၏ ပံ့ပိုးမှုကြောင့် လျာထားသတ်မှတ်ဧက ၁၁၀ ထက်ကျော်လွန်ကာ ၁၂၃ ဧကစိုက်ပျိုးထားကြောင်း အဆိုပါဌာနမှ သိရသည်။

**မျိုးခန့်(မွန်)**

## တိုတိုထွာထွာဖတ်စရာ

### ခင်ဦးမြို့နယ်၌ ကျေးရွာ ၃၇ ရွာ မီးလင်းရေးဆောင်ရွက်

**ခင်ဦး**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်တွင် ကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP) ပထမအဆင့်ကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက ကြီးကြပ်၍ Helta Light Engineering ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါစီမံကိန်းကို ၁၁ ကေဗွီဓာတ်အားလိုင်းမှ နှစ်မိုင်အတွင်းကွာဝေးသော ကျေးရွာအုပ်စု ၂၂ အုပ်စုမှ ကျေးရွာပေါင်း ၃၇ ရွာကို ဆောင်ရွက်ခြင်းဖြစ်ပြီး ယနေ့အထိ ကျေးရွာပေါင်း ၁၃ ရွာကို လျှပ်စစ်မီးတိုင်များ စိုက်ထူခြင်းလုပ်ငန်းများပြီးစီး၍ ကျန်ကျေးရွာများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ယခုစီမံကိန်းလုပ်ငန်း ဆောင်ရွက်ပြီးစီးသွားပါက ခင်ဦးမြို့နယ်ရှိ ကျေးရွာပေါင်း ၇၄ ရွာ လျှပ်စစ်ဓာတ်အားစနစ်ဖြင့် မီးလင်းမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမင်းအောင်၏ ပြောကြားချက်အရ သိရသည်။

**ခင်ဦးစိုးဝေ**

### ယာဉ်အန္တရာယ်ကင်းရှင်းစေရေး စစ်ဆေး

**မန္တလေး**

အမြန်လမ်းခရီးသွားပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေး၊ ယာဉ်မတော်တဆမှုလျော့နည်းကျဆင်းစေရေးအတွက် အမြန်လမ်းရဲတပ်ဖွဲ့မှ မန္တလေး-နေပြည်တော်လမ်း မန္တလေးမြို့ထွက် စကားအင်းတိုးဂိတ်နှင့်မိတ္ထီလာမြို့နယ် သီးကုန်းတိုးဂိတ်တို့တွင် မတ် ၅ ရက် ညနေ ၅ နာရီမှစ၍ ယာဉ်မောင်းများအား သတ်မှတ်ကီလိုအမြန်နှုန်းအတိုင်း မောင်းနှင်ကြရန်၊ ခရီးသည်များအား အသက်ကယ်ထိုင်ခုံခါးပတ်များပတ်ကြရန် အသိပေးနှိုးဆော်ခြင်း၊ ခရီးသည်တင်ယာဉ်တွင် မီးသတ်ဆေးဘူးများ ပါ၊ မပါ စစ်ဆေးခြင်း၊ ရုတ်တရက် ယာဉ်မီးလောင်မှုတွင် မီးသတ်ဆေးဘူးအသုံးပြုပုံများအား ရှင်းပြခြင်းများကို အမြန်လမ်းရဲတပ်ဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**



**ကြည့်မြင်တိုင်မြို့နယ် ဈေးကလေးရပ်ကွက်အုပ်ရေးမှူးရုံး၌ မတ် ၆ ရက်က မှုခင်းကျဆင်းရေးနှင့် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မှုခင်းအသိပညာပေး ဟောပြောပွဲတွင် နယ်ထိန်းအရာရှိ ရဲအုပ် ဇော်လင်းထိုက်က ပြည်သူများအား ဟောပြောဆွေးနွေးစဉ်။** တင်ဝင်းတင်

### မှုခင်းကျဆင်းရေး အသိပညာပေး

**ရန်ကုန်**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်လင်းနှင့် မြို့မရဲစခန်းမှူး ဒုရဲမှူး ထွန်းထွန်းနိုင်တို့သည် မတ် ၈ ရက် မွန်းလွဲ ၂ နာရီက ဗိုလ်ထွန်းဇံရပ်ကွက်ဓမ္မာရုံ၌ မှုခင်းကျဆင်းရေး အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုရဲ**

### နွေသီးနှံစိုက်ပျိုးရန် စိုက်ပျိုးရေပေးဝေ

**ရမည်းသင်း**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်း နွေသီးနှံစိုက်ပျိုးရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ခုနှစ် နွေသီးနှံစိုက်ပျိုးရန် စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း သိရသည်။

၂၀၁၈-၂၀၁၉ ခုနှစ် နွေသီးနှံစိုက်ပျိုးရန် ရေပေးဝေရာတွင် သစ်ဆုံဆည်မှ ဆည်ရေသောက်ဒေသတွင် နွေစပါး ၁၀၃ ဧက၊ မိုးကြိုဝါ ဧက ၁၀၀ စိုက်ပျိုးရန်အတွက်လည်းကောင်း၊ ကျိုးနီကန်မှ ကန်ရေသောက်ဒေသတွင် နွေစပါး ဧက ၆၀၀ နှင့် မိုးကြိုဝါဧက ၅၅၀ စိုက်ပျိုးရန်လျာထားပြီး မြို့နယ်အတွင်း ယခင်နှစ်မိုးရာသီက မိုးရွာသွန်းမှုနည်းပါး၍ ကျေးရွာများနှင့် မြို့နယ်ရှိကန်များတွင် ရေသိုလှောင်ရရှိမှုနည်းပါးသဖြင့် ကျေးရွာများရှိ အများသုံးကန်များနှင့် မြို့နယ်ရှိကန်များကို ယခင်နှစ်များအတိုင်း ရေဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်သန်းတင့်**

တိုတိုထွာထွာဖတ်စရာ

## ကသာခရိုင် ထွေအုပ်ဦးစီးဌာနရုံးတွင် ညှိနှိုင်းကြိုကောင်တာထားရှိ

**ကသာ**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ အမှတ် (၇) ရပ်ကွက်ရှိ ရုံးပေါင်းစုံကြီးအတွင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ဒေသခံပြည်သူများ၏ လုပ်ငန်းကိစ္စများ အဆင်ပြေစွာ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်ကာ ညှိနှိုင်းကြိုကောင်တာကို မတ် ၅ ရက်မှ စတင်၍ နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ဖွင့်လှစ်ထားရှိသည်။

အဆိုပါ ညှိနှိုင်းကြိုကောင်တာ တွင် တာဝန်ကျဝန်ထမ်းနှစ်ဦးထားရှိပြီး ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးသည်။

**ဟန်မျိုးကျော်(ကသာ)**

## ဆိုင်ကယ်ပြင်သင်တန်း သန်လျင်၌ ဖွင့်လှစ်

**ရန်ကုန်**

သန်လျင်မြို့နယ်တွင် ဆိုင်ကယ်ပြင်သင်တန်းဖွင့်ပွဲကို မတ် ၅ ရက် နံနက် ၉ နာရီက မင်္ဂလွန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုမွန်ဝင်းက ဆိုင်ကယ်ပြင်သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ မတ် ၅ ရက်မှ ၂၄ ရက်အထိ ဖြစ်ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

## မှိုစိုက်ပျိုးရေးသင်တန်းဆင်းပွဲကျင်းပ

**တပ်ကုန်း**

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် မှိုစိုက်ပျိုးရေးသင်တန်းအမှတ်စဉ် (၂/၂၀၁၉) သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၇ ရက် မွန်းလွဲ ၂ နာရီခွဲက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

သင်တန်းသုံးရက်ကြာဖွင့်လှစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၂၀ အား မြေပြင်စိုက်ကျင်းတွင် လက်တွေ့စိုက်ပျိုးနည်း၊ မှိုကျင်းပြုစုနည်း၊ မှိုခူးဆွတ်နည်းများ သင်ကြားပေးခဲ့သည်။

**တင်စိုးလွင် (ပြန်/ဆက်)**

## ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း တံတားအမှတ် ၃၀၅ တည်ဆောက်နိုင်ရန် လမ်းလွှဲများဆောင်ရွက်

**ရေတာရှည် မတ် ၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ဆွာချောင်းတမံ ပင်မရေပိုလွှဲကျိုးပေါက်မှုကြောင့် ရေကြီးရေလျှံမှုဖြစ်စဉ်၌ ကျိုးပြတ်မျောပါသွားခဲ့သော ဆွာမြို့ဘူတာနှင့် ကုန်းကြီးဘူတာအကြားရှိ တံတားအမှတ် ၃၀၅ အား အသစ်ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ရထားလမ်းလွှဲကို မြေဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည်။

အဆိုပါတံတားသည် ဆွာမင်းလမ်းကျေးရွာမှ ရထားလမ်းအထိ စပါးစိုက်ခင်းများ၏ အဓိက ရေထွက်ပေါက်ဖြစ်သည့်အတွက် မိုးရာသီ ရေအလုံးအရင်းနှင့် ဝင်ရောက်လာပါက ရေထွက်ပေါက်ကျဉ်းပြီး စပါးစိုက်ပျိုးသည့်အခါ အခက်အခဲများ ဖြစ်ပေါ်မည်ကို တောင်သူများက စိုးရိမ်ပူပန်မှုများ ရှိနေသည်။

"ကျွန်တော်တို့ ဒီဘက်ကွင်းက ရေအားလုံး တံတားအောက်ကနေ ရေထွက်ရတာဆိုတော့ ရေထုတ်ပြွန်ကိုနှစ်ခုလောက်တပ်ရင် ပိုကောင်းမယ်ထင်တယ်။ မိုးက ဆက်တိုက်ရွာလာရင် အနိမ့်ပိုင်းလယ်တွေ ရေနစ်လို့စိုက်နိုင်မှာမဟုတ်ဘူး။ စိုက်ပြီးသားဆိုလည်း အကုန်နစ်ကုန်မှာ။ အခုကတည်းက သေချာလုပ်ရင် ပိုကောင်းမယ်ထင်တယ်"ဟု ဆွာမင်းလမ်းကျေးရွာနေ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**



## အာစင်းနစ်ကြောင့် ကိုယ်ဝန်ဆောင်မိခင်ကျန်းမာရေးနှင့် ကလေးကြီးထွားမှုအပေါ် အကျိုးသက်ရောက်မှုစစ်ဆေး

**ကျောင်းကုန်း မတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံတွင် အာစင်းနစ်ကြောင့် ကိုယ်ဝန်ဆောင်မိခင်ကျန်းမာရေးနှင့် ကလေးကြီးထွားမှုအပေါ် အကျိုးသက်ရောက်မှု သုတေသနလုပ်ငန်းအတွက် ကွင်းဆင်းစစ်ဆေးခြင်းကို မတ် ၇ ရက် မွန်းလွဲ ၂ နာရီက ပြုလုပ်ခဲ့သည်။

သုတေသနညွှန်ကြားရေးမှူး ဒေါက်တာခင်ဖြူဖြူနှင့်အဖွဲ့က သောက်သုံးရေနှင့် အစားအစာများတွင်ပါဝင်သော အာစင်းနစ်ဓာတ်၏အခြေအနေ သုတေသနအဖြစ် ကွင်းဆင်းစစ်ဆေးခဲ့ရာ ဗြိုက်အုပ်စု တောင်စုကျေးရွာရှိ လက်နှိပ်ရေတုံကင်တွင် အာစင်းနစ်ဓာတ် ၅၀ ရှိတွင်းနှင့် အာစင်းနစ်ဓာတ် ၇၀ ရှိသောတွင်းကို သောက်သုံးရေအဖြစ် မပြုလုပ်ရန် မှာကြားခဲ့ကြသည်။ ဆက်လက်၍ တံခွန်တိုင်ကျေးရွာရှိ ရေတုံကင်တွင် အာစင်းနစ်ဓာတ် ၅၀ ရှိကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## ဒီမော့ဆိုမြို့နယ်တွင် မြေငှားဂရန်များပေးအပ်

**ဒီမော့ဆို မတ် ၈**

ကယားပြည်နယ် ဒီမော့ဆိုမြို့နယ် ဒေါဒူကျေးရွာမှ ပြည်သူများထံသို့ မြေငှားဂရန်ပေးအပ်ပွဲကို မတ် ၇ ရက် မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ထိုက်ထိုက်စိုးက မြေငှားဂရန်ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ဒေါဒူကျေးရွာမှ အိမ်ထောင်စု ၅၅ စု အတွက် ပြည်သူများထံသို့ မြေငှားဂရန်များ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

**ကြီးဒဲရယ်**



ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် အမှတ် (၁၀) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် မတ် ၇ ရက်က ပုဇွန်တောင်မြို့နယ် မြို့မရဲစခန်းမှူး ဒုရဲမှူးမင်းဗိုလ်ဦးက ရပ်ကွက်နေပြည်သူများအား မှုခင်းအသိပညာပေး ဆောင်ရွက်စဉ်။ **ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**

## အနုပညာ

## ရိုက်ကွင်းမှာ ဒဏ်ရာရရှိခဲ့တဲ့ ချိုယန်ဖတ်



ဟောင်ကောင်မင်းသားကြီး ချိုယန်ဖတ်ဟာ လတ်တလောမှာတော့ ရိုက်ကွင်းပေါ်မှာ ဒဏ်ရာရခဲ့တာဖြစ်ပါတယ်။ ဒီဒဏ်ရာကြောင့် နဖူးမှာ ငါးချက်ချုပ်ခဲ့ရတယ်လို့ အေးရှားဝမ်းဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ မတ် ၇ ရက်မှာ ဟောင်ကောင်မီဒီယာတစ်ခုရဲ့ ရေးသားဖော်ပြချက်အရ ချိုယန်ဖတ်ဟာ "Sunny Days" ရုပ်ရှင်ကို ရိုက်ကူးနေစဉ် ဘယ်ဘက်နဖူးမှာ ယခုလို ဒဏ်ရာရရှိခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။

ရိုက်ကွင်းပေါ်မှာ ဒဏ်ရာရခဲ့ပေမယ့်လည်း ချိုယန်ဖတ်က ရိုက်ကွင်းကို နားခဲ့ခြင်းမရှိဘဲ ဆက်လက်ရိုက်ကူးခဲ့ကာ သူ့ရဲ့ပညာရှင်ပီသမှုကို ပြသခဲ့တာကိုလည်း တွေ့ရပါတယ်။ ရိုက်ကူးရေးသမားတွေက မင်းသားရဲ့နဖူးမှ သွေးတွေစီးကျနေတာကို တွေ့ခဲ့တဲ့အခါမှသာ ရိုက်ကွင်းရပ်နားခဲ့ရတာ ဖြစ်တယ်လို့လည်း သိရပါတယ်။

ဒဏ်ရာကို ချိုရဲ့ဇနီးဖြစ်သူလည်း လာရောက်ကြည့်ရှုခဲ့ပြီး သူက ဒဏ်ရာကို တွေ့ရတဲ့အခါမှာ သွေးတွေစီးကျနေတာကြောင့် အလွန်ထိတ်လန့်မိကြောင်း၊ သို့သော် ရိုက်ကွင်းပေါ်ကလူတွေ စိုးရိမ်မှာစိုးတာကြောင့် တည်ငြိမ်အောင်ကြိုးစားကာ ပြုစုပေးခဲ့ကြောင်းနဲ့ မင်းသားမှာ ပြင်းပြင်းထန်ထန်ထိခိုက်မှုမျိုးတော့ ရှိမှာမဟုတ်ကြောင်း ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

ရှေးဦးပြုစုမှုတွေ ပြုလုပ်ခဲ့ပြီးနောက် ချိုယန်ဖတ်ကို ဆေးရုံသို့ ပို့ဆောင်ခဲ့ကြပါတယ်။ ဒဏ်ရာကြီးမားပြီး ပိုးမွှားဝင်ရောက်မှာစိုးတာကြောင့် ဆေးရုံပို့ခဲ့တာလည်း ဖြစ်ပါတယ်။ ဆရာဝန်တွေက ချိုယန်ဖတ်ရဲ့ ဒဏ်ရာဝန်းကျင်က ဆံပင်တွေကို ရိတ်ပစ်ချင်ပေမယ့် မင်းသားကတော့ ဆံပင်ရိတ်လိုက်တာဟာ သူရိုက်ကူးနေတဲ့ ရုပ်ရှင်မှာ ပါဝင်ထားတဲ့ ဇာတ်ကောင်စရိုက်ကို ထိခိုက်မှာစိုးတာကြောင့် မရိတ်ချင်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒဏ်ရာကို ငါးချက်ချုပ်ခဲ့ပြီးနောက် ချိုယန်ဖတ်ဟာ ရိုက်ကွင်းပေါ်ကို ပြန်လည်ရောက်ရှိလာခဲ့တယ်လို့လည်း သိရပါတယ်။

**အေးပြည့်- စုစည်းရေးသားသည်**

## လီဂျွန်ဆပ် စစ်မှုစတင်ထမ်းဆောင်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ လီဂျွန်ဆပ်ဟာ ပြီးခဲ့တဲ့လအတွင်း စစ်မှုထမ်းဆောင်တော့မှာဖြစ်ကြောင်း ပရိသတ်တွေကို ရုတ်တရက်ထုတ်ဖော်အသိပေးလာခဲ့ပြီး မတ် ၈ ရက်မှာ စစ်မှုစတင်ထမ်းဆောင်ခဲ့ပြီဖြစ်တယ်လို့ စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

**အသိပေးခဲ့**

လီဂျွန်ဆပ်ရဲ့ ဖျော်ဖြေရေးအေဂျင်စီက မင်းသားဟာ စစ်မှုထမ်းဆောင်ရာမှာတော့ အချိန်ပြည့်စစ်သားတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်မှာမဟုတ်ဘဲ လူမှုရေးလုပ်ငန်းတွေကို နှစ်နှစ်ကြာလုပ်ဆောင်ရင်း စစ်မှုထမ်းဆောင်သွားမှာ ဖြစ်တယ်လို့ တစ်ပါတည်းအသိပေးခဲ့ပါတယ်။ ဒီလို ပြောကြားခဲ့တဲ့အတိုင်း လီဂျွန်ဆပ်ဟာ လူမှုရေးလုပ်ငန်းတွေကို စတင်လုပ်ဆောင်တော့မှာ ဖြစ်ပါတယ်။

လီဂျွန်ဆပ်ရဲ့ စစ်မှုထမ်းဆောင်သွားမယ့်နေရာကို တရားဝင်ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေမယ့် ပရိသတ်တွေ စုံစမ်းသိရှိခဲ့တာကတော့ မင်းသားဟာ မြေအောက်ကားပါကင်မှာ တာဝန်ထမ်းဆောင်သွားဖို့ရာ လက်မှတ်ထိုးခဲ့ကြောင်း သိရပါတယ်။ လီဂျွန်ဆပ်ဟာ လူမှုရေးလုပ်ငန်းတွေကို စစ်ရေးလေ့ကျင့်မှုတွေ မစတင်မီမှာပင် စတင်ထမ်းဆောင်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။၏

**အချိန်ပြည့်တာဝန်မထမ်းဆောင်နိုင်**

လီဂျွန်ဆပ်ဟာ အသက် ၁၆ နှစ်အရွယ်မှာ ယာဉ်တိုက်မှုဖြစ်ခဲ့ပြီး ရရှိခဲ့တဲ့ ဒဏ်ရာကြောင့် စစ်သားတစ်ဦးအဖြစ် အချိန်ပြည့်တာဝန်မထမ်းဆောင်နိုင်တာ ဖြစ်တယ်လို့လည်း သိရပါတယ်။

လီဂျွန်ဆပ်ဟာ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂ ရက်မှာ စစ်မှုထမ်းဆောင်မှုတွေ ပြီးဆုံးမှာဖြစ်ကြောင်းလည်း သိရပါတယ်။



# ရှေ့နေနှင့် ကျွန်တော်ပြုရိုကရက်

ဦးဟန်ညွန့် (ဥပဒေ)

**နိဒါန်း**

"ဆရာ"

"ဗျာ"

"ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ"

"ရှေ့နေနှင့် ကျွန်တော်ပြုရိုကရက် . . . တဲ့"

"ဘာကိုဆိုလိုပါသလဲဆရာ"

"သတင်းစာဆရာကြီးလူထုဦးလှ ရေးခဲ့တဲ့ ထင်ရှားတဲ့ စာအုပ်အကြောင်းပါ"

"ဘာကြောင့်ထင်ရှားတဲ့စာအုပ်လို့ ပြောတာလဲဆရာ"

"လက်တွေ့ဖတ်ကြည့်ကြစို့"

**စာအုပ်များစွာ**

စာအုပ်များစွာ ကျွန်တော်ဖတ်ဖြစ်ပါသည်။ အချို့မမှတ်မိ။ အချို့စွဲ၍ မှတ်မိနေ၏။ စွဲနေရသည်မှာဘာကြောင့်ပါလိမ့်။ ကျွန်တော်အလုပ်များလွန်း၍ ပြင်ပစာအုပ်တွေဖတ်ဖို့အချိန် အလွန်နည်းသည်။ အချိန်နည်းပေမယ့် မရရအောင် စာဖတ်သည်။ ဖတ်ချင်တဲ့စာအုပ်ရွေးပြီးဖတ်သည်။ စာကြည့်တိုက်(ကိုယ်ပိုင်)ထောင်သည်။ မိသားစုစာဖတ်သည်။ တစ်အိမ်လုံးဖတ်သည်။ တစ်မိသားစုလုံးဖတ်သည်။ အိမ်မှာမရှိသည့်စာအုပ်ကိုရှိသည့်နေရာ၊ စာကြည့်တိုက်ကြီးတွေရှိရာမှာ ကြိုးစားပြီးသွားဖတ်သည်။ စာအုပ်ရှိရာသို့ ကျွန်တော်ရောက်အောင်သွားသည်။

**စာရေးခြင်း**

ကိုယ့်ရင်ထဲစွဲနေသော စာအုပ်တွေအကြောင်းသူများကိုပြန်ပြောချင်သည်။ ဝေမျှချင်သည်။ တစ်ဆင့်ပြောပြချင်သည်။ စာအုပ်ဝေဖန်ချက်ဟုပြန်ရေး၊ ပြောရမည်လား။ ပြန်ပြောခြင်းကလည်း အနုပညာတစ်ရပ်။ ကိုယ်ပြောတာ တစ်ပါးသူနားလည်ပါ့မလား။ ရှင်းပါ့မလား။ ကွက်ကွက်ကွင်းကွင်း ဖြစ်ပါ့မလား။စေတနာထိရောက်ပါ့မလား။

ဥပမာ- ဆရာကြီးတက်တိုးရေးသော မင်းမှုထမ်းဝတ္ထုအကြောင်း။ ပြန်ပြောသောအခါ တိတိကျကျပြန်ရေးရသည်။ စာမျက်နှာနံပါတ်ပါ ဖော်ပြပေးရသည်။ ဆရာကြီး၏ဆန္ဒကို ပြန်လည်ဖောက်သည်ချခြင်းဖြစ်ရမည်။ စာသူခိုးမဖြစ်ရ။ မိမိရေးသလိုမျိုး ပုံမှားမရိုက်ရ။

**စာသူခိုး(Plagiarism )**

Plagiarism ဟူသောဝေါဟာရမှာမြန်မာပြန်လျှင် စာသူခိုးဟု အဓိပ္ပာယ်ရသည်။ စေတနာနှင့် ပြန်လည်ဖြန့်ဝေရေးသားခြင်းမှာစာသူခိုးမဟုတ်။ စာသူခိုးသည် ပြန်ပေးဆွဲသူဟုအဓိပ္ပာယ်ရကြောင်း၊ Plagiarismသည် သူတစ်ပါး၏စာပေ သို့မဟုတ် စိတ်ကူးအတွေးအခေါ်ကို ပြန်ပေးဆွဲသူဟု ဆရာဘိုးလှိုင်က ရေးဖူးသည်။ စာခိုးမှုသည် ကိုယ်ကျင့်တရားနှင့်ဆိုင်ကြောင်း၊ သူတစ်ပါးရေးသောစာကို ကိုယ်ရေးသောစာအဖြစ် ထုတ်ဝေဖြန့်ချိမှုဖြစ်ကြောင်း၊ ကြီးလေးသော ကိုယ်ကျင့်တရားချိုးဖောက်မှုဖြစ်ကြောင်းစသည်ဖြင့် ရှင်းပြထားလေသည်။ စာခိုးမှု၏အဓိပ္ပာယ်ကို ကျယ်ကျယ်ပြန့်ပြန့်လေ့လာသင့်ပါသည်။ စာခိုးမှုမကျူးလွန်မိအောင်လည်း သတိပြုသင့်ကြပါသည်။

**လူထုဦးလှ**

လူထုဦးလှသည် ထင်ရှားသော စာရေးဆရာ၊ သတင်းစာဆရာကြီးဖြစ်ပါသည်။ ကျွန်တော် အထက်တန်းကျောင်းသားဘဝကစ၍ အားကျလေးစားခဲ့ရသော ဆရာကြီးတစ်ဦးလည်းဖြစ်ပါသည်။ မန္တလေးတွင် ဟောပြောသမျှ ဆရာကြီး၏ဟောပြောပွဲတိုင်းသို့ ကျွန်တော် မပျက်မကွက်တက်ရောက် နားထောင်လေ့လာမှတ်သားခဲ့ပါသည်။ သတင်းလောကသို့ရောက်အောင် ကျွန်တော့်အား သင်ကြားလမ်းပြခဲ့သော လက်ဦးဆရာကြီးလည်းဖြစ်ပါသည်။ ဆရာကြီးလူထုဦးလှ ရေးခဲ့သော စာအုပ်များစွာထဲမှ "ကျွန်တော် ပြုရိုကရက်" စာအုပ်ကို ကျွန်တော် အလွန်ကြိုက်ပါသည်။ ဘာကြောင့်ကြိုက်ပါသလဲ။ ခံစားမှု တင်ပြရေးသားခွင့်ပြုပါ။ စာအုပ်ဝေဖန်ချက် မဟုတ်ပါ။

**အငြိမ်းစားခရိုင်ဝန် ဦးစံတင်**

အငြိမ်းစားခရိုင်ဝန်တစ်ဦး၏ ဘဝဇာတ်လမ်းပါ။ အမည်က ဦးစံတင်။ မြို့ကညောင်လေးပင်။

စာအုပ်ဖြစ်ပေါ်လာရခြင်း၏ နောက်ခံသမိုင်းက ဤသို့ပါ။

၁၉၆၉ ဖေဖော်ဝါရီလထဲမှာ လူထုဦးလှနှင့် လူထုဒေါ်အမာတို့ ညောင်လေးပင်၊ ရွှေကျင်၊ ပြွန်တန်ဆာနှင့် ပဲခူးမြို့များသို့ သွားကြပါသည်။ ညောင်လေးပင်တွင် ဆွေမျိုးရင်းချာနှင့်မခြား ခင်မင်ရင်းနှီးသော ပုဂ္ဂိုလ်တစ်ဦးနှင့် တွေ့ကြသည်။ သူကဦးစံတင်။

"လူ့အကြောင်းဟာ အင်မတန်စိတ်ဝင်စားစရာကောင်းပါတယ်။ လူ့အကြောင်းထက် စိတ်ဝင်စားစရာကောင်းတာဘာမှမရှိဘူး" ဘဝအမျိုးမျိုးကျော်ဖြတ်လာပြီး အတွေ့အကြုံတွေများလှတဲ့ အစ်ကိုကြီးဦးစံတင်အကြောင်းဆိုရင်လည်း စိတ်ဝင်စားစရာတွေ တစ်ပုံတစ်ခေါင်းကြီးရှိနေမှာပဲ။ ဒါ့ကြောင့် အစ်ကိုကြီးအကြောင်းကို သေသေချာချာရေးချင်တယ်"ဟု လူထုဦးလှကအစချီရာမှ ဦးစံတင်ကိုယ်တိုင် ဗလာစာအုပ်နှင့်ဘဝဇာတ်ကြောင်းရေးပို့ပြီးနောက် "ကျွန်တော်ပြုရိုကရက်"စာအုပ်ဖြစ်လာကြောင်းပြန်လည်ဖတ်ရှုသိရှိရပါသည်။ ဦးစံတင်၏ကိုယ်တိုင်ကိုယ်ကျ ဘဝခံစားချက်များကို ဆရာကြီးလူထုဦးလှက "ကျွန်တော်ပြုရိုကရက်"ဟု ဖန်တီးခဲ့ခြင်းပင်ဖြစ်ပေသည်။

**မာတိကာ**

ဆရာကြီးလူထုဦးလှ၏စာအုပ်တွင်-

ဝိုင်အမ်ဘီအေခေတ်၊ ရှိခိုး ဘုရားထူးခေတ်များတွင် မြင်းခြံမြို့အုပ်လုပ်ခဲ့ပုံ၊ ယူနီဗာစီတီသိပ္ပံရန်ပုံငွေ၊ သတင်းစာတွေကရေးကြပြီး ဖော်ထုတ်ကြတဲ့ ပြည်သူ့အာဘော်အမျိုးမျိုး၊ နတ်ကတော့ သိနေလိမ့်မယ်၊ သရောကြီးခိုင်းတဲ့နှစ်၊ ပြုရိုကရက်နဲ့ အထက်အောက်၊ သီပေါမင်းယတြာစေတီ၊ မင်းသားချော ချောတဲ့ဆရာမြ၊ ဝိပဿနာဆရာမြရဲ့အမှု၊ အင်္ဂလိပ်ပြေးကာနီး၊ ဂျပန်ဝင်စ၊ ချစ်တီးအပေါင်ခံပစ္စည်းတွေ၊ ရှိမခိုးရ၊ ဖိနပ်မခွတ်ရ အတွင်းစာ၊ ဥက္ကဋ္ဌရဲ့ ဒုက္ခအထွေထွေ၊ ဂျပန်ခေတ် မြန်မာအစိုးရတက်ခါစ၊ ဂျပန်အပြေးအင်္ဂလိပ်ပြန်အဝင်၊ ပဲခူးအရေးပိုင်၊ ရေနံချောင်းမှာကြုံတွေ့ရပုံ၊ ရွေးကောက်ပွဲနဲ့အရာရှိ၊ မော်လမြိုင်ကိုနှုတ်ဆက်ခဲ့ပြီ၊ ရှေ့နေများရဲ့ကျေးဇူး၊ အမြတ်နိုးဆုံးကျောင်းဆရာအလုပ်၊ နိဂုံးစသည်ဖြင့် ဖွဲ့နွဲ့ပါဝင်ပါသည်။

**ပြုရိုကရေစီ(Bureaucracy)**

ဝန်ထမ်းများကို အုပ်ချုပ်ရန် အုပ်ချုပ်မှုယန္တရားကို ပြုရိုကရေစီဟုခေါ်သည်။ အုပ်ချုပ်မှုယန္တရားဆိုသည်မှာ ဝန်ထမ်းများကို အုပ်ချုပ်ရမည့် နည်းလမ်းကို ခေါ်ဆိုသည်။ အုပ်ချုပ်မှုယန္တရားတွင် အလုပ်ခွဲခြားလုပ်ကိုင်ခြင်း၊ ရာထူးအဆင့်ဆင့်ခွဲခြားထားရှိခြင်း၊ မှတ်တမ်းမှတ်ရာများထားပြီးလုပ်ငန်းများဆက်လက်လုပ်ကိုင်ခြင်း၊ လေ့ကျင့်သင်တန်းပေးထားသည့် ကျွမ်းကျင်ဝန်ထမ်းများကို ပျိုးထောင်ခြင်း၊ လုပ်ငန်းများကို စွမ်းအားဖြည့်ဆောင်ရွက်ခြင်း၊ ဌာနအတွင်း လိုက်နာရမည့်စည်းကမ်းများ ချမှတ်လိုက်နာစေခြင်းစသည့် အချင်းလက္ခဏာများ ပြည့်စုံမှုကိုဆိုသည်။

**ပြုရိုကရက်**

အစိုးရဝန်ထမ်းများ၏ကျင့်ဝတ်ကိုလိုက်နာရသူ၊ စီမံအုပ်ချုပ်ရသူ ညှိနှိုင်းဆောင်ရွက်ရသူဖြစ်သည်။ ကျင့်ဝတ်များစောင့်ထိန်းလိုက်နာခြင်း၊ အမှားအမှန်ဝေဖန်သုံးသပ်ရခြင်း၊ ပြည်သူ့အကျိုးထမ်းဆောင်ခြင်းတို့နှင့် ပြည့်စုံရသည်။ ပြုရိုကရက်၏စံ၊ ပြုရိုကရက်၏မူ၊ ပြုရိုကရက်၏အလုပ်ကို ပြည်သူက အကဲဖြတ်ပေးသည်။ ဤသို့ ဆောင်းပါးရှင် (ကျွန်တော်)က ယုံသည်။




**မြင်းခြံမြို့အုပ်**

၁၉၂၅ ခုနှစ်တွင် ဦးစံတင်သည် မြင်းခြံမြို့အုပ်ဖြစ်သည်။ မြင်းခြံမြို့အုပ် ဦးဘကျော်ဆီက အလုပ်လွှဲယူရသည်။ အလုပ်လွှဲတော့ ဦးဘကျော်က "မောင်စံတင်၊ မင်းက နွားသိုးကလေးပဲ၊ ဦးကတော့ နွားအိုပေါင်ကျိုးကြီးမို့ မှာခဲ့မယ်။ ခိုင်းတာတွေကို ပြုရိုကရက်အရေးပိုင်များ သဘောကျ ကြည့်သာလုပ်ပေတော့"တဲ့ ။

အလုပ်လွှဲပြီး ကျွန်တော်ကအရေးပိုင်အခန်းထဲဝင်၊ ဒူးထောက်ရှိခိုးပြီး အစီရင်ခံတော့ အရေးပိုင်က "မြို့ပိုင်မြို့အုပ်ဆိုတာ အုပ်ချုပ်ရတဲ့မြို့နယ်အတွင်းမှာ နယ်သူနယ်သားတွေရဲ့ ကျန်းမာရေးနဲ့ လုံခြုံရေးသာမက ကျွဲ၊ နွား၊ တိရစ္ဆာန်တွေရဲ့ ကျန်းမာရေးအတွက်ပါ အကုန်တာဝန်ရှိတယ်။ ခုလည်းနယ်တွေမှာ ခါးပြမှုတွေများနေတယ်။ ခါးပြတိုက်လွန်းနေတယ်။ ပုလိပ်အလုပ်လည်း မင်းနဲ့ဆိုင်တယ်။ ပုလိပ်အရာရှိတွေနဲ့ ပူးပေါင်းပြီးနှိမ်ပါ။" ဟုအမိန့်ပေးပါသတဲ့။ (စာ-၃၄)

**ဆီမီးခုံရွာကမောင်မြ**

ဆီမီးခုံရွာကလူဆိုးစာရင်းဝင်မောင်မြကို နယ်နှင်ဖို့ ဘယ်နယ်မှာ ဆွေမျိုးညာတိတွေရှိသလဲလို့ မေးတယ်။ ပုဂံညောင်ဦးမှာရှိတယ်ဆိုရင် ပုဂံညောင်ဦးကိုပို့လိုက်တာပဲ။ တစ်နှစ်လောက်သွားနေလို့ အမိန့်ချလိုက်တယ်။

ဒီလိုနယ်နှင်အမိန့်ချတဲ့အခါ အပြင်ကအမိန့်ကို စောင့်ပြီးနားထောင်နေတဲ့ လူဆိုးမယားက "ကျွန်မက ဒီလူမမယ် ကလေးငယ်ကလေးတွေနဲ့ ဘယ်လိုလုပ်နေရမှာတုန်း" လို့ အော်ဟစ်ငိုလိုက်တာကို ကြားရတဲ့အခါ၊ မြင်ရတဲ့အခါ ဝတ္တရားအရမို့သာ လုပ်လိုက်ရတယ်။ အင်မတန် စိတ်မချမ်းမသာဖြစ်ရပါတယ်။ ဒီအချိန်မှာဆိုရင် ပြုရိုကရက် မင်းစိတ်စိုးစိတ်ကလေးဟာ ကျွန်တော့်ကိုယ်ထဲက လွင့်စင်ပျောက်ပျက်သွားပါသတဲ့။ (စာ -၃၇)

**မြို့အုပ်၊ မြို့ပိုင်အဆင့်ဆင့်**

"ကျွန်တော်ပြုရိုကရက်" ဟုအမည်ပေးထားသည့် အတိုင်းစာအုပ်တစ်အုပ်လုံးမှာမြို့ပိုင်၊ မြို့အုပ်တို့၏အလုပ်များ ဖော်ပြထားသည်။ မြင်းခြံမြို့ပိုင်မှ ပျော်ဘွယ်မြို့ပိုင် အတွေ့အကြုံများ၊ အာဝါဒေးကစားပွဲကြီးများ၊ ယူနီဗာစီတီ ရန်ပုံငွေအကြောင်း၊ သရောကြီးခိုင်းတဲ့နှစ်၊ နွားထိုးကြီးမြို့နယ်မှာသရောကြီးခိုင်းပါတယ် (မကြုံဖူးအောင် ငတ်မွတ်ခေါင်းပါးတာကို အညာအခေါ်နဲ့ ခေါ်တာပါ) အတွေ့အကြုံအဖြစ်အပျက်များ၊ မြို့ပိုင်က ကားမောင်းတဲ့သူ မြို့မျက်နှာဖုံးကိုမြင်းရိုက်တဲ့ ကြိမ်လုံးနဲ့ ၆ ချက်တိတိရိုက်ခဲ့ပုံ၊ ပြီးမှပြန်ပြီးတောင်းပန်ရပုံ( ပြုရိုကရက်နဲ့ အထက်အောက် ) (စာ-၁၄၅) များဖတ်ရသည်။

**ပဲခူးအရေးပိုင်**

ဦးစံတင်အား ပဲခူးအရေးပိုင်အဖြစ် ပြည်ထဲရေးဝန်ကြီးမင်းက သဘောတူညီထောက်ခံပြီးဖြစ်၍ ဝမ်းမြောက်ပုံကို ဦးချမ်းသာ (ပြည်ထဲရေးဝန်ကြီးဌာန၊ အတွင်းဝန်)က အတွင်းစာရေးပေးခဲ့ပုံ၊ ၁၉၅၂ နိုဝင်ဘာ ၁ ရက်နေ့မှာ မော်လမြိုင်အရေးပိုင် တာဝန်လွှဲပေးခဲ့ပုံများ၊ ဖတ်ရသည်မှာလက်ကမချချင်စရာပါ။ ပြုရိုကရက်တစ်ဦး၏ ဘဝပါပဲ။

**ရှေ့နေများရဲ့ကျေးဇူး**

"ကျွန်တော်ဟာတရားသူကြီးအဖြစ် ၁၉၂၂ ခုနှစ်ကစပြီး ၁၉၅၂ ခုနှစ်အထိလုပ်ခဲ့တယ်။ နှစ်ပေါင်း ၃၀ အတွင်း တရားသူကြီးတစ်ယောက်အနေနဲ့ တရားမမှုတွေရော၊ ရာဇဝတ်မှုတွေရော ကျွန်တော်ဆုံးဖြတ်ရာမှာ တစ်ဖက်က မကျေနပ်လို့ ဟိုက်ကုတ်ကိုအယူခံကြတာတွေရှိပေမယ့် ကျွန်တော်ဆုံးဖြတ်ချက်ကို အတည်ပြုပေးတာက ၈၀ ရာခိုင်နှုန်းထက် မနည်းပါဘူး။

ဒီလိုအောင်မြင်တာဘယ်သူ့ကျေးဇူးလဲလို့ ရှာလိုက်တော့ တရားခံ၊ တရားလိုတွေဘက်က လိုက်ပါဆောင်ရွက်ကြတဲ့ ရှေ့နေရှေ့ရပ်ကြီးတွေရဲ့ ကျေးဇူးပဲ။ ရှေ့နေရှေ့ရပ်တွေဟာ အလုပ်ခန့်စ တရားသူကြီးပေါက်စလေးတွေရဲ့ ဆရာတွေပဲ။ ရှေ့နေရှေ့ရပ်တွေဟာ ကိုယ့်အမှုဆုံးဖြတ်ရမယ့် တရားသူကြီးကို စီရင်ထုံးတွေ အမျိုးမျိုးတင်ပြပြီး လျှောက်လဲရတယ်။ သူတို့ကဒီလိုတင်ပြလို့ တရားသူကြီးပေါက်စလေးတွေမှာ ဗဟုသုတရကြတယ်။ ပညာတိုးကြတယ်။ ဒါ့ကြောင့် သူတို့ကိုဆရာအရာထားပြီး ကျေးဇူးတင်ထိုက်ကြပါတယ်"ဟု ရေးသားခဲ့သည် မှတ်သားဖွယ်။

**နှစ်ဖက်ရှေ့နေကြီးများ**

နှစ်ဖက်ရှေ့နေကြီးများတင်ပြတဲ့ ဥပဒေတွေ၊ စီရင်ထုံးတွေအရ ကျွန်တော်ဆုံးဖြတ်ထားတဲ့ အမှုတွဲကလေးတွေကို အင်္ဂလိပ်အရေးပိုင် ဒီစတြိတ်တရားသူကြီးအရေးပိုင်အနေနဲ့ မှားနေရင်ပြုပြင်ပေးဖို့ ဆုံးဖြတ်ပြီးအမှုတွဲအချို့ကို သူ့ရဲ့တရားရေးဆိုင်ရာစာရေးကြီးဆီ ပို့ပေးရတယ်။ အဲဒီကတစ်ခါ အရေးပိုင် ဒီစကြိတ်တရားသူကြီးဆီ မှတ်ချက်နဲ့ တင်ပြရတယ်။ ကျေနပ်လို့ ထင်ပါရဲ့။ ဒုတိယတန်း အာဏာရတရားသူကြီးအဆင့်ကို တိုးတက်ပေးဖို့ ပြည်ထဲရေးဌာနကို ထောက်ခံစာပို့ပါတယ်။ (စာ- ၁၁၄)။ ထိုခေတ်ကစနစ်။

**နာရေး**

ဦးစံတင်၊ ညောင်လေးပင်မြို့ အငြိမ်းစားခရိုင်ဝန်၏ နာရေးသတင်းကို (ဦးစံတင်၊ အသက် ၇၄ နှစ်(၇-၉-၆၉) နံနက် ၁၀ နာရီမှာ ညောင်လေးပင်အိမ်မှာ ကွယ်လွန်ကြောင်း )ဖော်ပြပါသည်။ မမြဲတဲ့ အနိစ္စ၊ ဆင်းရဲခြင်းဒုက္ခ၊ ငါမဟုတ်တဲ့ အနတ္တတရား အစစ်အမှန်ကိုမြင်ရပါသည် ဟု ဦးစံတင်က ဆရာကြီးလူထုဦးလှဆီ ၂၉-၅-၆၉ ရက်စွဲနှင့် နောက်ဆုံးစာရေးခဲ့ပါသည်။ ချစ်ဇနီး၊သားသမီးများနှင့် ပြည်သူလူထုကိုနှုတ်ဆက်သွားပါပြီ။ အပြီးတိုင်နှုတ်ဆက်သွားရှာပါပြီဟု နိဂုံးချုပ်ထားပေသည်။

**နိဂုံး**

(၁) ဆရာကြီးလူထုဦးလှ၏ "ကျွန်တော်ပြုရိုကရက်" စာအုပ်အကြောင်းဖြစ်ပါသည်။

(၂) ပြုရိုကရေစီခေတ်က ပြုရိုကရက်ဘဝကို တမ်းတမ်းတတ၊ ပေါ်လွင်စေ၊ သိစေ၊ မြင်စေ၊ သင်ခန်းစာယူစေလိုသောစေတနာဖြစ်ပါသည်။

(၃) တစ်ခေတ်တစ်ခါကအကြောင်း ကောင်းနိုးရာရာ သင်ခန်းစာယူနိုင်ကြပါစေကြောင်း . . .

# အမျိုးသမီးများကို စွမ်းပကားမြှင့်ဖို့ စွမ်းအားတွေမွေးကြပါစို့

ဒေါက်တာအေးမြတ်လွင်(ဟသ်ာတ)

မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာမှာ အမျိုးသမီးတွေ ရင်ဆိုင်တွေ့ကြုံနေရတဲ့ အခြေအနေအရပ်ရပ်ကို ဝိုင်းဝန်းဖြေရှင်းပြီး ယင်းတို့ရဲ့ စွမ်းပကားတွေ မြင့်လာစေဖို့အတွက် အမျိုးသမီးအရေးတွေကို နေရာအနှံ့မှာ ဘက်စုံထောင့်စုံကနေ စွမ်းစွမ်းတမံ လုပ်ဆောင်နေကြပါတယ်။

လုပ်ဆောင်ကြရတဲ့အခါမှာလည်း စွမ်းစွမ်းတမံနဲ့ အကျိုးသက်ရောက်မှုအကောင်းဆုံး လုပ်ဆောင်ပေးသူတွေ၊ တစ်နိုင်တစ်ပိုင် ဆောင်ရွက်ပေးနိုင်သူတွေ ရှိကြသလို ရွက်ပုံးသီးစွမ်းအားရှိသူတွေလည်း ရှိကြပါတယ်။

သူများကို စွမ်းအားမြှင့်ပေးဖို့အတွက် ကိုယ်တိုင် အဘက်ဘက်က ကြိုးစားသူတွေကိုလည်း အများကြီး တွေ့ရပါတယ်။ သည်လိုလုပ်ဆောင်နိုင်ဖို့ သက်ဆိုင်ရာ ဗဟုသုတတွေ ပညာတွေကို အရင်ဆုံးသင်ကြားလေ့ကျင့်လိုက်စားကြပါတယ်။ သည်လိုလေ့ကျင့်သင်ကြားခွင့်ရဖို့ အခွင့်အလမ်းတွေကလည်း စိတ်ပါဝင်စားရင်၊ ကြိုးစားချင်စိတ်ရှိရင် မိမိနဲ့အနီးဆုံးကို ရောက်လာအောင် ဆောင်ရွက်တတ်တာတွေကလည်း လိုချင်သူတို့ရဲ့ ကြိုးစားမှုစွမ်းအားတွေပါ။

**စွမ်းပကားရှိသော အမျိုးသမီး**

ကျွန်မ အလုပ်လုပ်တဲ့နေရာမှာ ကိုယ်အင်္ဂါမသန်စွမ်းသူ အမျိုးသမီးတစ်ယောက် သင်တန်းလာတက်ပါတယ်။ သူက မဟာတန်းထိ တက်ရောက်အောင်မြင်ပြီးသားသူတစ်ယောက်ပါ။ သူဆက်ပြီးလိုချင်တာ၊ သူတတ်ချင်တာ၊ သူ့အသက်မွေးဝမ်းကျောင်း ပြုချင်တာက ကွန်ပျူတာပညာပါ။ ရန်ကုန်မြို့ပေါ်က မဟုတ်ပါဘူး။ သင်တန်းချိန် မနက် ၉ နာရီရောက်နိုင်ဖို့ ရေတစ်တန်ကုန်းတစ်တန် သုံးဆင့်လောက်လာရပါတယ်။ စိတ်ထည့်ပြီးတက်လာတဲ့အခါမှာ တစ်ပတ်သင်တန်းချိန် သုံးရက်အတွက် ရန်ကုန်က အစ်မအိမ်ကနေဆက်တက်ဖို့ ကိုယ်တိုင်ရွေးချယ်ဆောင်ရွက်တာကို တွေ့ရပြန်ပါတယ်။ သင်တန်းတက်စဉ်ကာလမှာ အမြင်မသန်စွမ်းသူ သင်တန်းသားတွေကို ဝိုင်းဝန်းကူညီဖေးမတာကို တွေ့ရပါတယ်။ သူနဲ့စကားပြောဖြစ်တဲ့အခါ အချိန်နဲ့တစ်ပြေးညီ ခေတ်စနစ်နဲ့တစ်ပြေးညီ မိမိကိုယ်မိမိ စွမ်းအားရှိသမျှ ဆောင်ရွက်နေဖို့လိုတယ်၊ ဒါမှသာ မသန်ပေမယ့် အမြဲစွမ်းနိုင်မှာလို့ ဖြေခဲ့ပါတယ်။ စွမ်းပကားရှိသော အမျိုးသမီးပါ။

**ပတ်ဝန်းကျင်နဲ့အညီ**

နောက်တစ်ယောက်က သင်တန်းမှာ အငယ်ဆုံး မိန်းကလေးပါ။ စကားပြောနိုင်ဖို့ အရမ်းအားယူပြောရပါတယ်။ သူ့ရည်မှန်းချက်က သင်တန်းပြီးရင် တတ်မြောက်ထားတဲ့ ကွန်ပျူတာပညာကို သူ့နေရပ်ဖြစ်တဲ့ ဝေးလံခေါင်ဖျားသော ရှမ်းပြည်နယ်(မြောက်ပိုင်း) တစ်နေရာမှာ ပြန်လည်သင်ကြားပေးချင်ပါတယ်လို့ သတင်းအချက်အလက်ဆက်သွယ်ရေးနည်းပညာ လေ့လာသင်ကြားရေး စင်တာဖွင့်ပွဲမှာ ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်မှာ တလေးတစားနဲ့ ယဉ်ကျေးသိမ်မွေ့စွာ အားယူဖြေကြားသွားပါတယ်။ သင်တန်းကို ကောင်းစွာ အောင်မြင်ပေါက်ရောက်စွာ သင်ကြားနိုင်ခဲ့ပြီး သင်တန်းလက်ထောက်များ ခန့်အပ်ရန် အမှတ်မီနေတဲ့အတွက် လုပ်ပေးနိုင်၊ မပေးနိုင် ကမ်းလှမ်းတဲ့အခါ နယ်မှာပြန်သင်ပေးနိုင်ဖို့ ထပ်ပြီးလေ့ကျင့်လိုတဲ့ဆန္ဒကြောင့် လက်ထောက်လုပ်ရင်း ဆက်လေ့လာပါဦးမယ်ဆိုပြီး လက်ခံခဲ့ပါတယ်။

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်တောင်ရပ်ကွက်၊ ဝေဠုဝန်လမ်းကျယ်၊ အမှတ်(၂၇)၊ မြေညီ(ခေါင်းရင်း)နေ (ဦးကျင်စိန်-ဒေါ်ကျင်ယုံ)တို့၏သား၊ (ဦးလုဖေ-ဒေါ်အေးညွန့်)တို့၏ သားသမက်၊ (ဒေါ်လုကြည်)၏ ခင်ပွန်း၊ ဒေါ်ကြည်ကြည်ဝင်း (အထက်တန်းပြ-ငြိမ်း၊ ထ-၃၊ ကြည့်မြင်တိုင်)၊ ဦးလှိုင်ဝင်း(CHID ဘဏ်)-ဒေါ်သင်း သင်းဌေး၊ (ဒေါ်ခင်ခင်ဝင်း)၊ ဦးသန့်နိုင် (O/P မန်နေဂျာ)-ဒေါ်မော်မော်၊ ဒေါ်ခင်ခင်ဆွေတို့၏မွေးသဖခင်၊ မြေးလေးယောက်တို့၏ဘိုးဘိုးသည် ၇-၃-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးစိုးမင်း

**BA.(Eco) (Hons),BL**

**အသက်(၈၄)နှစ်**

ထားဝယ်မြို့နေ (ဦးဘိုးလှိုင်-ဒေါ်ငွေစင်)၊ ဖျာပုံမြို့နေ (ဦးချစ်ထွန်း-ဒေါ်ဒေါ်စုံ)တို့၏ မြေး၊ အမှတ်(၄)၊ ဗောဓိရိပ်သာ၊ သံလွင်လမ်းနေ [ဝဏ္ဏကျော်ထင်ဦးထူးရွှေ (တိုင်းပညာဝန်၊ ငြိမ်း)-ဒေါ်သိန်းမြ]တို့၏ သား၊ ဦးစိုးမြင့်-ဒေါ်ခင်ထားဦး၊ (ဦးနေဝင်း-ဒေါ်ရီရီဝင်း)၊ (ဦးဇော်ဝင်း)၊ ဒေါ်နွယ်နွယ်ရွှေ၊ ဒေါ်အေးအေးရွှေတို့၏ အစ်ကိုကြီး၊ တူ/တူမ ၁၃ ယောက်တို့၏ ဘကြီး၊ မြေး ၁၉ ယောက်၊ မြစ်ငါးယောက်တို့၏ ဘိုးဘိုးကြီးသည် ၇-၃-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ အထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌ အိပ်ပျော်ခြင်း**

## ဦးစောမာတင်း (ခ) ဦးဌေးကြွယ်

**အသက် (၆၈) နှစ်**

ဦးညဏ်ကြွယ်-ဒေါ်ချစ်စိန်တို့၏သားကြီး၊ ဦးဂျူးလီယို-ဒေါ်ရိမားနာတို့၏ သားသမက်၊ ဒေါ်မာချယ်လင်းနာ၏ ချစ်လှစွာသောခင်ပွန်း၊ Albert စောညဏ်ထွန်း-Rose Mary နော်လဲ့လဲ့ဆူ၊ Rev.Fr.John ငြိမ်းမင်းသူ၏ ကျေးဇူးရှင်ဖခင်၊ (မန်းမြင့်အောင်)-နန်းရီစန်း၊ ဦးအောင်သန်း-ဒေါ်နန်းသန်းသန်းကြွယ်၊ ဦးဌေးအောင်-ဒေါ်နန့်လှမျိုးနွယ်၊ ဦးပေါ်သန်း-ဒေါ်နန့်ချိုချိုဝင်း၊ (ဦးဇင်းပညော်ဦးဘသိန်းကြွယ်)တို့၏အစ်ကို သည် ၈-၃-၂၀၁၉ (သောကြာနေ့) နံနက် ၄း၁၂ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၀-၃-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရွှေနှလုံးတော်ဘုရားရှိခိုးကျောင်း၌ နာရေးဝတ်ပြုဆု တောင်းပြီး လိပ်သိုမြို့ကျောင်းကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးသန့်ထွန်းဇော် (၄၈)နှစ်

**B.E (Metallurgy R.I.T)**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ ရန်အောင်လမ်းသွယ်(၃)၊ တိုက်(၃၀၉)၊ အခန်း(၄)နေ ဦးဖေညွန့် (လေယာဉ်မှူးကြီး-ငြိမ်း)-ဒေါ်သီတာအေး တို့၏ ချစ်လှစွာသောသား၊ ဦးမြတ်ထွန်းလင်း-ဒေါ်တင်တင်ဦး၊ ဒေါက်တာနေလင်းအောင် (Excellent Unity Co.,Ltd.)-ဒေါ်နှင်းနွယ်အေး(ဆိုဖီ)(Nawarat International Ltd.)တို့၏ မောင်၊ ဒေါ်ချိုချိုညွန့် ၏ ချစ်လှစွာသော အစ်ကို၊ မကလျာနှင်း၊ မပိုးမြတ်ထွန်း၊ မောင်ဇာနည်စိန်ညွန့်တို့၏ ချစ်လှစွာသော ဦးလေး ဦးသန့်ထွန်းဇော်သည် ၇-၃-၂၀၁၉ရက် ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်စိုးစန္ဒာ (B.Sc, B.N.Sc)

**နည်းပြကြီး၊ သူနာပြု၊ သားဖွားသင်တန်းကျောင်း၊ပုသိမ်**

**အသက် (၄၂) နှစ်**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ သာယာအေးလမ်းသွယ်(၄)လမ်း၊ အမှတ်(၃၄၉၆)နေ ဦးစံမြင့်-ဒေါ်ရွှေမှီ၊ ဦးချစ်ဟန်-ဒေါ်အေးရှင်တို့၏မြေး၊ ဦးသောင်းကြိုင်-ဒေါ်အေးအေးမြင့်တို့၏ တစ်ဦးတည်းသော သမီး၊ ဦးကြည်စိုး (ကောင်းကင် ကြယ်ဂက်စ်နှင့် ဂက်စ်မီးဖိုရောင်းဝယ်ရေး)၏ဇနီး၊ ဦးဆန်းဝင်းထွန်း-ဒေါ်တုဂျာတို့၏ ညီမ၊ ဦးစည်သူထွန်း-ဒေါ်မိုးသူဇာတို့၏ ချစ်လှစွာသောအစ်မ၊ မောင်ဆက်ပိုင်ဖြိုး၏မိခင်သည် ၈-၃-၂၀၁၉ (သောကြာနေ့) နံနက် ၃း၀၅ နာရီတွင် ဗဟိုရ်စည်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၃-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးမြင့်ဆွေ အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီ သတ္တမအကြိမ် ညှိနှိုင်းအစည်းအဝေးတက်ရောက်





ဒုတိယသမ္မတ ဦးမြင့်ဆွေ အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီ သတ္တမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၈**

အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီ၏ သတ္တမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီဝင်များ၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❍

## နိုင်ငံပိုင်သတင်းစာများ ဈေးနှုန်းပြောင်းလဲရောင်းချမည်

**နေပြည်တော် မတ် ၈** - ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ နေ့စဉ်ထုတ်ဝေလျက်ရှိသော မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများနှင့် ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းထုတ်ဝေလျက်ရှိသော The Global New Light of Myanmar သတင်းစာတို့၏ ပင်ရင်းဈေးနှုန်းများကို တစ်စောင်လျှင် ငွေကျပ် ၅၀ နှုန်းဖြင့် ရောင်းချလျက်ရှိရာမှ ၂၀၁၉ ခုနှစ် ဧပြီ ၁ ရက်မှစတင်၍ ငွေကျပ် ၁၀၀ နှုန်းဖြင့် ပြောင်းလဲရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားတက်ရောက်

**နေပြည်တော် မတ် ၈**

၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်သမ္မတ၏ဇနီး၊ ဒုတိယသမ္မတများ၏ဇနီးများ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ဇနီး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၏ ဇနီး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ ဇနီး၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၏ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၏ဇနီးများ၊ ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ၏ဇနီး၊ ပြည်ထောင်စုရှေ့နေချုပ်၏ဇနီး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၏ ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ဇနီး၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းအသီးသီးမှ ဌာနေကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**နိုင်ငံတော်အခမ်းအနားတစ်ရပ်အဖြစ် ကျင်းပ**

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ၁၉၁၁ ခုနှစ် မတ်လက ရုရှားနိုင်ငံတွင် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❖




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



တိုင်းရင်းသားရေးရာ

ကြေးမုံ
အထူးကဏ္ဍ

က

မတ် ၉၊ ၂၀၁၉ (စနေနေ့)

# ရှမ်းပြည်နယ် အလှအပနှင့် ထင်ရှားသည့် ရထားတံတားများ

နိုင်ထွန်း(TGI)

ရှမ်းပြည်နယ်သည် ကျယ်ဝန်းလှပြီး သာယာလှပသည့် တောတောင်ရေမြေရှုခင်းများနှင့် ထင်ရှားသည့် ရှေးဟောင်းစေတီပုထိုး၊ အဆောက်အဦနှင့် အခြားသဘာဝဂူများ၊ အင်းအိုင်များကြောင့်လည်း ပြည်တွင်း၊ ပြည်ပ ဧည့်သည်များ လာရောက်လေ့လာစရာ ပြည်နယ်တစ်ခုအဖြစ် ကမ္ဘာကျော်အောင် ထင်ရှားလှသည့် ပြည်နယ်တစ်ခု ဖြစ်ပေသည်။ ထိုကဲ့သို့ ကျော်ကြားလှသည့် ပြည်နယ်အတွင်းသို့ ကုန်းလမ်းခရီး ကားဖြင့်လည်းကောင်း၊ ရထားဖြင့်လည်းကောင်း၊ လေကြောင်းခရီးဖြင့်လည်းကောင်း လာရောက်နိုင်ပေသည်။ မီးရထားခရီးစဉ်ဖြင့်ဆိုပါက ရန်ကုန်-သာစည်-ရွှေညောင်ခရီးစဉ်၊ မန္တလေး-ပြင်ဦးလွင်-လားရှိုးခရီးစဉ်များသို့ ဧည့်သည်များစီးနင်းလိုက်ပါမှုရှိပေသည်။ ထိုရထားခရီးစဉ်များတွင်ရှိနေသည့် ထင်ရှားလှသည့် တံတားနှစ်စင်းအကြောင်းတင်ပြလိုပါသည်။

ပထမရထားတံတားတစ်စင်းမှာ သာစည်-ရွှေညောင်ရထားလမ်းပိုင်းတွင် တည်ရှိသည့် ဘဝသံသရာတံတားဖြစ်ပြီး သာယာလှပသည့် တောတောင်သဘာဝရှုခင်းရှုကွက်များ၊ အကွေ့အကောက်များ၊ မီးရထားဥမင်များ၊ လွန်ထိုးများ၊ ရင်သပ်ရှုမောဖွယ် ကျောက်ပန်းအိုးတံတားအပြင် သတ္တဝါနာမည်များကို

အထူးကဏ္ဍ [ ဂ ] သို့ »»



# နှစ်(၇၀)ပြည့် ပအိုဝ်းအမျိုးသားနေ့ (ဒဲဉ်သီးလာဗွေ)ပွဲတော်အား ကြိုဆိုဂုဏ်ပြု

ခွန်အာကာ(ကျောက်တလုံး)

ကျွန်ုပ်တို့နေထိုင်သည့် ပြည်ထောင်စုကြီးကို တိုင်းရင်းသားလူမျိုးစုပေါင်း ၁၃၅ မျိုးဖြင့် စုစည်းနေထိုင်ကြရာ ရိုးသားပြီး ဖော်ရွေခင်မင်တတ်သော တိုင်းရင်းသားလူမျိုးစုများထဲတွင် ပအိုဝ်းတိုင်းရင်းသား လူမျိုးစုသည်လည်း အပါအဝင်ဖြစ်သည်။ ပအိုဝ်းတိုင်းရင်းသားတို့သည် အောက်မြန်မာပြည်နှင့် ရှမ်းပြည်နယ်တွင် ပျံ့နှံ့နေထိုင်လျက်ရှိကြပြီး ရှမ်းပြည်နယ်တွင် ဒုတိယအများဆုံးနေထိုင်ကြသည်။ အထူးသဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် အများဆုံး ပျံ့နှံ့နေထိုင်ကြသည်။ အောက်မြန်မာပြည်တွင် သထုံခရိုင်၊ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ဘားအံခရိုင်နှင့် ကော့ကရိတ်ခရိုင်တို့တွင် အများဆုံးနေထိုင်လျက်ရှိကြပြီး နိုင်ငံရပ်ခြား၌လည်း နေထိုင်သူများရှိကြသည်။

တိုင်းရင်းသားလူမျိုးများဖြစ်ကြသည့် ရှမ်း၊ ကချင်၊ အင်းသား၊ တောင်ရိုး၊ ကယား၊ ဝနှင့် ပအိုဝ်းတိုင်းရင်းသားတို့၏ ဝတ်စုံမှာ အနည်းငယ်ဆင်တူကြသည်။ ပအိုဝ်းတိုင်းရင်းသားတို့သည် အနက်ရောင်ကို အများဆုံးဝတ်ဆင်ကြပြီး အနက်ရောင်သည် အပူကိုစုပ်ယူနိုင်ခြင်း၊ အေးမြသော ရာသီဥတုဒဏ်ကို ကာကွယ်နိုင်ခြင်းတို့ကြောင့် ဖြစ်သည်။

ယနေ့ ကျွန်ုပ်တို့သောက်သုံးနေသော ဆေးပေါ့လိပ်၏ အဓိကကုန်ကြမ်းဖြစ်သည့် သနပ်ဖက်ကို အများဆုံးစိုက်ပျိုးထုတ်လုပ်ကြသူများမှာလည်း ပအိုဝ်းတိုင်းရင်းသားများပင်ဖြစ်ပြီး ပအိုဝ်းတိုင်းရင်းသားတို့သည် လယ်ယာ၊ ဥယျာဉ်ခြံမြေ၊ လိမ္မော်၊ ကော်ဖီစေ့၊ သနပ်ဖက်၊ လက်ဖက်၊ ထောပတ်၊ ကြက်သွန်၊ ဂျုံ၊ မြေပဲ၊ အာလူး စသည်များကို စိုက်ပျိုးထုတ်လုပ်ကြပြီး ယခုအခါတွင် ကုလားပဲသီးနှံနှင့် စတော်ဘယ်ရီ(ဒေသမျိုး)တို့ကို တစ်နိုင်တစ်ပိုင်မှ စီးပွားဖြစ် စိုက်ပျိုးလာကြသည်ကို တွေ့မြင်ရသည်။

ပအိုဝ်းတိုင်းရင်းသားတို့တွင် ကိုယ်ပိုင်စာပေ သီးခြားရှိသည်။ သီးခြားစာပေရှိသော်လည်း ဖတ်တတ်သူ နည်းပါးလှသည်။ ပအိုဝ်းစာပေသည် ကရင်စာပေထက်ပင် ရှေးဦးကျသည်ဟုဆို၏။ ပအိုဝ်းစာပေသည် ဗြာဟ္မီအက္ခရာပွားဖြစ်ပြီး ရှေးဟောင်းမြန်မာအက္ခရာအသတ်၊ အစပ်များနှင့် နီးစပ်သည်။ စာမူမှာ နှစ်မျိုး ကွဲထွက်လျက်ရှိသည်။ ၎င်းတို့မှာ ရှမ်းပြည်မူ(တောင်ကြီးမူ)နှင့် အလံတရာမူ(သထုံကြီး)တို့ဖြစ်သည်။ စာအားဖြင့် ရေးသားခြင်းထက် လက်ံဖြင့် ရေးသားခြင်းကို ပို၍နှစ်သက်ကြသည်။ ရှေးကမူ ပအိုဝ်းစာကို ပေ၊ ပုရပိုက်များပေါ်တွင် ရေးကြ၏။ နောင်တွင် ရှမ်းစက္ကူကို ခေါက်၍ နှစ်ဖက်လုံးတွင် ရေးကြသည်။ ပအိုဝ်းစာပေကို ခေတ်သုံးခေတ် ပိုင်းခြားနိုင်သည်။ ပထမခေတ်မှာ သထုံပြည်မင်းဆက်များ ထွန်းကားချိန်ဖြစ်၍ ဒုတိယခေတ်မှာ သထုံကလေး(ခေါ်)ရှမ်းပြည်နယ် ဆီဆိုင်မြို့ကို

အထူးကဏ္ဍ [ ခ ] သို့ »»



(ဖြ၉) ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့ (ဒဲဉ်သီးလာဗွေ) ကျင်းပနေသည်ကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ က ] မှ
ပြန်လည်အစပျိုးချိန်ဖြစ်ပြီး တတိယခေတ်မှာ ယခုမျက်မှောက်ကာလပင် ဖြစ်သည်။

အမျိုးသားနေ့ဟူသည်မှာ လူမျိုးတစ်မျိုး (သို့မဟုတ်) နိုင်ငံတစ်နိုင်ငံမှ အုပ်ချုပ်သူ (သို့မဟုတ်)ပြည်သူများ၏ မိမိဘဝ ရပ်တည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် သမိုင်းတစ်ကွေ့တွင် ကြုံတွေ့ခဲ့ရသော ထူးခြားချက်များ၊ အမှတ်တရဖြစ်ဖွယ်ရာများမှ သမိုင်းဝင်နေ့တစ်နေ့ကို မှည့်ခေါ်ခြင်းဖြစ်သည်။ အမျိုးသားနေ့သည်ပင်လျှင် ဇာတိသွေး၊ ဇာတိမာန် စိတ်ဓာတ်များ၊ အမျိုးသားရေးစိတ်ဓာတ်များ ရှင်သန်ထက်မြက်ရေး၊ နိုင်ငံတော်ကို ချစ်မြတ်နိုးသော စိတ်ဓာတ်များ ကိန်းအောင်းလာစေရေးအတွက် လှုံ့ဆော်ပေးသည့် နေ့တစ်နေ့ပင်ဖြစ်သည်။ ထိုနေ့သည် လူမျိုးတိုင်းအတွက် ထူးခြားသော ဂုဏ်ယူထိုက်သော နေ့တစ်နေ့လည်း ဖြစ်ပေသည်။

### ပူဇော်ပွဲကျင်းပ

ဘီစီ ၆ ရာစု၊ မဟာသက္ကရာဇ် ၂ ခုနှစ် တပေါင်းလပြည့် စနေနေ့ လဝင်နေထွက်အချိန်တွင် ရာဇာသက္ကမင်းကြီးနှင့် ကလျာဒေဝီတို့မှ သူရိယစန္ဒာမင်းကို ဖွားမြင်သည်။ သူရိယစန္ဒာမင်းလက်ထက် မြတ်စွာဘုရားရှင်သည် သုဝဏ္ဏဘူမိသထုံပြည်သို့ သုံးကြိမ်သုံးခါ ကြွရောက်တော်မူပြီး ဆံတော်များ ပေးသနားတော်မူခဲ့သဖြင့် ထိုအချိန်မှစပြီး ပျူခေါ် ပအိုဝ်းလူမျိုးများသည် ဗုဒ္ဓဘာသာဝင်များ ဖြစ်လာကြသည်။ သူရိယစန္ဒာမင်းမှ စတင်ခဲ့သော ဗုဒ္ဓသာသနာရောင်တော်သည် နောင်သောအခါ မြန်မာတစ်နိုင်ငံလုံးသို့ ပြန့်ပွားလာခဲ့ပါသည်။ ပအိုဝ်းအမျိုးသားများ၏ ဂုဏ်ရောင်ကို ထွန်းလင်းတောက်ပြောင်စေခဲ့သည့် သုဝဏ္ဏဘူမိသထုံပြည့်ရှင်လည်းဖြစ်၊ ရွှေစာရံစေတီတော်ကြီး၏ မူလဒါယကာလည်းဖြစ်သော သူရိယစန္ဒာမင်းကြီး၏ မွေးနေ့ကို အစွဲပြု၍ ပအိုဝ်းမိဘဘိုးဘွားများက ရွှေစာရံစေတီတော်ကြီး၌ ကောက်ဦးတင်ပူဇော်ပွဲများ ကျင်းပကြသည်။

၁၉၄၈ ခုနှစ် မတ်လ(တပေါင်းလ)တွင် လူဦးရေတစ်သောင်းခန့်ပါဝင်သော ပအိုဝ်း



လူထုဆန္ဒပြပွဲကြီးတစ်ရပ်ကို သထုံမြို့ မောကျော့ရပ် ရေကျော်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။ ထိုဆန္ဒပြပွဲမှ ပအိုဝ်းအမျိုးသားရေးအတွက် သက်ဆိုင်ရာအစိုးရထံသို့ တောင်းဆိုရန် ဆုံးဖြတ်ချက်များ ချမှတ်ပေးခဲ့သည်။ ထိုတောင်းဆိုချက်များအနက် တစ်ချက်ဖြစ်သော “ပအိုဝ်းလူမျိုးများအား တောင်သူလူမျိုးဟု ခေါ်ဆိုခြင်းကို နောက်နောင်တွင် ပအိုဝ်းလူမျိုးဟုသာ ခေါ်ဆိုရေးသားပေးရန်” ဆိုသည့် တောင်းဆိုချက်ကို ဆိုင်ရာအစိုးရက အသိအမှတ်ပြုလက်ခံခဲ့သည်။ ထို့ကြောင့် ၁၉၄၉ ခုနှစ်တွင် ကျရောက်သည့် တပေါင်းလပြည့်နေ့ကို “ကောက်ဦးတင်ပူဇော်ပွဲ” အစဉ်အလာမှ “ပအိုဝ်းအမျိုးသားနေ့” အဖြစ်သို့ ပအိုဝ်းအမျိုးသား မိဘဘိုးဘွားများတို့က ပြောင်းလဲကျင်းပခဲ့သည်။

### တဖွားဖွားပေါ်ပေါက်

ပအိုဝ်းအမျိုးသားနေ့နှင့်ပတ်သက်၍ ဖော်ပြရလျှင် ပအိုဝ်းတိုင်းရင်းသားတို့သည် ကျေးဇူးတရားသိရှိမှု၊ နားလည်သဘောပေါက်မှု စသော ဗုဒ္ဓဘာသာ၏ အဆုံးအမကို လေးစားယုံကြည်စွာ နှလုံးသွင်းကြသူများ ဖြစ်ပြီး အမျိုးသားနေ့သည် မိမိတို့လူမျိုး ဘိုးဘွားမျိုးနွယ်ဆက်များ၏ ကျေးဇူးတရားကို အောက်မေ့သတိရသည့်စိတ် တဖွားဖွား ပေါ်ပေါက်လာခြင်းဖြစ်သည်။ ထိုကျေးဇူးတရားများကို အောက်မေ့သောအားဖြင့် ပအိုဝ်းတိုင်းရင်းသားတို့၏ ဂုဏ်ရောင်ကို ထွန်းပြောင်စေခဲ့သော သူရိယစန္ဒာမင်း၏ မွေးနေ့ဖြစ်သည့် တပေါင်းလပြည့်နေ့ကို “ပအိုဝ်းအမျိုးသားနေ့” “ဒဲဉ်သီးလာဖွေ” အဖြစ် သတ်မှတ်ကြခြင်းဖြစ်ပေသည်။ ပထမအကြိမ် ပီအဲန်အိုညီလာခံ (လုံး၁)မှ ချမှတ်ပေးခဲ့သော ဆုံးဖြတ်ချက်အရ မဟာသက္ကရာဇ် ၂ ခုနှစ်တွင် ဖွားမြင်သော သူရိယစန္ဒာမင်းကြီး၏ မွေးနေ့ဖြစ်သည့် တပေါင်းလပြည့်နေ့ကို ပအိုဝ်းအမျိုးသားနေ့အဖြစ် ချမှတ်ပေးခဲ့သည်။ ထို့ကြောင့် ၁၃၃၉ ခုနှစ် တပေါင်းလပြည့်နေ့ (၁၉၇၈ ခုနှစ် မတ်လ ၂၃ ရက်နေ့)တွင် ပအိုဝ်းအမျိုးသားနေ့ပွဲတော်ကြီးကို နောင်ယာသုံင်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်နယ်မြေနှင့် မန္တလေးတက္ကသိုလ်နယ်မြေတို့တွင် ပအိုဝ်းအမျိုးသားနေ့အခမ်းအနားကို တက္ကသိုလ်များ၊ ပအိုဝ်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆပ်ကော်မတီက နှစ်စဉ်နှစ်တိုင်း ဦးစီးပြီးကျင်းပကြသည်။ ပအိုဝ်းအမျိုးသားနေ့ကို နှစ်စဉ်နှစ်တိုင်း ကျင်းပလျက်ရှိရာ ယနေ့ထိ (၆၉)ကြိမ်မြောက် ကျင်းပခဲ့ပြီးဖြစ်သည်။ ယခုအခါ ပအိုဝ်းအမျိုးသားနေ့ကို သာမန်ကျင်းပခြင်းမျိုးမဟုတ်ဘဲ ပိုမိုကျယ်ပြန့်သစ်လွင်သည့်အဓိပ္ပာယ်နှင့် အနှစ်သာရကို ဆောင်ယူမည့် နေ့ထူးရက်မြတ်အဖြစ် ပြောင်းလဲကျင်းပလာသည်ကို တွေ့ရှိရပါသည်။ နှစ်စဉ်နှစ်တိုင်း ပအိုဝ်းအမျိုးသားနေ့ကို ပအိုဝ်းလူမျိုး အများစုနေထိုင်ရာ ပြည်တွင်းရော ပြည်ပမှာပါ ကျင်းပလျက်ရှိသည်။

၂၀၁၉ ခုနှစ် မတ်လ ၁၃ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ မြို့တော်ဖြစ်သည့် နေပြည်တော်တွင် ပထမအကြိမ် ကျင်းပမည်ဖြစ်ရာ တောင်ပေါ်ဒေသနှင့် မြေပြန့်ဒေသတို့မှ ပအိုဝ်းတိုင်းရင်းသားတို့သည် စုစည်းတွေ့ဆုံကြမည်ဖြစ်ပြီး ပအိုဝ်းရိုးရာယဉ်ကျေးမှုများဖြစ်သည့် အကအလှများ၊ တူရိယာများ၊ အသုံးအဆောင်ပစ္စည်းများ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ၊ စာပေအရေးအသားများနှင့် သမိုင်းအစဉ်အလာများကို ပြသသွားမည်ဖြစ်သည်။ ယခုအခါ ပအိုဝ်းအမျိုးသားနေ့ပွဲတော်ကို ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ အမျိုးသားဘက်စုံဖွံ့ဖြိုးရေး (ဒဲဉ်သီးဖွေ)ကွင်းတွင် ခမ်းနားကြီးကျယ်စွာဖြင့် နှစ်စဉ်နှစ်တိုင်း ကျင်းပလျက်ရှိရာ ယခု နှစ်(၇၀)ပြည့် ပအိုဝ်းအမျိုးသားနေ့ပွဲတော်ကိုလည်း ၂၀၁၉ ခုနှစ် မတ်လ ၂၀ ရက်နေ့ (တပေါင်းလပြည့်နေ့) တွင် ကျင်းပရန်အတွက် ပအိုဝ်းအမျိုးသားနေ့ပွဲတော်ဖြစ်မြောက်ရေး ကော်မတီမှ ဦးဆောင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ယင်းပအိုဝ်းအမျိုးသားနေ့ အခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲများမှ ပေးပို့လာသော သဝဏ်လွှာများ ဖတ်ကြားခြင်း၊ ပအိုဝ်းအမျိုးသား အလံတော်ကိုင်ဆောင်သော အဖွဲ့က ကွင်းအတွင်းချီတက်ကာ ပအိုဝ်းအမျိုးသားအလံတော်ကို လွှင့်တင်ခြင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ပအိုဝ်းအမျိုးသားအလံ၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများကို တက်ရောက်လာကြသည့် ပရိသတ်များက တညီတညွတ်တည်း အလေးပြုခဲ့ကြသည်ကို မျက်မြင်တွေ့ရှိရပေသည်။



ပအိုဝ်းအမျိုးသားနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲဖြစ်သည့် အားကစားပြိုင်ပွဲ၊ ပအိုဝ်းတိုင်းရင်းသားတို့၏(ရိုးရာ ၊ ခေတ်ပေါ်) အကပဒေသာပြိုင်ပွဲ၊ ပအိုဝ်းအမျိုးသမီးလှယဉ်ကျေးမယ်ပြိုင်ပွဲ၊ ပအိုဝ်းစာပေနှင့် ပန်းချီပြိုင်ပွဲများ၊ ပညာပေးပြခန်းများ၊ မြို့နယ်များ၊ ရပ်ကွက်တို့မှ အလှူပဒေသာပင် စီတန်းလှည့်လည်ခြင်းဖြင့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြသည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသား လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ ကိုးကွယ်ယုံကြည်မှုပေါင်းစုံတို့ဖြင့် ဖွဲ့စည်းတည်ရှိသည့် ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ကွဲပြားခြားနားသည့် ပထဝီဒေသအသီးသီးတွင် နေထိုင်တည်ရှိနေကြသည့် တိုင်းရင်းသားအသီးသီးတို့သည် မိမိတို့၏ဘာသာဓလေ့အသီးသီးကို အမြတ်တနိုး ကျင့်သုံးနေထိုင်ကြရင်း တိုင်းရင်းသားလူမျိုးများအားလုံး၏ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ဓလေ့စရိုက်များကို တိုင်းရင်းသားပြည်သူအပေါင်းက ထိန်းသိမ်းစောင့်ရှောက်ရန် ဖြစ်ပါသည်။ ပအိုဝ်းအမျိုးသား ခေါင်းဆောင်အဆက်ဆက်နှင့် ပအိုဝ်းပြည်သူလူထုတို့၏ ကြိုးပမ်းအားထုတ်မှုကြောင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၅၆)အရ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို ဟိုပုံး၊ ဆီဆိုင်နှင့် ပင်လောင်းမြို့နယ်တို့ဖြင့် သတ်မှတ်ခဲ့ပြီးဖြစ်သည်။

### ပြည်သူတိုင်းခံစားခဲ့ရ

ပညာရေးဌာနနှင့်ပူးပေါင်း၍ ပညာရေးကောလိပ်ကို တောင်ကြီးမြို့နယ် ကန်ကြီးရပ်ကွက်တွင် ဖွင့်လှစ်လျက်ရှိပြီး နယ်စပ်ရေးရာဝန်ကြီးဌာနကလည်း ဆီဆိုင်မြို့နယ်နှင့် ပင်လောင်းမြို့နယ်များတို့တွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းကိုဖွင့်လှစ်ကာ ဒေသခံတိုင်းရင်းသားလူငယ်များအား သင်ကြားပို့ချလျက်ရှိပြီး ဆီဆိုင်မြို့နယ်တွင် အမျိုးသမီးအိမ်တွင်းမှုသက်မွေးပညာသင်တန်းကျောင်းကို မကြာမီကာလတွင် ဖွင့်လှစ်နိုင်တော့မည်ဖြစ်ရာ ပအိုဝ်းဒေသတွင် ပညာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးတို့၏ ဖွံ့ဖြိုးတိုးတက်မှုသည် ကောင်းမြတ်ခြင်း အသီးအပွင့်ကို ပအိုဝ်းဒေသနေ ပြည်သူတိုင်းခံစားခဲ့ကြရပြီ ဖြစ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး၏ အနာဂတ်ရှေ့ခရီးတွင် ဘက်ပေါင်းစုံ၊ ထောင့်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်လာစေရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက်ရှိသည့် ပအိုဝ်းတိုင်းရင်းသားများ အပါအဝင် ပြည်ထောင်စုဖွား ညီအစ်ကို မောင်နှမများအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဥမကွဲ သိုက်မပျက် စည်းလုံးညီညွတ်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်စေရန်နှင့် ရည်မှန်းချက်ဖြစ်သော ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်အဖြစ် ထူထောင်နိုင်ကြပါစေကြောင်း ဆန္ဒပြုလျက် နှစ်(၇၀)ပြည့် ပအိုဝ်းအမျိုးသားနေ့ကို ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား-**
*(၁) ပြည်ထောင်စုထဲက ပအိုဝ်း၊*
*(၂) The Second Revolution of PaO Nationality (ပအိုဝ်းအမျိုးသားများ၏ ဒုတိယတော်လှန်ရေးမှတ်တမ်း)၊*
*(၃) pa-o-generation.ucoz.com*

**ဖိတ်ခေါ်ပါသည်**

**ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။**
**[စာတည်း]**



»» ရှမ်းပြည်နယ်မှ

အစွဲပြုခေါ်ဝေါ်ထားသည့် ခွေးရုပ်၊ ဆင်တောင်၊ မြင်းဒိုက်ဘူတာများနှင့် တေးသံရှင်မောင်ကြည်တိုးသီဆိုခဲ့သည့် “ကလော အလွန် တစ်ဘူတာ”သီချင်းကြောင့် ပိုမိုထင်ရှားလူသိများခဲ့ပေသည်။ ၎င်းအပြင် ၁၉၅၉-၆၀ ပြည့်ဝန်းကျင်က ကွယ်လွန်သူ ဒါရိုက်တာ စာရေးဆရာ ဆရာကြီးဦးသုခ ရိုက်ကူးပြီး မင်းသားကြီးဦးဇေယျ၊ မင်းသမီးကြီး ဒေါ်မေသစ်တို့၏ “ဘဝသံသရာ”ဇာတ်ကားနှင့် လိုက်ဖက်သည့် သီချင်းစာသားဖြစ်သည့် “ဘဝသံသရာ၊ မနေမနားတသွားထဲ သွားကြရှာ၊ ခရီးပန်းတိုင် မရောက်မချင်း၊ တစ်ယောက်ဆင်း၊ တစ်ယောက်တက် ဆက်လက်ထွက်ခွာမှာ”ဆိုသည့် စာပိုဒ်ကြောင့် တံတားအမှတ်(၃၈၂)၊ နန်းနွတ်ချောင်းတံတားသည်လည်း မူလအမည်ကွယ်ပျောက်ပြီး ယနေ့ထိ ဘဝသံသရာတံတားဟု ခေါ်ဆိုကာ ပြည်တွင်း၊ ပြည်ပ ခရီးသွားများလေ့လာစရာ နေရာတစ်ခုအဖြစ် တည်ရှိနေပေသည်။ ၎င်းတံတားအား ၁၉၂၇ ခုနှစ်တွင် တည်ဆောက်ခဲ့သည့် သံမဏိသံပေါင်တံတားတစ်စင်းဖြစ်ကာ တံတားအရှည်ပေ ၂၀၀၊ အမြင့် ၆၂ ပေရှိပြီး ဟဲဟိုးဘူတာနှင့် ရွှေညောင်ဘူတာအကြား နန်းနွတ်ချောင်းအား ဖြတ်သန်းတည်ဆောက်ထားခြင်းဖြစ်သည်။ ရထားတံတားသည် ဟဲဟိုးဘက်မှ တောင်ကုန်းအား နန်းနွတ်ချောင်းကမ်းပါးအတိုင်းတက်လာပြီး တံတားဖြင့်ချောင်းအားဖြတ်သန်းကာ ရွှေညောင်ဘက်အခြမ်းတွင် တောင်ကမ်းပါးယံ၊ သာစည်-ရွှေညောင် ကားလမ်းတို့နှင့် ထိပ်တိုက်တွေ့ဆုံနေသဖြင့် နန်းနွတ်ချောင်းအောက်သို့ ကွေ့ဆင်းကာ တံတားအောက်မှ ပြန်လည်ဖြတ်သန်း၍ နှစ်ထပ်ပုံစံ တည်ဆောက်ထားခြင်းကြောင့် ကြည့်ကောင်းပြီး “အထက်မှ အောက်” “အောက်မှ အထက်” “အနိမ့်မှ အမြင့်” “အမြင့်မှ အနိမ့်”သီချင်းစာသားနှင့် ကိုက်ညီပြီး အကယ်ဒမီဆုများစွာရရှိခဲ့သည့် ဇာတ်ကားကြောင့် ထင်ရှားသည့် တံတားတစ်စင်းဖြစ်သလို နှစ်ပေါင်း ၈၆ နှစ်ခန့်ရှိပြီဖြစ်၍ ရှမ်းပြည်နယ်တောင်ပိုင်းသို့ ကားဖြင့် (သို့မဟုတ်) ရထားဖြင့် လာရောက်လည်ပတ်နိုင်သည့် နေရာတစ်ခုဖြစ်သည့်အပြင် ၎င်းနေရာမှ ရွှေညောင်ချိုင့်ဝှမ်းနှင့် တောင်ကြီးတောင်တန်းအား လှပတင့်မောဖွယ်ရာ တွေ့မြင်နိုင်ကြောင်း သတင်းကောင်းပါးရပြန်သည်။

ဒုတိယတံတားတစ်စင်းကတော့ မန္တလေး-လားရှိုးမီးရထားလမ်းပိုင်းပေါ်ရှိ ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ဂုတ်ထိပ်ကျေးရွာအနီးရှိ ဂုတ်ထိပ်ချောင်း(သို့မဟုတ်)မိုင်းတင်ချောင်းအား ဖြတ်သန်းတည်ဆောက်ထားသည့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံး မီးရထားတံတားတစ်စင်းဖြစ်သည့် ဂုတ်ထိပ်တံတားပင်ဖြစ်သည်။ အဆိုပါတံတားအား ၁၉၀၁ ခုနှစ်အထိ အမေရိကန်နိုင်ငံ ပင်ဆယ်လ်ဗေးနီးယားနှင့် မေရီလန်းတံတားဆောက်လုပ်ရေးကုမ္ပဏီက တည်ဆောက်ခဲ့ပြီး တံတားအမြင့်ပေ ၁၁၀၀ ရှိကာ အလျား ၂၂၆၀ ပေ၊ သံမဏိတန်ချိန် ၄၃၁၁ တန်နှင့် သံမှိုပေါင်း ၁၀ သိန်းကျော် သုံးစွဲထားခဲ့ကြောင်း သိရသည်။ ထိုတံတားတန်ဖိုးမှာ အိန္ဒိယရူပီးငွေ ၁၆၉၈၂၀၀ ဖြစ်ကြောင်းနှင့် တံတားအား သံမဏိတိုင် ၁၆ တိုင်ဖြင့် ထောက်မတည်ဆောက်ထားပြီး အမြင့်ဆုံးတိုင်မှာ တိုင်အမှတ် ၁၂ ဖြစ်ကြောင်း သိရသည်။ အဆိုပါ ဂုတ်ထိပ်တံတားအား မဖြတ်သန်းမီ ပြင်ဦးလွင်မှ ထွက်ခွာလာသည့် မီးရထားသည် ဂုတ်ထိပ်ဘူတာသို့ ဦးစွာရောက်ရှိသည်။ နောင်ချိုဘူတာမှ ဂုတ်ထိပ်ဘူတာသည် အဆင်းဖြစ်ပြီး တစ်နာရီခန့် အကွေ့အကောက်များဖြင့် တောင်ကိုပတ်ပြီး ခုတ်မောင်းရသည်။ ၎င်းနောက် ဂုတ်ထိပ်ဘူတာမှ ရထားထွက်ခွာပြီး ကမ္ဘာကျော်သံမဏိတံတားကြီးအား အသည်းတယားယားရင်တဖိုဖိုဖြင့် ၁၅ မိနစ်ခန့် ဖြတ်သန်းမောင်းနှင်ပြီး သဘာဝကျောက်နံရံကြီးအား ဖောက်ထွင်းတည်ဆောက်ထားသည့် ၁၉၀၀ ပြည့်နှစ်တွင် တည်ဆောက်ခဲ့သည့် အလျား ၃၅၂ ပေ၊ အမြင့် ၁၈ ပေ၊ အကျယ် ၁၇ ပေ ၆ လက်မ၊ အကျယ် ၁၇ ပေရှိသည့် လိုဏ်ဂူအမှတ်(၇)အား ထပ်မံဖြတ်သန်းပြီး တောင်ကြောအတိုင်းပတ်၍ ဆက်လက်တက်ခဲ့ရာ နောင်ပိန်ဘူတာရောက်မှ အတက်ဆုံးပေတော့သည်။ ၎င်းခရီးသည်လည်း တစ်နာရီကျော်ခန့်ကြာမြင့်သည်။

စာရေးသူသည် လားရှိုး၌ တာဝန်ထမ်းဆောင်စဉ် ၁၉၉၀ ပြည့်နှစ်များတွင် ၎င်းဂုတ်ထိပ်တံတား၌ လုံခြုံရေးတာဝန်ထမ်းဆောင်ခဲ့ဖူးပြီး ထိုစဉ်ကဖောက်လုပ်ပြီးစ ဂုတ်ထိပ်တံတားလမ်းလွှဲနှင့် တံတားအားလည်းကောင်း၊ ဂုတ်ထိပ်ဘူတာမှ နောင်ပိန်ဘူတာသို့လည်းကောင်း နေ့စဉ်လမ်းတစ်လျှောက် လုံခြုံရေးဆောင်ရွက်ခဲ့ရပြန်သဖြင့် နှစ်ပေါင်း ၁၁၂ နှစ် သက်တမ်းရှိသည့် တံတားကြီးအတွက် ဂုဏ်ယူစွာတင်ပြရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်။ ထိုအချိန်က ဆင်ခြေလျှောမှ ရထားလမ်းလွှဲတစ်ခု ဖောက်လုပ်ခဲ့ရာ လမ်းပိုင်းမြေသားများ ခံနိုင်မှုအားနည်းခြင်း၊ ရထားလမ်းအချိုးအကွေ့များ သတ်မှတ်ဒီဂရီထက်များခြင်း၊ အတက်အဆင်းမတ်စောက်ခြင်း၊ တောင်ကမ်းပါးယံများ လှီးဖြတ်ထားရာတွင် ကျဉ်းမြောင်းသဖြင့် အချို့နေရာများတွင် ရထားယိမ်းသည်နှင့် တွဲနှင့် တိုက်မိခြင်း၊ ဂုတ်ထိပ်ချောင်းဖြတ် ဘေလီတံတား၏ ခံနိုင်မှုအားနည်းခြင်းစသည့် အကြောင်းများကြောင့် လမ်းလွှဲအား ဖောက်လုပ်ခဲ့သော်လည်း အသုံးမပြုနိုင်ခဲ့ကြောင်း တွေ့ရပါသည်။ ဂုတ်ထိပ်တံတားကြီးအား ဒုတိယကမ္ဘာစစ်အတွင်းက မဟာမိတ်တပ်များက သံမဏိမုတ်ခုံး(၂/၅)တို့ကို ဗုံးကြဲဖျက်ဆီးခဲ့သဖြင့် ဂျပန်တို့က ပြန်လည်ပြုပြင်ခဲ့ပြီး ဂျပန်တို့ ဆုတ်ခွာစဉ် သံမဏိခုံးအမှတ် (၉/၁၀/၁၁/၁၂)တို့ကို ဖြိုဖျက်ခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။ တံတားကြီးအား ၁၉၄၇ ခုနှစ်မှ ၁၉၄၉ ခုနှစ်အထိ အကြီးစားပြင်ဆင်မှုများ ပြုလုပ်ခဲ့ပြီး ၁၉၉၁၊ ၁၉၉၅၊ ၂၀၀၀၊ ၂၀၁၂ ခုနှစ်တို့တွင် ဇလီဖားတုံးများလဲလှယ်ခြင်းနှင့် ၂၀၁၃ ခုနှစ် မတ်လတွင် တိုင်အမှတ်(၁၀)၊ (၁၂)တို့အား ငွေမင်ရောင်ဆေးသုတ်ခြင်းနှင့် ကြံ့ခိုင်မှုအား အစဉ်မပြတ်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

မည်သို့ပင်ဆိုစေ ယခုတင်ပြခဲ့သည့် တံတားနှစ်စင်းသည် သက်တမ်း(၈၀)နှင့် (၁၀၀)ကျော်ကာလအတွင်းရှိသည့် ကိုလိုနီခေတ်ဗိသုကာလက်ရာများဖြင့် တည်ဆောက်ထားကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် သာစည်-ရွှေညောင်လမ်းပိုင်းနှင့် မန္တလေး-လားရှိုးလမ်းပိုင်းများတွင်ရှိသည့် လိုဏ်ဂူများသည် တံတားများ၊ ရထားလမ်းများနှင့်အတူ သမိုင်းအထောက်အထားများအရ လူလုပ်လိုဏ်ဂူများဖြစ်၍ သမိုင်းတွင်အရေးပါသည့် အခန်းကဏ္ဍမှပါဝင်ကြောင်း တွေ့ရပေသည်။ ထို့အပြင် ယခုအချိန်အထိ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးတို့အတွက် အစားထိုးမရနိုင်သေးသည့် ရှေးဟောင်းသမိုင်းဝင်တံတားများဖြစ်၍ သဘာဝခရီးသွားနေရာများအဖြစ်ဖန်တီးပြီး ထိန်းသိမ်းစောင့်ရှောက်သင့်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

**တံတားအား ၁၉၀၁ ခုနှစ်အထိ အမေရိကန်နိုင်ငံ ပင်ဆယ်လ်ဗေးနီးယားနှင့်မေရီလန်းတံတားဆောက်လုပ်ရေး ကုမ္ပဏီက တည်ဆောက်ခဲ့ပြီး တံတားအမြင့်ပေ ၁၁၀၀ ရှိကာ အလျား ၂၂၆၀ ပေ၊ သံမဏိတန်ချိန် ၄၃၁၁ တန်နှင့် သံမှိုပေါင်း ၁၀ သိန်းကျော် သုံးစွဲထားခဲ့ကြောင်း သိရသည်။ ထိုတံတားတန်ဖိုးမှာ အိန္ဒိယရူပီးငွေ ၁၆၉၈၂၀၀ ဖြစ်ကြောင်းနှင့် တံတားအားသံမဏိတိုင် ၁၆ တိုင်ဖြင့် ထောက်မတည်ဆောက်ထားပြီး အမြင့်ဆုံး တိုင်မှာ တိုင်အမှတ် ၁၂ ဖြစ်ကြောင်း**

ဘဝသံသရာတံတားပေါ်မှ ရထားဖြတ်သန်းခုတ်မောင်းနေပုံ



»» အထူးကဏ္ဍ [ ယ ] မှ

ဆယ့်နှစ်လရာသီရေထွက်ခြင်း၊ ၎င်းမှ ပေ ၂၀၀ အကွာတွင် အုတ်ရေကန်တစ်ခု တည်ဆောက်ထားပြီး ယားယံဝေဒနာရှင်များ၊ မျက်စိဝေဒနာရှင်များ ရေကိုချိုးခြင်း၊ မျက်စဉ်းခတ်ခြင်းဖြင့် ဝေဒနာပျောက်ကင်းခြင်း၊ ရေစင်ကိုဆောင်ထားပါက လာဘ်လာဘကောင်းမွန်ခြင်း၊ အန္တရာယ်ကင်းခြင်း၊ စေတီတော်၏မုခ်များတွင် ကိန်းဝပ်စံပယ်နေသော ရုပ်ပွားတော်များအား သီတင်းသုံးသည့်မုခ်များတွင်သာ အစဉ်အမြဲကိန်းဝပ်စံပယ်စေရခြင်း၊ ပင့်ဆောင်သောအခါ၌လည်း ရှေ့နောက်တွဲစဉ်များအတိုင်း ပင့်ဆောင်ရခြင်း၊ ဘုရားကြီးတောင်ဘက်မုခ်၌ ဘုရားအား မျက်နှာမူ၍ စောင့်ရှောက်နေသော ဘီလူးရုပ်တု ငါးခုရှိခြင်း၊ ခေါင်းသုံးလုံးပါရေဝဏ်ဆင်နှင့် ကြေးရုပ်လူသား စသည့် ဘုရားကြီးနှင့်ပတ်သက်သော ထူးခြားမှုအများအပြားရှိပေသည်။

ရာသီဥတုသာယာလှပသောအခါ နွေဦးစ တပေါင်းလတွင် ပေါ်ကြိုဘုရားပွဲတော်ကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ နှစ်ပေါင်းအတော်ကြာလှပြီဖြစ်သည်။ ယခုနှစ် ပေါ်ကြိုဘုရား တပေါင်းပွဲတော်ကို ၁၃၈၀ ပြည့်နှစ် တပေါင်းလဆန်း ၁၀ ရက်မှ တပေါင်းလပြည့်နေ့ (မတ် ၁၅ ရက်မှ ၂၀ ရက်)အထိ ခြောက်ရက်တိုင် ရှမ်းကဇာတ်၊ မြန်မာအငြိမ့်၊ ရိုးရာယဉ်ကျေးမှုပဒေသာကပွဲများ၊ စင်တင်တေးဂီတနှင့် အခြားပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

ဘုရားပွဲတော်သို့ မြန်မာနိုင်ငံအရပ်ရပ်မှ ကလေးသူငယ်၊ လူငယ်တို့မှအစ သက်ကြီးရွယ်အိုများအထိ ကုသိုလ်ယူပါဝင်ဆင်နွှဲသည့်မြင်ကွင်းနှင့် ရှမ်းအိုးစည်၊ မောင်းဆိုင်းများ တီးခတ်ရင်း ရှမ်းတိုင်းရင်းသူ လှပျိုဖြူလေးများ၏ ရှမ်းကပဟန်နှင့်အတူ ရိုးရာဓလေ့ထိန်းသိမ်းကြပုံတို့ကို အဆိုတော်ရုပ်ရှင်မင်းသားကြီး(ဦး)ဝင်းဦး သီဆိုခဲ့သည့် “ပေါ်ကြိုသဘင်” သီချင်းမှ စာသားလေးများက သက်သေပြနေဆဲပင်ဖြစ်သည်။

ပေါ်ကြိုဘုရားပွဲတော်သို့ ပြည်မဒေသမှ အဝတ်အထည်လူသုံးကုန်ပစ္စည်းများ လာရောက်ရောင်းချသည့်အပြင် ရှမ်းပြည်နယ် မြို့နယ်အသီးသီးမှလည်း ၎င်းတို့ဒေသထွက်ကုန်ပစ္စည်းများဖြစ်သည့် ငါးချဉ်၊ ပုစွန်ချဉ်၊ မှျစ်ချဉ်၊ ရေညှိ၊ ပဲပုပ်၊ ရှမ်းငရုတ်၊ သစ်ကြမ်းပိုး၊ ဘူးခါး၊ ကရဝေး၊ ဂုံညင်း စသည့်ပရဆေးများကိုလည်း နှစ်ခြိုက်စွာဝယ်ယူသည့် အလေ့အထကို နှစ်စဉ်တွေ့မြင်ရသည်။

ရှမ်းတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုအတိုင်း ဝတ်စားဆင်ယင်၍ ဘုရားပွဲတော်အတွင်း သွားလာလှုပ်ရှားနေသည့် မြင်ကွင်းကို တွေ့မြင်ရသည်မှာ အရောင်အသွေးစုံ ပန်းခင်းကြီးအတွင်းသို့ ရောက်ရှိသွားသည့်အလား ခံစားရမည်ဖြစ်သည်။ဘာသာတရားကိုင်းရှိုင်းမှုနှင့် အလှူအတန်းရက်ရောမှုတို့တူညီသော်လည်း တိုင်းရင်းသားများက မိမိတို့ရိုးရာယဉ်ကျေးမှုဓလေ့များအတိုင်း ပေါ်ကြိုဘုရားပွဲတော်သို့ နှစ်စဉ်လာရောက်နွှဲပျော်နေသည့်အတွက် ပေါ်ကြိုဘုရားပွဲတော်သည် တောင်ပေါ်မြေပြန့် ရိုးရာယဉ်ကျေးမှုဓလေ့များဆုံစည်းရာ ပွဲတော်တစ်ခုအဖြစ် အမြဲထာဝရရှင်သန်နေမည်ဖြစ်ကြောင်း တင်ပြရပါသတည်း။ ။

# တောင်ပေါ်နှင့် မြေပြန့်ရိုးရာယဉ်ကျေးမှုများဆုံစည်းရာ ပေါ်ကြိုဘုရားပွဲတော်

စိုင်းသာလှိုင်(လိမ္မော်မြေ)



ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ ပေါကြွယ်ဝလှသည့် မိမိတို့မြန်မာနိုင်ငံတွင် ဆယ့်နှစ်လရာသီ၌ သက်ဆိုင်ရာရိုးရာပွဲတော်များကို သမိုင်းအစဉ်အဆက်ကျင်းပလာခဲ့သည်မှာ ယနေ့မျက်မှောက်ကာလတိုင်ပင်ဖြစ်သည်။ ဆယ့်နှစ်လရာသီပွဲတော်များအပြင် မိမိတို့ဒေသရှိ တန်ခိုးကြီးဘုရားများ၌လည်း ဘုရားပွဲတော်များကို ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းနှင့်အညီ ပျော်ပွဲ၊ ရွှင်ပွဲများထည့်သွင်းပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနေကြသည်ကို နိုင်ငံတစ်ခွင်တွေ့မြင်နေရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်သည် ရှေးဟောင်းဘုရား၊ ပုထိုး၊ စေတီအများအပြား တည်ထားကိုးကွယ်ရာဌာနဖြစ်သကဲ့သို့ နိုင်ငံကျော်ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီးပေါ်ကြိုဘုရားကြီးသည် သီပေါမြို့၏ အနောက်ဘက်ခြမ်း မန္တလေး - သီပေါ - လားရှိုး - မူဆယ် ပြည်ထောင်စုလမ်းမကြီးနှင့် မီးရထားလမ်းအကြား ဒုဋ္ဌဝတီမြစ်မြောက်ဘက်အရပ်တွင် တည်ရှိသည်။

ပေါ်ကြိုဘုရားကြီးတွင် စေတီတော်နှင့် ရုပ်ပွားတော်များ ပေါင်း၍ ပေါ်ကြိုဘုရားဟု အများပြည်သူတို့သိရှိကြသော်လည်း စေတီတော်၏ ဒါယကာနှင့် ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များ၏ ဒါယကာများမှာ တစ်ဦးစီဖြစ်ကြပြီး တည်ထားကိုးကွယ်ထုလုပ်လှူဒါန်းခဲ့ကြသော နှစ်များမှာလည်း ကွာခြားလျက်ရှိသည်။ ပေါ်ကြိုဘုရား(မုဋ္ဌောစေတီတော်)၏ ဒါယကာမှာ ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် နှစ်ပေါင်း ၂၃၄ နှစ်ကြာသောအခါ ပါဋ္ဌလိပုတ်ပြည်ကြီးနှင့် ဇမ္ဗူဒီပါတစ်ကျွန်းလုံးကို အစိုးရတော်မူသော သီရိဓမ္မာသောကမင်းကြီးဖြစ်သည်။

တတိယသင်္ဂါယနာတင်ပြီးကာလ သာသနာတော်သက္ကရာဇ် ၂၀၀ နှင့် ၃၀၀ ကြားတွင် မုဋ္ဌောစေတီတော်ကို တည်ထားကိုးကွယ်ခြင်းဖြစ်ရာ ရှမ်း၊ ပလောင်၊ ကချင်၊ ဗမာ၊ မွန်၊ ရခိုင်စသည့် လူမျိုးများ၏ လုပ်အားဒါနဖြင့် တည်ထားခဲ့ခြင်းဖြစ်ပြီး စေတီတော်၏ ဘွဲ့တော်မှာ မုဋ္ဌောစေတီဖြစ်သည်။ သီရိဓမ္မာသောကမင်းကြီးသည် စေတီတော်ကို ရေကန်အလယ်တွင် ရွှေ၊ ငွေ၊ ကြေး၊ အုတ်တို့ဖြင့် မြေစိုက်ပန္နက်တော်ချ၍ မွေတော်စစ်ကို ဌာပနာလျက် တည်ဆောက်ခဲ့ပြီး ဘွဲ့တော်ကိုလည်း မုဋ္ဌောစေတီဟု သမုတ်ခဲ့ပေသည်။ ပေါ်ကြိုဘုရားကြီးတည်ထားရာ နေရာသည် ဘုရားအလောင်း နစဉ်ဘဝ ဝက်ဖြူမင်းဖြစ်စဉ် ရေအိုင်နေရာ၌ စေတီတော်တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ပေသည်။

ဘုရားကြီး၏ မုခ်လေးမုခ်၌ ကိုးကွယ်ထားသည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၏ ဒါယကာမှာ ခရစ်နှစ် ၁၁၇၄ ခုနှစ် မြန်မာသက္ကရာဇ် ၅၃၆ ခုတွင် ပုဂံပြည့်ရှင်မင်း ယဉ်နရသိင်္ခ၏ညီတော် နရသူ၏သားတော် နရပတေ့စည်သူမင်းကြီးဖြစ်သည်။

ဘုရားကြီး၏ မုခ်လေးမုခ်၌ တိုင်းရင်းသားများ ဆည်းကပ်ကိုးကွယ်နိုင်ရန်နှင့် ရှမ်းပြည်နယ်တစ်ခွင်သို့ နရပတေ့စည်သူမင်းကြီးက ဗုဒ္ဓလက်ဆောင်မွန်အဖြစ် သာသနာတော်ထွန်းကားပြန့်ပွားစေရန် ရည်သန်၍ စံကားကိုးပိုင်း ဗုဒ္ဓရုပ်ပွားတော်များထုလုပ်လှူဒါန်းခဲ့ရာ ပေါ်ကြိုဘုရားကြီး၌ ကိုးကွယ်ပူဇော်ထားသော ဗုဒ္ဓရုပ်ပွားတော်များလည်း အပါအဝင်ဖြစ်ပေသည်။

ပေါ်ကြိုဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို ယခင်က နှစ်စဉ်တပေါင်းလဆန်း ၇ ရက်မှ တပေါင်းလပြည့်ကျော် ၁ ရက်အထိ ကျင်းပခဲ့သည်။ ထို့နောက် ပွဲတော်ကို တပေါင်းလဆန်း ၁၀ ရက်မှ တပေါင်းလပြည့်ကျော် ၁ ရက်အထိ ပြောင်းလဲကျင်းပခဲ့ရာ ယနေ့တိုင်အောင်ဖြစ်ပေသည်။

ဘုရားကြီးနှင့်ပတ်သက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဆရာတော်ကြီး (၆-၇-၂၀၁၀)ရက်က ပေါ်ကြိုဘုရားကြီးသို့ ကြွရောက်ခဲ့စဉ် ပေါ်ကြိုဘုရားကို ဘော်များကြိုချက် သွန်းလောင်းထားသဖြင့် ဘော်ကြိုဘုရားဟုခေါ်တွင်ခြင်း ဟုတ်၊ မဟုတ် မေးမြန်းခဲ့ပါသည်။ ပေါ်ကြိုဘုရား၏ ဘွဲ့တော်သည် ကာလရွေ့လျောလာသည်နှင့် အမျှ ပေါ်ကြိုမှ ဘော်ကြိုသို့ ပြောင်းလဲခဲ့သဖြင့် နားလည်မှုလွဲမှားစရာ ဖြစ်လာခဲ့ပါသည်။ ထို့ကြောင့် မူလဘွဲ့တော် ပေါ်ကြိုဟုသာ ခေါ်င်းစဉ်တပ်လျက် ပေါ်ကြိုဘုရားသမိုင်းကို ဂေါပကအဖွဲ့က ပြုစုပြီးဖြစ်ပါသည်။ (စကားချပ်)

ပေါ်ကြိုဘုရားကြီး၏ ထူးခြားမှုများအဖြစ် ပရိဝုဏ်အတွင်း အနောက်မြောက်ထောင့်၌ ပေါက်လျက်ရှိသောစံကားပင်မှာ စေတီတော်၏ပြာသဒ်ထီးတော်အမြင့်ထက်သို့ မည်သည့်အခါမျှ တက်မသွားခြင်း၊ ဘုရားကြီး၏ အနောက်တောင်ထောင့်အရပ် နွှင်စေတီတော်၏အောက်မှ ရေစီးဆင်းနေပြီး

အထူးကဏ္ဍ [ ၈ ] သို့ »»

## ကြက် ရခိုင်ချက်





ရာသီဥတုက ပူပြင်းလာသည်မို့ ထမင်းစားမယ်ဆိုရင် ချဉ်၊ ငန်၊ စပ်ပဲဖြစ်ဖြစ်၊ အရည်သောက်လေးဖြစ်ဖြစ်ပါမှ အဆင်ပြေလှသည်။ ဒီတစ်ပတ်အတွက် ရိုးရာဟင်းများထဲက ကြက်ရခိုင်ချက် သို့မဟုတ် ကြက်သောက်စမ်းလေးကို တင်ပြလိုက်ပါတယ်။

ရခိုင်လူမျိုးတို့ ဟင်းချက်ရာတွင် မပါမဖြစ်ထည့်၍ ချက်ပြုတ်လေ့ရှိသည့် စိမ်းစားငါးပိတွင် ရေ၊ ပရိုတင်းနှင့် တွင်းထွက် သတ္တုဓာတ်များပါရှိ ပါတယ်။ တွင်းထွက်သတ္တုဓာတ်များအနက် ဆားအပြင် ကယ်လ်ဆီယမ်နှင့် ဖော့စဖောရပ်ခေါ် ဒြပ်စင်များပါရှိ၍ ခန္ဓာကိုယ်ရှိ အရိုးများကို ခိုင်မာစေပါတယ်။ ထို့ပြင် သွေးကောင်းရန်အတွက် သံဓာတ်လည်း ပါရှိပါတယ်။ ထိုဟင်းအမည်ထဲတွင်ပါရှိသော မန်ကျည်းသီးမှာလည်း မကောင်းတဲ့ ကိုလက်စထရောကို ဖယ်ရှားနိုင်တဲ့ စွမ်းရည်ရှိတာကြောင့် နှလုံးသွေးလည်ပတ်မှုများကိုလည်း ကျန်းမာရေးအတွက် ကလေး၊ လူကြီး၊ အရွယ်သုံးပါးမရွေး စားသုံးရန် သင့်တော်ပါတယ်။ ဒါကြောင့် ကြက်ရခိုင်ချက် သို့မဟုတ် ဟင်းရည်နဲ့ စားချင်သူများအတွက် အရည်နဲ့လည်း ချက်နိုင်တာမို့ ကြက်သောက်စမ်းအဖြစ် စားသုံးနိုင်ပါတယ်။

**ပါဝင်ပစ္စည်းများ**

| | | |
|---|---|---|
| ကြက်သား | - | ၂၅ကျပ်သား |
| မန်ကျည်းသီးစိမ်း | - | ၅ကျပ်သား |
| စပါးလင် | - | နှစ်ပင် |
| စိမ်းစားငါးပိ | - | ကွမ်းသီးလုံးခန့် |
| ငရုတ်သီးစိမ်း | - | အနည်းငယ် |
| ကြက်သွန်ဖြူ | - | နှစ်လုံး |
| ကြက်သွန်နီ | - | တစ်လုံး |
| နံနံပင် | - | တစ်စည်း |
| မြေပဲဆီ | - | အနည်းငယ် |
| နနွင်း | - | အနည်းငယ် |
| ဆား | - | အနည်းငယ် |
| ဟင်းခတ်မှုန့် | - | အနည်းငယ် |

**ပြုလုပ်နည်း**

ကြက်သားကို အနေတော်အတုံးလေးများတုံးပြီး သန့်စင်အောင်ရေဆေးကာ ဆား၊ နနွင်း၊ ဟင်းခတ်မှုန့်အနည်းငယ်ထည့်၍ အရသာဝင်အောင် ဆုပ်နယ်ပြီး ခဏနှပ်ထားပါ။ တစ်ဆက်တည်း ကြက်သွန်ဖြူ/နီ အခွံသင်ထားပါ။ အခွံသင်အစေ့ထုပ်ထားသည့် မန်ကျည်းသီးစိမ်းနှင့် ငရုတ်သီးစိမ်းကို ရေဆေးထားပါ။ အကယ်၍ မန်ကျည်းသီးစိမ်းမရှိလျှင် (မန်ကျည်းသီးအမှည့် အသုံးပြုနိုင်ပါတယ်)။ စပါးလင်အပေါ်က အခွံကြမ်းခွာပြီး နုပ်နုပ်လှီးထားပါမယ်။ ပန်းကန်တစ်လုံးထဲတွင် ထောင်းထားသည့် မန်ကျည်းသီး၊ ငရုတ်သီးစိမ်းတို့နှင့်အတူ စိမ်းစားငါးပိ ကွမ်းသီးလုံးခန့်၊ ဆား၊ ဟင်းခတ်မှုန့်၊ ရေအနည်းငယ်တို့ထည့်ပြီး သမအောင်ဖျော်ထားပါမယ်။ စပါးလင်၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီတို့ကိုရော၍ ညက်အောင်ထောင်းပါ။ နှပ်ထားသော ကြက်သားကို မီးအပူချိန်နည်းနည်းနှင့် လှော်ပါ။ သွေ့လာပြီဆိုင်လျှင် ဆီအနည်းငယ်ထည့်ပြီး ထောင်းထားတဲ့ စပါးလင်၊ ကြက်သွန် ဖြူ/နီတို့ကို ထည့်ပြီး သမအောင်မွှေပါ။ ဟင်းအနံ့ထွက်လာလျှင် ဖျော်ထားတဲ့ မန်ကျည်းရည်ကိုထည့်ပြီး အရည်ခန်းအောင် ချက်ပါမယ်။ အကယ်၍ ကြက်သောက်စမ်း စားချင်တယ်ဆိုရင်တော့ အရည်ကျန်လေးချက်ပါ။ ဟင်းအိုချတော့မယ်ဆိုရင် နံနံပင်အုပ်ပြီး ကြက်ရခိုင်ချက်ကို အသင့်စားသုံးနိုင်ပါပြီ။

**ပရိုသီး**

"ရွှေစည်"
အိမ်ပြောင်း၊ အိမ်ရွှေ့နှင့် ကုန်စည်ဝန်ဆောင်မှု လုပ်သားပါ ညှိနှိုင်းဈေးဖြင့် ဝန်ဆောင်မှုပေးသည်။
09-73122029, 09-795669534

KN tech Engineering Group
Air-Con
Ph: 09-400788135
09-762276128

ဆရာ ဦးစိုးထွန်း B.Sc (PURE MATHS)
ဆရာ ဦးကျော်ထွန်း B.E (CHEMICAL)
၅တန်း၊ ၆တန်း၊ ၇တန်း၊ ၈တန်း
သင်္ချာ အင်္ဂလိပ်စာ အထူးသင်တန်း
၉တန်း ၊ ၁၀တန်း အင်္ဂလိပ်စာ နွေ(၃)လ အထူး
TEL: 09 5409013 , 09 5086105

DHS
ဒုတိယမိုင်အထက်တန်းကျောင်း နှင့် ထူးချွန်ကော်ဒါ
(KG မှ တက္ကသိုလ်ဝင်တန်းအထိ)
English (4-Skills) အားအခြေခံသင်ကြားပေးသည်။
Summer Course
PHONE: 09-731 21 329, 09-798 183761, 09-767950830

NEW WORLD BLDG ငှားမည်
09 515 7160
09 96 515 7160
09 76 515 7160
New World Office Page
4RC 85' x 47'
(Sq-ft 14000)



ရောင်းခြည်ထိန်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773

# MANDALAY MYOTHA INDUSTRIAL DEVELOPMENT PUBLIC CO., LTD.

NO. (514/8), 26 Street, Between 59 x 60 Street,
Maha Zayyar Bon Quarter, Aung Myae Thar Zan Township, Mandalay.
Phone Number : 02 - 65958, 82150 Fax: 02 - 82151

ပဉ္စမ အကြိမ်နှစ်ပတ်လည်အထွေထွေအစည်းအဝေးဖိတ်ကြားလွှာ

မန္တလေးမြို့သာစက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်၏ ပဉ္စမ အကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ အားလုံး အစည်းအဝေးတက်ရောက် ချီးမြှင့်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည် –

**အစည်းအဝေး အစီအစဉ်**

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | – | ၂၀၁၉ ခုနှစ်၊ မတ်လ (၂၉)ရက် (သောကြာနေ့) |
| ကျင်းပမည့်အချိန် | – | မွန်းလွဲ (၂)နာရီမှ ညနေ (၄)နာရီအထိ |
| ကျင်းပမည့်နေရာ | – | Mandalay Convention Centre (MCC) မန္တလေးမြို့ ၇၂ လမ်းနှင့် ၁၀၈ လမ်းထောင့် |
| အစည်းအဝေးတက်ရောက်မည့်သူများစာရင်းသွင်းရန် | – | နေ့လည် ( ၁ း ၃၀ ) နာရီ |

အစည်းအဝေးသို့အစုရှယ်ယာရှင်ကတ်(သို့မဟုတ်) အစုရှယ်ယာလက်မှတ်နှင့်တကွ ကြွရောက်ပါရန် အကြောင်းကြားအပ်ပါသည်။ အစည်းအဝေးမတက်ရောက်နိုင်ကြသော အစုရှယ်ယာရှင်များသည် ကြိုတင် ပေးပို့ထားပြီးဖြစ်သော ကိုယ်စားလှယ်လွှဲစာကို MMID ရုံးခန်းသို့ (၂၆–၃–၂၀၁၉) နောက်ဆုံးထား၍ ပေးပို့ရပါမည်။ နှစ်ပတ်လည်အထွေထွေအစည်းအဝေး အစီအစဉ်တွင် အောက်ပါကိစ္စရပ်များကို ဆွေးနွေး ဆုံးဖြတ်ရန် ဖြစ်ပါသည် –

၁။ ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်၏ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများနှင့် ဒါရိုက်တာအဖွဲ့အစီရင်ခံစာကို တင်ပြ အတည်ပြုခြင်း။
၂။ ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်အစီရင်ခံစာကို တင်ပြ အတည်ပြုခြင်း။
၃။ ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက်အမြတ်ဝေစုကိစ္စ ရှင်းလင်း တင်ပြ အတည်ပြုခြင်း။
၄။ ဒါရိုက်တာအဖွဲ့ဝင်များ အလှည့်ကျတာဝန်ထမ်းဆောင်မှုနှင့်ခန့်အပ်မှုအတည်ပြုခြင်း။
၅။ W & Associates Ltd. လက်မှတ်ရပြည်သူ့စာရင်းကိုင်များအား ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ် အတွက် စာရင်းစစ်အဖြစ်ခန့်အပ်ခြင်း။
၆။ အစုရှယ်ယာရှင်များမှမေးမြန်းသည့်မေးခွန်းများကို BOD အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများမှ ရှင်းလင်း ဖြေကြားခြင်း။

အမှုဆောင်ဒါရိုက်တာအဖွဲ့
MMID Public Co., Ltd.

ကိုယ်ရေးအရာရှိ ကျား(၁)ဦး
· P.S.O အတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိသူဖြစ်ရမည်။
· ရုံးမှုထမ်းဟောင်း၊ စစ်မှုထမ်းဟောင်း(DSAဆင်း) များအား ဦးစားပေးမည်။
· (အခြေခံလစာ+Bonus ·ပိသိန်း)
စိတ်ပါဝင်စား၍ လျှောက်ထားလိုသူများသည် CV Form(၁)စုံ၊ (၃) လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့ဆိုဒ်ဓာတ်ပုံ(၁)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူတို့နှင့် အတူ ကြော်ငြာပါသည့်နေ့မှစ၍ အမှတ်(၉၈)၊ အောက်ဗဟိုလမ်းနှင့် မာလာမြိုင်(၇)လမ်းထောင့်၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ Email ဖြင့်သော်လည်းကောင်း ပေးပို့လျှောက်ထားနိုင်ပါသည်။
Email Address-admin@myanmarkyawinvestmentgroup.com
ဖုန်း-၀၉-၇၃၂၂၀၀၄၇၊ ၀၉-၄၄၄၂၀၀၄၇

"ဖြိုးသစ္စာ"
ဒုံမြို့သစ် တောင်ပိုင်း၊ မြောက်ပိုင်း ဆိပ်ကမ်း၊ အရှေ့ပိုင်း မြေကွက်များ ဝယ်လိုပါသည်။
09-448123778
09-420211264
09-420298279

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
အိမ်သုံးသန့်သန့်
၁။ Hijet 2006,2wd/4wd AUTO P/S,A/C (လူအမည်ပေါက်)4M.Bgo
၂။ Hijet2006,2wd/4wd AUTO P/S,A/C(1L.Mdy) လူအမည်ပေါက်၊ အဖိုး/ခြေနင်းပါ
၃။ Honda Fit ge6,2011,Pearl White G4,KM45**** (ရပ်ထားသောကား)
(L)တစ်ခြမ်း (YGNလူအမည်ပေါက်) 4Q/13**
ဆက်သွယ်ရန်-09-254249505,09-32018660,09-782030011, 09-765131080

ကိုရဲ
ဒုံအရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်း၊ ရွှေပေါက်ကံမြို့နယ်များရှိ မြေကွက်များဝယ်လိုပါသည်။
09421120927
0973111472

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၊ ၂၂/တောင်ရပ်ကွက်၊ မြေကွက်အမှတ်- ၆၈၄၊ ဘောဂမုံလမ်း၊ အမှတ်(၃၆) ရှိ ၃ ခန်းတွဲ ၆ ထပ် အဆောက်အဦး၌ ပေါ်ပေါက်လာမည့် တိုက်ခန်းများနှင့်ပတ်သက်၍ ကန့်ကွက်ကြောင်းကြေညာခြင်း

[illegible]

| စဉ် | တိုက်ခန်းဝယ်ယူသူများ | နေရပ်လိပ်စာ | ဝယ်ယူထားသည့် တိုက်ခန်း | အရေအတွက် |
|---|---|---|---|---|
| ၁ | [illegible] | [illegible] ရန်ကုန်မြို့ | [illegible] C | ၁ ခန်း |
| ၂ | [illegible] | [illegible] ရန်ကုန်မြို့ | [illegible] C | ၁ ခန်း |
| ၃ | [illegible] | [illegible] ရန်ကုန်မြို့ | [illegible] B | ၁ ခန်း |
| ၄ | [illegible] | [illegible] ရန်ကုန်မြို့ | [illegible] B နှင့် [illegible] C | ၂ ခန်း |
| ၅ | [illegible] | [illegible] ရန်ကုန်မြို့ | [illegible] B | ၁ ခန်း |
| ၆ | [illegible] | [illegible] ရန်ကုန်မြို့ | [illegible] C | ၁ ခန်း |

[illegible] (LL.B, LL.M)
[illegible]
Ph: 09 425272161, 09 761531961

ပထမဆုံး မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည်
အရောင်းပို
တပ်ဆင်
ရှင်းပြ
Since 2001
နေရာတိုင်းဆောင်ထား
Rain Flower
5 Year Warranty
အလုံ
ဖုန်း - ၀၉-၄၃၁၀၀၈၁၀
- ၀၉-၄၃၁၀၀၈၁၀
- ၀၉-၄၅၁၇၃၀၀၅
- ၀၉-၄၅၁၇၃၀၀၆
မြောက်ဥက္ကလာပ
ဖုန်း - ၀၉-၄၃၁၅၄၆၇
- ၀၉-၄၅၁၇၃၀၀၈
ပင်လုံလမ်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)
ဖုန်း - ၀၉-၄၅၁၇၃၀၀၂
- ၀၉-၅၈၃၉၇၈၈၁
၉-မိုင် ပြည်လမ်း
ဖုန်း - ၀၉-၄၃၀၄၉၃၅၆
ပေါက်တောဝ၊ အင်းစိန်
ဖုန်း - ၀၉-၅၇၁၂၆၀၄၇
- ၀၉-၃၁၄၇၀၆၅
နေပြည်တော် မန္တလေး
ဖုန်း - ၀၉-၄၉၂၀၈၈၀ ဖုန်း - ၀၉-၅၂၀၀၈၄၂၂
- ၀၉-၃၀၀၃၆၂၆၀ - ၀၉-၅၂၆၅၀၀၄၁၃



